
# ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (10-4-2015) (၈၁၇၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)




မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရာ ပြည်တွင်း ပြည်ပဧည့်သည်များ အများဆုံး လာရောက်လည်ပတ်ဖူးမြော်ကြသည့် မွန်ပြည်နယ်မှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် ယခုနှစ်၌ ခရီးသွားများ ယခင်နှစ်ထက် ပိုမိုလာရောက်ခဲ့ကြသည်။ *(သတင်း စာမျက်နှာ - ၉)* (ဓာတ်ပုံ-ဗီယက်နမ်ခရီးသွားလုပ်ငန်း)

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၂/၂၀၁၅)နှင့် (၃/၂၀၁၅) ထုတ်ပြန်

စာမျက်နှာ - ၄



## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချမ်းမြသာစည်မြို့နယ်၌ တန်ဖိုးသင့်အိမ်ရာ ၂၂ လုံး ဆောက်လုပ်မည်

စာမျက်နှာ - ၄

## တရားမျှတမှု၊ အာဏာစက်ရှိမှု၊ လူတိုင်းနားလည်လိုက်နာနိုင်မှု အင်္ဂါရပ်များနှင့်ပြည့်စုံသည့် မြေဥပဒေပေါ်ထွက်လာရေး အလေးထားဆောင်ရွက်

စာမျက်နှာ - ၅




ကြေးမုံ စာတည်းရှေ့ထောင့် ၁၀-၄-၂၀၁၅ [သောကြာနေ့]

# တူညီသည့်ပန်းတိုင် အတူလျှောက်လှမ်း

"မိမိတို့အားလုံးသည် ဒီမိုကရေစီပန်းတိုင်ကို အတူလျှောက်လှမ်းနေကြသူများ ဖြစ်ပါကြောင်း၊ လမ်းကြောင်းအသီးသီးမှ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် သွားနေကြသော်လည်း ရည်မှန်းချက်ပန်းတိုင်သည် တစ်ခုတည်းပင်ဖြစ်ပါကြောင်း၊ တူညီသည့်ပန်းတိုင်ကို ချီတက်ကြသည့်နေရာတွင် အချင်းချင်း နားလည်မှုရှိရှိဖြင့် အတူလက်တွဲ ချီတက်ကြရန်" နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များအား နိုင်ငံတော်သမ္မတက ယမန်နေ့က တိုက်တွန်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားပြည်သူအားလုံး၏ ငြိမ်းချမ်းရေးရလိုသော တူညီသည့်ဆန္ဒကို အခြေခံပြီး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ငြိမ်းချမ်းရေးရောင်ခြည် လင်းလက်လာခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်နှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ငြိမ်းချမ်းရေးအတွက် အပြီးသတ်အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

တစ်ဆက်တည်းတွင် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးသည်လည်း အားလုံး၏တူညီသည့်ဆန္ဒဖြစ်ပါသည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ထွန်းစေရန် အစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံးကလည်း တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံသားများအနေဖြင့် မတူကွဲပြားသည့် အယူအဆများရှိကြမည်ဖြစ်သော်လည်း တူညီသည့်အချက်များ ရှိကြမည်ဖြစ်ပါသည်။ ယင်းတို့မှာ ထာဝရငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲအောင်မြင်ရေး၊ ဒီမိုကရေစီချောမွေ့စွာ အသွင်ကူးပြောင်းရေးတို့ဖြစ်မည်မှာ သေချာပါသည်။ အဆိုပါ တူညီသည့်အချက်များအား တူညီသည့်ဆန္ဒဖြင့် တိုင်းပြည်အတွက် လက်တွဲလုပ်ကြရမည်ဖြစ်ပါသည်။ မတူကွဲပြားသည့် သဘောထားများကို တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ သို့မှသာ ငြင်းခုံမှု၊ ပဋိပက္ခဖြစ်မှုများ လျော့နည်းသွားပြီး တူညီသည့်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

စနစ်သစ်တစ်ခုကို ပြောင်းလဲတည်ဆောက်ကြရာတွင် အတွေ့အကြုံနည်းပါးမှု၊ အလေ့အကျင့်နည်းသေးမှုတို့ကြောင့် ဆန္ဒလောဘများမှတစ်ဆင့် ဆန္ဒဒေါသများဖြစ်တတ်ပါသည်။ အားမလိုအားမရဖြစ်မှု၊ မကျေနပ်မှုများလည်း ရှိကြမည်ဖြစ်ပါသည်။ ယင်းတို့ကို နားလည်သိရှိပြီး တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ကြောင့်ဟု မမှတ်ယူဘဲ အားလုံးတွင်တာဝန်ရှိသည်ဟု နားလည်ပြီး မျှဝေစာနာကြမည်၊ မျှဝေတာဝန်ယူကြမည်ဆိုပါက ပြဿနာများ လျော့နည်းကာ တူညီသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်မှာ သေချာပါသည်။

ယခုအခါ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ ကြီးမားသောတက်လှမ်းမှုတစ်ခုကို အောင်မြင်စွာရရှိခဲ့ပြီဖြစ်ပါသည်။ အပြီးသတ်လက်မှတ်ရေးထိုးရေး အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ သို့မှသာ နောက်တစ်ဆင့်တက်လှမ်းရမည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံမှုများကို ပုံစံမျိုးစုံဖြင့် ပြုလုပ်သွားမည်ဟုလည်း နိုင်ငံတော်သမ္မတက ထပ်လောင်းပြောကြားထားသည်။ တွေ့ဆုံဆွေးနွေးရေးကို မကြာမီအချိန်အတွင်းမှာလည်း ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

သို့ဖြစ်ရာ နယ်ပယ်အသီးသီးတွင် မိမိတို့၏ယုံကြည်ချက်နှင့် မိမိတို့ လျှောက်လှမ်းနေကြသော်လည်း ပန်းတိုင်၊ ဆန္ဒနှင့် ရည်မှန်းချက်တို့မှာ တူညီကြပါသည်။ လက်ရှိတွင် အခြေအနေကောင်းများကိုလည်း ဖန်တီးဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေ့ဆက်၍ တူညီသည့်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိစေရန်အတွက် အားလုံးတူညီသောစိတ်ထားဖြင့် ဒီမိုကရေစီခရီးလမ်းတွင် ညီညီညွတ်ညွတ် အတူလက်တွဲချီတက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု နဝမမြောက်နေ့ လူတွေ့စစ်ဆေးမှုကျင်းပ

**ရန်ကုန် ဧပြီ ၉**

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆု ဒုတိယနှင့်တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့စစ်ဆေးခြင်းကို နဝမမြောက်နေ့(နောက်ဆုံးနေ့)အဖြစ် ယနေ့ဆက်လက်ကျင်းပရာ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ် အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာပညာရပ်ကျောင်းသား ကျောင်းသူ ၃၇ ဦး ဖြေဆိုခဲ့ကြသည်။

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု လူတွေ့စစ်ဆေးခြင်းတွင် ဧပြီ ၁ ရက်မှစ၍ ယနေ့အထိ သက်ဆိုင်ရာ ပညာရပ်ကျောင်းသား ကျောင်းသူ ၇၃၃ ဦးဖြေဆိုကြောင်း၊ လူတွေ့စစ်ဆေးအောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေးကော်မတီက ဆန်ခါတင်ထပ်မံရွေးချယ်၍ နိုင်ငံတကာတက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေး ဘာသာရပ်အလိုက် ထူးချွန်သူများကို ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်မင်္ဂလာအခမ်းအနား ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲအခမ်းအနားနှင့် (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားများကို ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်(ဧပြီ ၁၇ ရက် သောကြာနေ့) နံနက်ပိုင်းမှ စတင်ကာ စေတီတော်ရင်ပြင်သတ်မှတ်နေရာ အသီးသီး၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက် နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက် ညှော့ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူပြီး ရေစက်သွန်းချအမျှပေးဝေခြင်း၊ နံနက် ၇ နာရီတွင် စေတီတော် ဝတ္တကမြေ အနောက်ဘက်ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲ ကျင်းပခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်းတို့ဖြင့် နှစ်သစ်ကိုကြိုဆို ကောင်းမှုကုသိုလ်ပြု ဆောင်ရွက်ကြမည်ဖြစ်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်အာရုံခံတန်ဆောင်း၌ နှစ်သစ်မင်္ဂလာအခမ်းအနားကို စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသား အသင်းသူများက ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၀၉၀၀ | - | ၆၈၁၉၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၀၃၀၀ | - | ၆၈၁၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၄၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၁.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၂.၆၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၁၂၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၈၅.၆၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၇.၂၀၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၁၆.၅၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၄.၃၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ(ထက်၊ လယ်၊ မူ)ကျောင်းများတွင် ကျောင်းဆောင်(၁၈၇)ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၄-၂၀၁၅ ရက် နံနက် ၉း၃၀နာရီ
တင်ဒါပိတ်မည့်ရက် - ၃၀-၄-၂၀၁၅ ရက် ညနေ ၁၆း၃၀ နာရီ
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ - အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး - ရန်ကုန်မြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)၊ အင်ဂျင်နီယာဌာန၊ ဖုန်း(၀၁-၂၁၁၃၄၄၊ ၀၁-၂၁၁၁၉၅)တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အမည်ပြည့်စွက်** မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ်(၂၂၉)နေ ဒေါ်ဘောမ်ထန့်အား ဒေါ်ဘောမ်ထန့်(ခ)နန်းရွှေဇင် ဟုဖြည့်စွက်ခေါ်ပါရန်။

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် အောက်ပါဘဏ်ခွဲအဆောက်အအုံနှင့်ငွေသိုလှောင်ခန်း အဆောက်အအုံတို့ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ပုဗ္ဗသီရိဘဏ်ခွဲ အဆောက်အအုံ
(ခ) ပုဗ္ဗသီရိဘဏ်ငွေသိုလှောင်ခန်း အဆောက်အအုံ
(ဂ) ကမာရွတ်ဘဏ်ခွဲ အဆောက်အအုံ
(ဃ) ကိုကိုးကျွန်းဘဏ်ခွဲ အဆောက်အအုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဆောက်လုပ်မည့် ပုံစံအသေးစိတ်စာရင်းများတို့ကို ၉-၄-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၈-၅-၂၀၁၅ ရက်တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)စီမံခန့်ခွဲရေးဌာန၊ ပစ္စည်းထိန်းဌာနစိတ်၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၂၁၀၃၀၊ ၀၆၇-၄၂၁၀၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါခေါ်ယူရေးကော်မတီ




**ဖခင်အမည်မှန်**

အမှတ်(၅၂)(7-B)၊ သမိန်ဗရမ်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ မောင်နိုင်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးတိုးတိုး ( ၉/ မကန (နိုင်)၀၁၇၉၁၅ ) ဖြစ်ပါကြောင်း။ ဦးတိုးတိုး

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်သွယ်သွယ်ထွန်း (၁၂/တမန(နိုင်)၁၀၃၇၂၈)၏ Custom Statement ID No.724416သည်ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၆၁၄၆၃

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလှမြင့်(၁၂/ဗဟန(နိုင်)၀၇၆၇၄၅)၏ SSA လက်မှတ်သည် ခရီးသွား ရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၃၁၄၇၅၁၁၆

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဟုမ္မလင်း-ခန္တီးခရီးစဉ် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီတဂူစက္ခုဆေးရုံတော်သို့ရောက်ရှိပြီး နိုင်ငံတော်သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများအား လျှုဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ဟုမ္မလင်းမြို့ရှိ မိုးသိန်းအဆင့်မြင့် နှစ်ရှည်သီးနှံပျိုးပင်များ ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ ခန္တီးမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်တွင် ဒေသခံကလေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ချင်းရိုးရာဝတ်စုံ ဂါရဝပြုဝတ်ဆင်ပေးစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခန္တီးမြို့ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးစဉ်။ (ပြန်/ဆက်)

## ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်ခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်အမှတ်(၇/၂၀၁၄)ဖြင့် မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးခြင်းအား ပယ်ဖျက်လိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**jynaxmipdorwjrermEiliawm**
**Eiliawmorw½;**
**(trdetrwf 3^2015)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

**မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါပြဋ္ဌာန်းချက်များအရ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မဟာသင်္ကြန်ကာလအတွင်း လော်ကားသဘာဝဥယျာဉ်ပုံမှန်ဖွင့်လှစ်ထားမည်

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်-လော်ကားသဘာဝဥယျာဉ်ကို ၂၀၁၅ ခုနှစ် ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)အထိ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် ပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လော်ကားသဘာဝဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးမောင်ကိုထံမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**ကွတ်ခိုင် ဧပြီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဖတ်လွန်းကျေးရွာအုပ်စုနှင့် နားနွဲ့ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသား အရည်အချင်းနှင့်ပြည့်မီသူ တိုင်းရင်းသား အသက် (၁၀) နှစ်ပြည့်နှင့် အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိုးပွင့်(အထူး) စီမံချက်အား ကွတ်ခိုင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းဇော်နှင့် ဝန်ထမ်းများက ဧပြီ ၆ ရက် နံနက် ၈ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်သည့် ကျေးရွာအုပ်စုသို့ မူဆယ်ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုက မိုးပွင့် (အထူး) စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံ တိုင်းရင်းသားများအား လာရောက် ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၉၈ ဦးအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချမ်းမြသာစည်မြို့နယ်၌ တန်ဖိုးသင့်အိမ်ရာ ၂၂ လုံးဆောက်လုပ်မည်

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တန်ဖိုးသင့်အိမ်ရာ RC ရှစ်ခန်းတွဲငါးထပ်အဆောက်အအုံ ၂၂ လုံး၊အခန်းပေါင်း ၈၈၀ ဆောက်လုပ် အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ သိရသည်။

တိုင်းဒေသကြီး၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများ ဝန်ထမ်းအိမ်ရာများဖြင့် နေထိုင်တာဝန်ထမ်းဆောင်စေနိုင်ရန်အတွက် မြို့နယ် ၂၄ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ ၅၅ လုံး၊ အခန်း ၇၁၈ ခန်းအား တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောက်လုပ်ရေးစီစဉ်ဆောင်ရွက်ခဲ့ပြီး ချမ်းမြသာစည်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် RC တန်ဖိုးသင့်အိမ်ရာအဆောက်အအုံ ၂၇ လုံး၊ အခန်းပေါင်း ၄၃၂ ခန်းဆောက်လုပ်အကောင်အထည် ဖော်လျက်ရှိရာ ၂၀၁၅ ခုနှစ် မေလကုန်ပြီးစီးရေး တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း တန်ဖိုးသင့်အိမ်ရာ RC ရှစ်ခန်းတွဲများ ဆောက်လုပ် အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။



ထို့ပြင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ခန့်မှန်းတိုးတက်နှုန်းဖြစ်သည့် လာမည့်နှစ် ၃၀ တွင် တိုးတက်လာမည့် လူဦးရေအား ၁ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ဆတိုးရည်မှန်းလျက် ခေတ်မီအဆင့်မြင့် နေထိုင်နိုင်ရေးနှင့် မြေအသုံးချမှုနည်းပါးစေရေးအတွက် တိုးတက်လာသော ခေတ်နှင့်အညီ မြို့များတွင် အထပ်မြင့် အဆောက်အအုံများ တည်ဆောက်၍ လူနေမှုအဆင့်အတန်း တိုးတက်လာစေရန်ရည်ရွယ်လျက် ခရိုင်မြို့ကြီးများအပါအဝင် မြို့နယ်များရှိ မြို့ပေါင်း ၂၃ မြို့အား Town Plan များ ရေးဆွဲရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆိုသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန Town Planner များမှာ မန္တလေး၊ မိတ္ထီလာ၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ညောင်ဦး၊ မြင်းခြံမြို့ကြီး ခြောက်မြို့အတွက် လက်ရှိမြေကွက်အနေအထားအပေါ် မူတည်ပြီး တိုးချဲ့တည်ဆောက်သင့်သည့်ရပ်ကွက်များ၊ လမ်းများ သတ်မှတ်လျက် Town Plan များ ရေးဆွဲပြီးဖြစ်သည်။

Town Plan များရေးဆွဲမှုအနေဖြင့် ကျန်မြို့များတွင်လည်း ရေးဆွဲရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် မြေယာပိုင်ဆိုင်သည့်ပိုင်ရှင်များ ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်အကောင်အထည်ဖော်ရန် နှစ်အလိုက်ဆောင်ရွက်ရေးအပြင် ကျေးရွာများတွင် Village Plan များကိုလည်း ရေးဆွဲရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စတင်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(အောင်ရဲသွင်)**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများစွာရှိနေသည့် မြန်မာ့အိမ်ခြံမြေဈေးကွက်

၂၀၁၅ ခုနှစ်ကို ထွန်းသစ်စ အာရှနိုင်ငံ အများအပြားက ၎င်းတို့၏ အိမ်ခြံမြေဈေးကွက်များတွင် နိုင်ငံခြားသားများ ပါဝင်လာစေရန် လမ်းဖွင့်ပေးသည့်နှစ်အဖြစ် ခန့်မှန်းထားသည်။ တိုင်းပြည်အများစုတွင် နိုင်ငံသားမဟုတ်သူများကို အိမ်ခြံမြေများဝယ်ယူခြင်းမှ ပိတ်ပင်တားမြစ်ထားသည်။ ဥပမာ ဖိလစ်ပိုင်နိုင်ငံတွင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက ဖိလစ်ပိုင်လူမျိုးမဟုတ်သူများအား မြေယာပိုင်ဆိုင်ခွင့်မရှိစေရန် ပိတ်ပင်တားမြစ်ထားသည်။ သို့သော် ထိုပိတ်ပင်တားဖြစ်မှုများနှင့်ပတ်သက်၍ ပြောင်းလဲလုနီးပါး လက္ခဏာများ ရှိလာပြီဖြစ်သည်။

ယခုနှစ်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက် အိမ်ခြံမြေကဏ္ဍများတွင် လမ်းဖွင့်လုနီးပါးဖြစ်သည့် အချေအတင်အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေသော အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့နှင့်အတူ နိုင်ငံခြားသား ပိုင်ဆိုင်ခွင့်ဥပဒေများကို အာရှအခြားနိုင်ငံများတွင်လည်း အလေးပေးလာမည်ဖြစ်သည်။ ယင်းမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမရှိခြင်းမှာ အိမ်ခြံမြေဈေးကွက်တွင် အဓိကကျသော ကန့်သတ်ချက်သုံးမျိုးအနက် တစ်မျိုးဖြစ်သည်ဟု သိမြင်ထားသည့် မြန်မာကဲ့သို့သော တိုင်းပြည်အချို့တွင် အိမ်ခြံမြေအကျိုးတော်ဆောင်များအတွက် သက်သာရာရစေသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။ မကြာသေးမီက မြန်မာအိမ်ခြံမြေဝက်ဘ်ဆိုက် House.com.mm က ပြုလုပ်ခဲ့သော လေ့လာမှုတစ်ရပ်တွင် ၂၄ ရာခိုင်နှုန်းသော အိမ်ရှာဖွေသူများနှင့် အိမ်ခြံမြေအကျိုးတော်ဆောင်များက ပြင်ပရင်းနှီးမြှုပ်နှံမှုမရှိခြင်းကို တစ်ဟုန်ထိုးဈေးနှုန်းမြင့်တက်လာခြင်းမှ အိမ်ခြံမြေဈေးကွက်ကို ကြိုတင်ကာကွယ်စေသော အချက်တစ်ချက်အဖြစ် ဖွင့်ဟခဲ့ကြသည်။

မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ပို၍ဆွဲဆောင်သော တိုင်းပြည်တစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိရာမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံထိ ရှိလာခဲ့သည်။ ကမ္ဘာ့ဘဏ်၏အဆိုအရ ရင်းနှီးမြှုပ်နှံမှုအများစုမှာ စွမ်းအင်ကဏ္ဍ၊ အထည်ချုပ်လုပ်ငန်း၊ အိုင်တီနှင့် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်းများဆီသို့ ဦးတည်သွားခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားမဟုတ်သူများမှာ အိမ်ခြံမြေဝယ်ယူရာ၌ ကြီးမားသော ကန့်သတ်ချက်များ ရင်ဆိုင်နေရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၃၁) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် နှစ် (၅၀) ကာလထိ မြေယာငှားရမ်းနိုင်သည်။ သို့သော်လည်း မကြာသေးမီကပြုလုပ်ခဲ့သော အစိုးရ၏ ပဏာမ ဆောင်ရွက်မှုများက အိမ်ရာဆောက်လုပ်သူများအား ခြောက်လွှာ သို့မဟုတ် ခြောက်လွှာအထက် ကွန်ဒို အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတကာဝယ်လက်များထံ ရောင်းချခွင့်ပြုမည့် ကွန်ဒိုဥပဒေကြမ်းတစ်ရပ်အပါအဝင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများအတွက် အားပေးမှုအချို့ ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ၌ အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများအတွက် အလားအလာကောင်းရှိနေသည်။ House.com.mm က ပြုလုပ်သော စစ်တမ်းတစ်ခုအရ မကြာသေးမီနှစ်များအတွင်း စဉ်ဆက်မပြတ်ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲရေးများကြောင့် အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာခဲ့ကြောင်း သိရသည်။ House.com.mm မှ အချက်အလက်များအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာစေရာတွင် အဓိကကျသော မောင်းနှင်သူအဖြစ် ရှုမြင်ထားသည်။ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံသို့ ပိုမိုဆွဲဆောင်စေသည့် အခြားအချက်မှာ ခရီးသွားကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာမှုများဖြစ်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အားလပ်ရက် အိမ်ခြံမြေအငှားဈေးကွက်များတွင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများအတွက် သိသာထင်ရှားသော အခွင့်အလမ်းတစ်ရပ်ပေးကာ မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားများ ဆိုက်ရောက်မှုကို ၂၀၁၅ ခုနှစ်တွင် ၅ သန်းနှင့် ၂၀၂၆ ခုနှစ်တွင် ၇ ဒသမ ၄၈ သန်းထိ တိုးမြှင့်သွားရန် ရည်ရွယ်ထားသည်။ အထက်ပါ အချက်များအားလုံးနှင့် မြန်မာပြည်သူများ၏ ယေဘုယျဝယ်နိုင်စွမ်းအားကို ကြည့်ပါက မြန်မာ့အိမ်ခြံမြေကဏ္ဍတွင် ပြင်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းကောင်းများ သေချာပေါက်ရှိနေပါသည်။

**(AsiaOne Business News ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် Foreign investment opportunities in Myanmar's property market ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။)**

**မြန်မာ့ရုပ်မြင်သံကြား Entertainment Channel**

**၁၀-၄-၂၀၁၅ (သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၃၀) |
| ၆း၂၀ | ခါသင်္ကြန်အဆို၊ အကများ |
| ၆း၃၅ | “ဂန္ထဝင်အလှမြန်မာရာမ” (အပိုင်း-၈) |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဒဏ္ဍာရီပန်းတစ်ပွင့်” (အပိုင်း-၃၄) |
| ၇း၄၀ | “ရှမ်းတောင်တန်းတွေ သိပါတယ်” (ချမ်းမြေ့ဟိန်း၊ ရာဇာရောင်နီ၊ မေသင်းခိုင်၊ မေသူသူကျော်) (ဒါရိုက်တာ-မေဖူးပွင့်မောင်) |
| ၉း၄၅ | ခါသင်္ကြန်အဆို၊ အကများ |
| ၁၀း၀၀ | မြန်မာဗီဒီယိုဇာတ်လမ်း “တယော” (ဟိန်းဝေယံ၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-လွင်မင်း) |

**တစ်နေ့ (၆)နာရီစာ (၄)ကြိမ်ပြသပါမည်**

# တရားမျှတမှု၊ အာဏာစက်ရှိမှု၊ လူတိုင်းနားလည်လိုက်နာနိုင်မှု အင်္ဂါရပ်များနှင့် ပြည့်စုံသည့် မြေဥပဒေပေါ်ထွက်လာရေး အလေးထားဆောင်ရွက်

နေပြည်တော် မေ ၉

**အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။**(အောက်ပုံ)



ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ လက်ရှိဆောင်ရွက်နေသည့် စီမံခန့်ခွဲမှု၊ ကြီးကြပ်အုပ်ချုပ်မှုနှင့် စစ်ဆေးကြပ်မတ်မှုကို ပြုပြင်ပြောင်းလဲရန် လိုအပ်သင့်လျော်သော အစီအမံများကို ပဏာမရေ့လုပ်ငန်းစဉ်(၃)ရပ်နှင့် စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

၎င်းပဏာမရေ့လုပ်ငန်းစဉ်(၃)ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည့် "ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ်စီမံခန့်ခွဲမှု မူဝါဒဆိုင်ရာအခြေခံမှုများကို အများပါဝင်မှုဖြင့် ချမှတ်ခြင်း" ဆိုသည့် အတိုင်းပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများအား ကွင်းဆင်းတွေ့ဆုံအကြံဉာဏ်များရယူခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် "အဖွဲ့အစည်းများကြား ဆက်စပ်ညှိနှိုင်း၍ မြေအရင်းအမြစ်စီမံမှုဆိုင်ရာ အနာဂတ်အခြေခံအုတ်မြစ်အတွက် ပြင်ဆင်ခြင်း"အဖြစ် ပြည်သူများ၏ အကြံပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတာဝန်ရှိသူများ၊ ပညာရှင်များနှင့်ညှိနှိုင်းပြီး တရားမျှတမှု၊ အာဏာစက်ရှိမှု၊ လူတိုင်းနားလည်လိုက်နာနိုင်မှု အင်္ဂါရပ်များနှင့် ပြည့်စုံသည့် မြေဥပဒေပေါ်ထွက်လာရေး အချိန်ဇယားရေးဆွဲပြီး အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တတိယ လုပ်ငန်းစဉ်ဖြစ်သည့် "ပြည်သူကို ဗဟိုပြုဖွံ့ဖြိုးမှုရလဒ်များဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်း"ကို မြေစာရင်းနှင့် သတင်းအချက်အလက်များကို တစ်နေရာတည်း စုစည်းထားရှိရန် ခေတ်မီနည်းပညာများအသုံးပြုပြီး အများဘုံသုံးနိုင်မည့် (One Map) မြေပုံထုတ်ခြင်း၊ မြေစာရင်းပြုစုခြင်း၊ အများပါဝင်သည့် မြေအသုံးချမှုစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်သုံးသပ်မှုအစီအမံများကို ဆောင်ရွက်ခြင်း၊ မှန်ကန်ကောင်းမွန်သော မြေဈေးကွက်တစ်ရပ် ပေါ်ထွန်းရေးအတွက် မြေတန်ဖိုးသတင်းအချက်လက်များ စုဆောင်းခြင်း၊ မြေခွန်စနစ် ကောင်းမွန်တိုးတက်ရေးအစီအမံများချမှတ်ခြင်း၊ မြေဈေးကစားမှုအန္တရာယ်မှ ကာကွယ်ခြင်းများဖြင့် ဖော်ဆောင်ရန်ဖြစ်ပါကြောင်း။

လယ်ယာမြေ ပြန်လည်နေရာချထားရန် လက်ရှိစမ်းသပ်ဆောင်ရွက်လျက်ရှိသည့် သစ်တောကြိုးဝိုင်းများအတွင်း လယ်မဲ့ယာမဲ့များ ပြန်လည်နေရာချထားရေးအစီအစဉ်ကို အခြေခံပြီး အငြင်းပွားသည့် လယ်မြေပိုင်ဆိုင်မှုပြဿနာများကို ဖြေရှင်းရန်အတွက် လည်းကောင်း၊ ပဋိပက္ခလွန်ကာလနေရာချထားရေးလိုအပ်ချက်များဖြည့်ဆည်းရန်အတွက် လည်းကောင်း နိုင်ငံတကာစံများနှင့် ကောင်းမွန်သော အတွေ့အကြုံများကို အခြေခံလျက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် စမ်းသပ်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ကော်မတီ၏ မြေဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နိုင်ငံတော်ပိုင်မြေယာများအား လုပ်ကိုင်ခွင့်ပြုခြင်း၊ ငှားရမ်းခြင်း၊ မြေသိမ်း/မြေလွှဲ၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေအမျိုးအစားခွဲခြားမှုကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဝန်ကြီးဌာန၏ လုပ်ဆောင်ရမည့် တာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာမြေ၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က ဆိပ်ကမ်းများနှင့် မြစ်ချောင်းကမ်းရိုးတန်းဒေသများဆိုင်ရာ မြေအရင်းအမြစ်အသုံးချရေးကိစ္စများကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က နှစ်အလိုက် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အခြေအနေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြေနှင့်ပတ်သက်သည့် ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် မြေနှင့်ပတ်သက်သော လက်ရှိအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့၏ မြေယာစီမံခန့်ခွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က နိုင်ငံတစ်ဝန်းရှိ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုနှင့် မြေအရင်းအမြစ် အသုံးချမှုဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးစီမံကိန်းမူဝါဒများ၊ လူဦးရေတစ်သိန်းနှင့်အထက် မြို့ကြီးများနှင့် စီးပွားရေးနှင့် အုပ်ချုပ်ရေးအရ အရေးပါသည့် မြို့ကြီးများတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲထားရှိမှုများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများက မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်ဦးဇော်ဦးက ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် အဆင့်မြင့်နောက်ဆုံးပေါ် နည်းပညာအကူအညီများ ရရှိရေးဆိုင်ရာများ၊ အရေးပါသည့် မြေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲမှုဆိုင်ရာများ၊ မြေနှင့်ပတ်သက်သည့် ပြဿနာရပ်ဆိုင်ရာများကို နိုင်ငံတကာစံနှုန်းများ၊ အတွေ့အကြုံများနှင့်အညီ စိစစ်သုံးသပ်ချက်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက တင်ပြဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

# စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့်ကုမ္ပဏီများ လိုင်စင်လျှောက်ထားမှု ၅၇ စောင်ရှိ

**ရန်ကုန် မေ ၉**

ယခုနှစ်အတွင်း အကောင်အထည်ဖော်တော့မည့် စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့် ကုမ္ပဏီများ လိုင်စင်လျှောက်ထားမှုမှာ ၅၇ စောင်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၏ ပြောကြားချက်အရ သိရသည်။ စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့် ကုမ္ပဏီများ လိုင်စင်လျှောက်ထားခြင်းကို ယခုနှစ် ဇန်နဝါရီလတွင် စတင်လက်ခံခဲ့ပြီး လိုင်စင်လျှောက်ထားမှုမှာ ၅၇ စောင် လက်ခံရရှိခဲ့သည်ဟု မေ ၈ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်သည့် စတော့အိတ်ချိန်းပေါ်ပေါက်ရေးနှင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးမည့် ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရာတွင် (၁)ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်းလုပ်ငန်းလိုင်စင်၊ ယင်းအတွက် အနည်းဆုံးထည့်ဝင်ပြီးမတည်ငွေအရင်းထည့်သွင်းရန် သတ်မှတ်ထားသည်မှာ ငွေကျပ် ၁၅ ဘီလီယံ ဖြစ်သည်။ (၂)ငွေချေးသက်သေခံလက်မှတ်များကို ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင်၊ ယင်းလိုင်စင်အတွက် ငွေကျပ် ၁၀ ဘီလီယံ၊ (၃)ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊ ယင်းလိုင်စင်အတွက် ငွေကျပ် ၇ ဘီလီယံ၊ (၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင်၊ ယင်းအတွက် ကျပ် ၀ ဒသမ ၀၃ ဘီလီယံ အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေအရင်းကို ထည့်သွင်းရမည်ဖြစ်သည်။ အဆိုပါ ထည့်ဝင်ပြီးမတည်ငွေရင်းကို ဘဏ်ချေးငွေဖြင့် ထည့်ဝင်ခြင်းကို ခွင့်မပြုဘဲ တရားဝင်အခွန်ဆောင်ပြီးသော ဝင်ငွေရလမ်းဖော်ပြနိုင်သည့် ငွေဖြစ်ရမည်ဟု သိရသည်။ လျှောက်ထားသူနှင့် ကုမ္ပဏီတွင်ပါဝင်မည့် ဒါရိုက်တာများအပေါ် ကန့်သတ်ချက်များရှိပြီး အမည်မည်းစာရင်း၌ ပါဝင်ခြင်း မရှိသူဖြစ်ရမည့်အပြင် ကုမ္ပဏီအနေဖြင့်လည်း အိုင်တီစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရမည်ဟူသည့် အချက်အလက်များအပါအဝင် စည်းကမ်းချက်များ သတ်မှတ်ထားသည်။

"နံပါတ်(၁)အတွက် လိုင်စင်လျှောက်လွှာ ၂၀၊ နံပါတ်(၂)နဲ့ (၃)အတွက် လျှောက်လွှာ ၇ စောင်၊ နံပါတ်(၄)အတွက် လျှောက်လွှာအစောင် ၃၀ စုစုပေါင်း ၅၇ စောင် လျှောက်ထားမှုရှိပါတယ်။ ပြီးတော့ စတော့အိတ်ချိန်းမှာ စာရင်းသွင်းပြီး ရှယ်ယာအရောင်းအဝယ်လုပ်မယ့် ကုမ္ပဏီတွေကိုလည်း ဘယ်လိုအရည်အချင်းတွေနဲ့ ပြည့်စုံရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရေးဆွဲပြီးပါပြီ။ ပြန်လည်ဆန်းစစ်မှုတွေ ပြုလုပ်နေပြီး သကြၤန်အပြီးမှာ ထုတ်ပြန်ကြေညာနိုင်ပါမယ်။ စာရင်းသွင်းကုမ္ပဏီတွေအနေနဲ့ မလိမ်မညာတဲ့ ကုမ္ပဏီတွေဖြစ်ရမယ်။ ပွင့်လင်းမြင်သာရှိရမယ်။ စိတ်ချယုံကြည်မှုရှိရမယ်။ ငွေကြေးပိုင်း၊ လုပ်ငန်းဆောင်ရွက်မှုပိုင်း၊ အုပ်ချုပ်မှုစီမံခန့်ခွဲမှု ကောင်းရမယ် စတဲ့ အသေးစိတ်ပြဋ္ဌာန်းချက်တွေ ထုတ်ပြန်နိုင်ပါမယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

**(၀၀၁)**

# မြင်တတ်အောင်ကြည့်ပါ

ခင်ချင်းတွင်း (စီမံ/စီးပွား)

ဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် နိုင်ငံရေးပုံရိပ်တစ်ခုအတိုင်း **မီဒီယာအမျိုးမျိုးတွင် တစ်မျိုးပါဝင်သည့် ဂျာနယ်စာပေတို့၏ တင်ပြချက်များသည် လက်ရှိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများအပေါ် လည်း အမြင်အမျိုးမျိုးဖြင့် ရေးသားတင်ပြခြင်းများကို ဖတ်ရှုနေရပါသည်။ ရင့်ကျက်ရန် အချိန်လိုအပ်လျက်ရှိနေသေးသည့် အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် ထိုအရာများအား ခံနိုင်ရည်ရှိရမည် ဖြစ်ပါသည်။ မိမိဖောင်းပေးဖော်ပြလိုသည့် ကွက်ကွက်ကလေးသာ ဖော်ပြခြင်းမျိုးမဟုတ်ဘဲ စာဖတ်ပြည်သူတို့၏ အသိဉာဏ်ရင့်ကျက်မှုအား ပိုမိုရှင်သန်ကြီးထွားစေနိုင်မည့် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားမှုနှင့် အသိအမြင်များအား မြှင့်တင်ဖော်ထုတ်ပေးနိုင်သည့် စာပေများဖြစ်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒနှင့် လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်နေသည်ကို ကောင်းစွာနားလည်မသိရှိသေးသည့် ပြည်တွင်း/ပြည်ပမှ ပုဂ္ဂိုလ်များစွာရှိနေပါသေးသည်။ မကြာမီက Weekly Eleven တွင် ဖော်ပြခဲ့သည့် **"မြန်မာ့စီးပွားရေး"**ပြိုလဲသွားနိုင်သလားဟူသည့် ဆောင်းပါးအား ဖတ်ရှုပြီး စာရေးသူအနေဖြင့် စိတ်မကောင်းဖြစ်မိပါသည်။ ဆက်လက်ဆောင်ရွက်ရန်များ ရှိနေသေးသော်လည်း စီးပွားရေးအဆောက်အအုံခိုင်မာစေရန်အတွက် **အခြေခံကျသည့် ပြုပြင်ပြောင်းလဲမှုများဖြင့် လုပ်ဆောင်နေခြင်းကြောင့် "မြန်မာ့စီးပွားရေးပြိုလဲသွားနိုင်သလား"ဟု မေးလာပါလျှင် "မပြိုလဲနိုင်ပါ" ဟု ဖြေလိုပါသည်။** နိုင်ငံတစ်ခု၏ အခြေအနေ (Situational Analysis) ကို လေ့လာသုံးသပ်ပါက **စိုးရိမ်ဖွယ်စိန်ခေါ်မှုများကိုသာ တင်ပြသုံးသပ်ခြင်းထက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများ**စသည့် ရှုထောင့်ပေါင်းစုံမှ လေ့လာတင်ပြနိုင်မှသာ ပိုမိုပြည့်စုံနိုင်မည် ဖြစ်ပါသည်။

**ကမ္ဘာမှပြောသော မြန်မာ့အကြောင်း**
**(World's Opinion on Myanmar)**

ယခုအခါ **မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် အလားအလာများ**အပေါ် စိတ်ပါဝင်စားသည့် ကမ္ဘာ့အသိအမှတ်ပြုသုတေသနနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံဆိုင်ရာစာတမ်းများ ထုတ်ဝေလျက်ရှိပါသည်။ **Korea Development Institute (KDI) နှင့် ကိုရီးယားနိုင်ငံမှ Ministry of Strategy and Finance** တို့ ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်တွင် **မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကဆောင်ရွက်ရန်များ "Priority Assignments for Economic Development of Mynamar"**ဟူ၍ လည်းကောင်း၊ ကိုရီးယားနိုင်ငံ၏ Knowledge Sharing Program အရ ၂၀၁၃ ခုနှစ်တွင် **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမဟာဗျူဟာ "Myanmar Development Strategy"** ဟူ၍ မြန်မာ့စီးပွားရေးအလားအလာများအား လေ့လာရေးသား ထုတ်ဝေခဲ့ပါသည်။ **The Economist မှ ထုတ်ဝေသည့် Pocket World in Figures (2014 Edition)တွင် မြန်မာနိုင်ငံသည် တိုးတက်မှုနှုန်းမြန်သည့် နိုင်ငံများစာရင်းတွင် ပါဝင်လျက်ရှိပါသည်။** အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (ERIA)နှင့် ပူးပေါင်း၍ **မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision-MCDV)** ရေးဆွဲမှုမှာလည်း ပီပြင်စွာရေးဆွဲခဲ့ပြီးပါသည်။

**Nathan Associates Inc. မှ Lex. Rieffel and James W Fox မှလည်း မြန်မာနိုင်ငံသို့ စီးဝင်လာသည့် အကူအညီ အထောက်အပံ့များနှင့် စပ်လျဉ်း၍ " Too Much, Too Soon: The Dilemma of Foreign Aid"** ဟူ၍ လည်းကောင်း၊ OECD အဖွဲ့မှ **မြန်မာနိုင်ငံအား ရှုထောင့်စုံမှကြည့်မြင်ခြင်း "Multidimensional Review on Mynamar"**ဟူ၍ လည်းကောင်း၊ **Mckinsey Global Institute (MGI)မှ မြန်မာနိုင်ငံအတွက် အချိန်အခါကောင်း-တစ်မူထူးခြားသော အခွင့်အရေးများနှင့် အဓိက စိန်ခေါ်မှုများ "Myanmar's moment: Unique opportunities, Major challenges"** ဟူ၍ လည်းကောင်း၊ **အာရှဖွံ့ဖြိုးမှုဘဏ် (ADB) မှ အလားအလာများအား တံခါးဖွင့်လှစ်ခြင်း "Unlocking Potential" နှင့် မြန်မာနိုင်ငံ၏ ပြင်ဆင်ရန် ကုထုံးဆိုင်ရာ လေ့လာမှု "Diagnostic Studies of Myanmar"** ဟူ၍ ထွက်ပေါ်လာသည့် **ထုတ်ဝေမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အခြေအနေများအား သေချာစွာ လေ့လာသုံးသပ်၍ တင်ပြအကြံပြုချက်များမှာလည်း ပြုပြင်ပြောင်းလဲမှုများအပေါ် နိုင်ငံရေးလိုလားစိတ် အပြည့်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံအတွက် များစွာအကျိုးရှိနေပါသည်။**

မေခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် **အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှလည်း IMF Country Report: Myanmar No 13/250၊ "Interim Country Partnership Strategy : Myanmar" နှင့် IMF- Staff Monitoring Programme ( Jan 2, 2013)နှင့် ( March, 2014)** တို့အား ထုတ်ဝေခဲ့ရာ **မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေ၊ အလားအလာနှင့်ထင်ဟပ်သည့် လေ့လာမှုများအား သုံးသပ်ဝေဖန်ထားခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲခဲ့ပြီးသည့်အပိုင်း၊ ဆောင်ရွက်ရန်ရှိသည့် အပိုင်း**တို့ကို သိမြင်နိုင်မည်ဖြစ်ပါသည်။

မီဒီယာနှင့် စာပေတို့၏ တင်ပြချက်များသည် ရှုထောင့်စုံ၊ အမြင်ပေါင်းစုံဖြင့် တင်ပြလျက်ရှိပါသဖြင့် **နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများ**ကို လေးနှစ်ကျော်ကာလအတွင်း နိုင်ငံတော်အစိုးရနှင့်တကွ ဖွံ့ဖြိုးမှုအတွက်အရေးပါသည့် ပါဝင်ဆောင်ရွက်သူ (Stakeholder) များအားလုံး၏ ပါဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများအား ခံစားသိရှိနိုင်ရန် မျှဝေဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒ ဘာလဲ။ ဘယ်လဲ။**

မြန်မာနိုင်ငံ၏ ပြည်သူလူထုတစ်ရပ်လုံး သာယာဝပြောမှုကို ရှေးရှုလျက်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဦးတည်ချက်များ အောင်မြင်စေရန်အတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့မှစ၍ နိုင်ငံတော်အစိုးရအနေဖြင့် အရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ (Significant reforms) ကို ဆောင်ရွက်ခဲ့သည်မှာ လေးနှစ်ကျော်လာခဲ့ပြီ ဖြစ်ပါသည်။ မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအား ပွင့်လင်း၍ နိုင်ငံရေးရင့်ကျက်မှုရှိသည့်၊ အပြန်အလှန်လေးစားတတ်သည့်၊ အားလုံးပါဝင်နိုင်သည့် ခေတ်မီလူ့အဖွဲ့အစည်း တစ်ရပ်အဖြစ်ရောက်ရှိအောင် ဦးတည်၍ **ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဆင့်ဆင့်ကို ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု "People-Centered Development"** မူဝါဒဖြင့် အရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ပြုပြင်ပြောင်းလဲရမည့် တာဝန်များအား ပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် **ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများက မြန်မာကို အသိအမှတ်ပြုလေးစားဆက်ဆံလာကြပြီး ကမ္ဘာ့မျက်နှာစာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်လာနိုင်ခဲ့ပါသည်။**

> **ဒီမိုကရေစီနိုင်ငံတော်သစ် အဖြစ် ပြုပြင်ပြောင်းလဲရမည့် တာဝန်များအား ပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့။**

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒဘာလဲလို့ မေးလာခဲ့လျှင် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု " People -Centered Development " မူဝါဒ**ဟု ဖြစ်ရမှာဖြစ်ပြီး **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒဘယ်လဲ**လို့ မေးလာခဲ့လျှင် နိုင်ငံတော်အစိုးရအနေဖြင့် **အေးချမ်းသာယာပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လိုအင်ဆန္ဒများ ရရှိခံစားနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသို့** ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုနယ်ပယ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့် အုပ်ချုပ်ရေး၊ ပုဂ္ဂလိက ကဏ္ဍပြုပြင်ပြောင်းလဲရေးဟူ၍ တွေ့မြင်နိုင်ပါသည်။

**မြန်မာ့ပြုပြင်ပြောင်းလဲမှုများ**
**နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ**

နိုင်ငံတော်အစိုးရ၏ ပထမပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမှာ **နိုင်ငံရေးစနစ် ပြောင်းလဲခြင်း**နှင့် တိုင်းရင်းသားလူမျိုးစုများအကြား **အပြန်အလှန်နားလည်မှုနှင့် ထာဝရငြိမ်းချမ်းရေးအကျိုးရလဒ်များ**ကို ဖြစ်ပေါ်စေသောနိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နေပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများအကြား ငြိမ်းချမ်းရေးနှင့် အပြန်အလှန်နားလည်မှုများ အပြည့်အဝရရှိအောင် သက်ဆိုင်သူ ပါဝင်ဆောင်ရွက်သူ (Stakeholder) များအားလုံးမှ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အချိန်သည် ကာလကြာရှည်စွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်မည့် အရေးအကြီးဆုံးမှတ်တိုင်ဖြစ်သည့် **တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်**ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် **စာချုပ်ပါအချက်အလက်များအား သဘောတူညီမှုရရှိပြီး ပဏာမအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ** ဖြစ်ပါသည်။

ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းများနှင့် **အပစ်အခတ်ရပ်စဲရေးအုပ်စုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်**လည်း အရေးပါပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အကျိုးရှိထိရောက်စေရန် ရန်ကုန်မြို့တွင် မြန်မာငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်လှစ်ခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုများအား အထူးပြုဆောင်ရွက်လျက်ရှိပါသည်။

**စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ**

ဒုတိယအနေနှင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဖြစ်ပြီး ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်း၍ **လူမှု-စီးပွား ပြုပြင်ပြောင်းလဲမှုမူဘောင် (Framework on Economic and Social Reform- FESR ) ၂၀၁၂-၂၀၁၅ ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါမူဘောင်သည် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများနှင့် မြန်ဆန်သည့် အောင်မြင်မှု (Quick Wins)** ရရှိစေမည့်မူဝါဒများဖြင့် ကျန်းမာရေးနှင့် ပညာရေး၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်စနစ် တိုးတက်ဖြစ်ပေါ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ထိရောက်ထက်မြက်၍ စွမ်းဆောင်ရည်ပြည့်ဝသည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် **မူဘောင် (၁၀)ရပ်**အဖြစ် သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အဆိုပါမူဘောင်အရ ၂၀ ရာစုအတွက် မြန်မာနိုင်ငံ၏ မျှော်မှန်းချက်သည် ပြည်သူများ ပိုမိုကောင်းမွန်သောဘဝ ရရှိပိုင်ဆိုင်စေရေးအတွက် ပြည်သူများ၏ ဆန္ဒပြည့်ဝပြီး ၂၀၂၀ ခုနှစ်တွင် **နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပေါင်းစည်းမှုရရှိစေမည့် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံ ဖြစ်လာစေရန်** ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် **စီးပွားရေးမူဝါဒ (၄)ရပ်** ချမှတ်ပြီး-

(က) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်စေရေး၊
(ဂ) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့်လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်စေရေး၊
(ဃ) စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး ဟူသည့် **စီးပွားရေးမူဝါဒများ**ကို ချမှတ်ခဲ့ပါသည်။ နှစ်စဉ်စီမံကိန်း၊ အမျိုးသားစီမံကိန်း၊ ဘဏ္ဍာရေးစီမံကိန်း၊ ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်း၊ (၅)နှစ်စီမံကိန်းနှင့် နှစ်(၂၀) ဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး**သည် လက်ရှိ ပထမ (၅)နှစ် စီမံကိန်း၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအား အရေးကြီးသည့် မူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ထားပြီး တစ်ချိန်တည်းမှာပင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေပါသည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မဟာဗျူဟာအဖြစ် သတ်မှတ်ပြီး **ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်**ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် လုပ်ငန်းစဉ်များအားလည်း **နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (National Comprehensive Development Plan-NCDP)** ကို မရေးဆွဲမီ မူဘောင်အနေဖြင့် ဂျပန်နိုင်ငံ JAIF နှင့် အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (ERIA) တို့၏ နည်းပညာအကူအညီဖြင့် **မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision-MCDV)** ကို အောင်မြင်စွာရေးဆွဲခဲ့ပါသည်။ အဆိုပါ မူဘောင်အပေါ် အခြေခံကာ **နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း (National Comprehensive Development Plan-NCDP)** ကိုလည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်သူများ၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများအား ဖြည့်ဆည်းနိုင်ရေးကို ရှေးရှု၍ **စီမံကိန်းရေးဆွဲရန် သက်ဆိုင်သည့် နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်သူအားလုံး၏ သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့် Oxford, OECD, ADB, World Bank, UN System စသည့် ပြည်ပမှ သုတေသနနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ထုတ်ဝေမှုများ၊ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ဝေဖန်အကြံပြုချက်များအား လက်ခံကြိုဆိုဆောင်ရွက်**ခဲ့ပါသည်။

နိုင်ငံ၏ ကာလလတ်နှင့် ကာလရှည်ရည်မှန်းချက်များအဖြစ် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာပန်းတိုင်နှင့် ရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ AEC 2015 Schedule အရ အာဆီယံနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပြည့်အဝ အကောင်အထည်ဖော်ရေး၊ ၂၀၁၅ ခုနှစ်အမီ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ ( MDGs) နှင့် ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)၊ အခြားသော လူသားစွမ်းရည်ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရေးနှင့် **ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) မှ လွတ်မြောက်ရေး**အတွက် လူမှု-စီးပွား ဖွံ့ဖြိုးမှုစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရေး၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ **အသိပညာအခြေခံသော စီးပွားရေးစနစ်တစ်ခုဖြစ်ပေါ်ရေး**တို့အား အမျိုးသားစီမံကိန်းများတွင် လိုက်ဖက်ညီစွာ ထည့်သွင်းရေးဆွဲရန်ဖြစ်ပါသည်။

**ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲမှုများ**

ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အဖြစ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေး **ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance) နှင့် သန့်ရှင်းသောအစိုးရ( Clean Government)** ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မီဒီယာပွင့်လင်းမှုနှင့် လွတ်လပ်ခွင့်များကို ဖန်တီးပေးနိုင်ခဲ့သည်။ **အများစုပါဝင်ဆွေးနွေးသည့်စနစ်**များကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်သည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်သည့် အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း စသည်ဖြင့် **အများပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးမှု (Participatory Development)** အား ဖြစ်ပေါ်စေရန်နှင့် **ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ်များ အားကောင်းစေရေး (Strengthening Local Governance)** နှင့် **ဗဟိုထိန်းချုပ်မှုလျှော့ချရေး (Decentralization)** တို့အား ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် **နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အားလုံးတွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှု**တို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမြဲတမ်းအတွင်းဝန်များ ခန့်အပ်တာဝန်ပေးခြင်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်သည့် လုပ်ငန်းစဉ်ဖြစ်

**နေပြည်တော် ဧပြီ ၉**

ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့တွင် အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်ရာထူးများ ခန့်ထားခြင်းနှင့် လစဉ်ချီးမြှင့်ငွေပေးအပ်ခြင်းဆိုင်ရာအဆိုနှင့် လွှတ်တော်အိမ်ရာဆောက်လုပ်နိုင်ရေးဆိုင်ရာ အဆိုတို့ကို တင်သွင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **“အုပ်ချုပ်ရေးပုံစံသစ်အဖြစ် ကူးပြောင်းဆောင်ရွက်ရာ၌ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ရာထူးများ တီထွင်ခန့်ထားခြင်းကို တည်ဆဲဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း”** အဆိုနှင့် **“အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်ရာထူးများအတွက် ကျပ်နှစ်သိန်း လစဉ်ချီးမြှင့်ငွေ ပေးအပ်ခြင်းကိစ္စသည် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက ချီးမြှင့်ငွေပေးအပ်ခြင်း မပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး။

အဆိုနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမြဲတမ်းအတွင်းဝန်ခန့်ထားရေးကိစ္စသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ပွင့်လင်းမြင်သာသော အစိုးရ၊ တာဝန်ခံသောအစိုးရဆိုသည့် အချက်လေးချက်ပြည့်စုံသည့် အစိုးရတစ်ခုဖြစ်လာရေးအတွက် အစိုးရအနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ အမြဲတမ်းအတွင်းဝန်များ ခန့်အပ်တာဝန်ပေးခြင်းသည် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်သည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်ကဆောင်ရွက်မည့် ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲအလွန်ကာလ အသွင်ကူးပြောင်းရေးလုပ်ငန်းများကိုလည်း အချိတ်အဆက်မိမိ ဆောင်ရွက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါကြောင်း။

ယခုလုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအားလုံးနှင့် အကြိမ်ကြိမ်ညှိနှိုင်းသဘောတူချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးများသို့ တင်ပြအတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်သည့်လုပ်ငန်းများဖြစ်သည့်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများအရ ခိုင်မာမှုရှိသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ အရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ အရ လည်းကောင်း နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ထုတ်ပယ်ခြင်းများပြုလုပ်နိုင်သဖြင့် လုပ်ထုံးလုပ်နည်းအရ နိုင်ငံတော်သမ္မတအနေဖြင့် အမြဲတမ်းအတွင်းဝန်များကို ခန့်အပ်တာဝန်ပေးနိုင်သည့် တာဝန်ရှိပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌ ဦးကျော်သူက အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးကို ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအဖြစ် သတ်မှတ်မည်ဆိုပါက နိုင်ငံတော်သမ္မတက ခန့်အပ်သည့်ရာထူးဖြစ်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)ပါ စည်းကမ်းချက်များနှင့် အကျုံးဝင်သက်ဆိုင်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သတ္တုတွင်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြား



ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

**နေပြည်တော် ဧပြီ ၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး သတ္တုတွင်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **“အင်းတော်မြို့နယ် ဘူရောင်းကျေးရွာအနီးတွင် ကျောက်မျက်ကုမ္ပဏီတစ်ခုသည် စက်ယန္တရားများ (backhoes + heavy trucks)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ လုပ်ဆောင်နေခြင်း၊ သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းရန် ကန့်ကွက်လွှာပို့သော်လည်း လုပ်ငန်းများဆက်လက်လုပ်ဆောင်နေခြင်းတို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်များ ခွင့်ပြုခြင်းသည် ဥပဒေနှင့် ညီ၊ မညီ သိရှိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ကုမ္ပဏီသို့ သူရောင်မှော်လုပ်ကွက်အတွက် ခွင့်ပြုမိန့်အား ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်၍ ခွင့်ပြုထားခြင်း ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အင်းတော်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်စွဲပါစာဖြင့် ကုမ္ပဏီသို့ သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းရန် တားမြစ်စာပေးပို့ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့ လည်းကောင်း တင်ပြခဲ့ခြင်းမရှိပါကြောင်း၊ အဆိုပါ အင်းတော်မြို့နယ် သစ်တောဦးစီးဌာန၏ တားမြစ်စာနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ဘူရောင်းကျေးရွာအနီးရှိ သူရောင်မှော် ဖော်ထုတ်လုပ်ကွက်များသည် မော်လူး၊ မော်ဟန် ရတနာနယ်မြေအတွင်း ပါရှိပြီး ကန့်သတ်ချက်များနှင့် လွတ်ကင်းကြောင်း စစ်ဆေးတွေ့ရှိချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး။

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာအား အဆိုတင်သွင်း

**နေပြည်တော် ဧပြီ ၉**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၄၄)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးစိုးအောင်၏ **“မိတ္ထီလာမြို့နယ်အတွင်း အမြန်လမ်းမကြီးနှင့် ရေဝေ-သဖန်းချောင်း ဆက်သွယ်သည့် လမ်းအရှည် ၈ မိုင်အား အမာခံလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **“ပလက်ဝမြို့နယ် မြိတ်ဝကျေးရွာအတွက် သောက်သုံးရေ လုံလောက်စွာရရှိရေး၊ ဆိုလာမီးတပ်ဆင်ပေးရေးနှင့် အရှည် ပေ ၇၀ ခန့်ရှိ လူကူးတံတားတစ်စင်း ဆောက်လုပ်ပေးရေး အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင်၏ **“ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ခုံဆင့်ကျေးရွာအုပ်စုတွင် တာပိန်မြစ်ကူးတံတား (RC) ရေလယ်တိုင်များပါဝင်သော နှစ်လွှာတစ်ထပ် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** စသည့်မေးခွန်းများ မေးမြန်းခဲ့ပြီး အဆိုပါကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက အဆိုပါ တင်ပြချက်များနှင့် ပတ်သက်ပြီး လက်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုင်းမြမောင်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်နေမှုအခြေအနေနှင့် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းစိစစ်ရေးအဖွဲ့ ၂ ဖွဲ့၏ တွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှိုင်ဦးက ဆွေးနွေးရာတွင် နဝမမြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့သော မေးခွန်း ၃ ခုသည် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ ၂၉-၁-၂၀၁၅ ရက်စွဲပါ စာအမှတ် ၇/၄၄၅ အရပေးပို့လာသည့် ဖြစ်ပေါ်ဆဲ ကတိကဝတ်များ ကိစ္စရပ်များ အနက်မှ ပယ်ဖျက်ရန်လိုအပ်သည့် ကတိကဝတ်များတွင် ပါဝင်နေကြောင်း။

သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု အများဆုံးမြို့နယ်ဖြစ်သည့် လပွတ္တာမြို့နယ်သည် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အသစ်ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးရန် လိုအပ်နေသည့် ဆည်မြောင်း၊ တာတမံ၊ ရေထိန်း၊ ရေထုတ်တံခါးများ၏ ပကတိအခြေအနေမှန်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လပွတ္တာမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများတွေ့ကြုံနေရသည့် အခက်အခဲများနှင့် တောင်သူလယ်သမားများ၏ မျှော်လင့်ချက်များကို လေ့လာသုံးသပ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း တင်ပြသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစိုးအောင်။

ယင်းအစီရင်ခံစာအား အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးခင်မောင်ဌေးက ကွင်းဆင်းစိစစ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရန် အဆိုကိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းခဲ့သည့် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၅) အား ကော်မတီဝင် ဦးအောင်ချစ်လွင်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

■ **ပြည်ထောင်စုလွှတ်တော်မှ**

ချီးမြှင့်ငွေ လစဉ်ကျပ်နှစ်သိန်းကို ခံစားခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆွေးနွေးသည့်နေရာတွင် တင်ပြသည့်အဆိုများသည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆွေးနွေးတင်ပြသွားပါကြောင်း၊ ထို့ကြောင့် ယခုအဆိုကို ဆက်လက်ဆွေးနွေးမည်မဟုတ်ပါကြောင်းနှင့် လွှတ်တော်တွင် မှတ်တမ်းအဖြစ်ထားရှိသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမန်းအောင်တင်မြင့်က **"လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်မည့် လွှတ်တော်အိမ်ရာ အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် သင့်တော်သည့်ရန်ပုံငွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေတွင် လွှတ်တော်အသီးသီး၏ ဘတ်ဂျက်၌ ထည့်သွင်းပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အိမ်ရာများမရှိသည့်အတွက် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးထားသည့် အစိုးရပိုင် စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုနေကြရပါကြောင်း၊ ထိုသို့ တည်းခိုနေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ရေးရာကိစ္စများ ဆွေးနွေးဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင် ပါဝင်ပတ်သက်လာသည့် နိုင်ငံရေးကိစ္စများကို ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံ့အပိုင်အဆောက်အအုံဖြစ်သည့်အတွက် နိုင်ငံရေးကိစ္စများ မဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုချက်ကြောင့် ယခုအဆိုပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအဆိုကို ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းရာတွင် အမျိုးသားစီမံကိန်းဥပဒေကို ရက်ပေါင်း(၇၀) အကြာ ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆွေးနွေးဆောင်ရွက်ရာတွင် ပူးပေါင်းကော်မတီများ၊ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ ယခုခေါင်းစဉ်သည် ဆွေးနွေးစဉ်က ဖော်ပြခဲ့ခြင်းမရှိပါကြောင်း၊ ယခုကိစ္စကို ယင်းအချိန်က ဆွေးနွေးဖော်ပြခဲ့ပါက ရှေ့လုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုပြည်ထောင်စုလွှတ်တော်က ဆွေးနွေးတင်ပြလာသော အဆိုပြုချက်အပေါ် စီမံကိန်းကော်မရှင်နှင့် အစိုးရအဖွဲ့သို့ အထူးကိစ္စရပ်အနေဖြင့် ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

● **ပြည်သူ့လွှတ်တော်မှ**

နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းတူးဖော်လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **"ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့လွှတ်ဖြန့်ဖြူးထားပြီး ဖြစ်ပါကြောင်း၊ ကျောက်တော်ဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် ဓာတ်အားပို့လွှတ်ပြီးဖြစ်ပါကြောင်း၊ ကျောက်တော်မှတစ်ဆင့် ပလက်ဝဒေသသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျောက်တော်ပလက်ဝ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား နိုင်ငံတော်၏ဘဏ္ဍာငွေ ခွဲဝေပေးနိုင်မှုအခြေအနေအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ရန်ကြိုးစားခဲ့သော်လည်း မပါရှိပါသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၏ **"ရှားတောမြို့နယ်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးပြီး လိုအပ်သော နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အရင်းအနှီးများ ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရှားတောမြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းကို ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ၂၄၅ ကီလို၊ အထွက်ကောင်းစပါးမျိုး ၆၉၈ တင်း၊ အစေ့ထုတ်ပြောင်းစပ်မျိုး ၁၃၀၀ ကီလို၊ မြေပဲ ဆင်းပဒေသာ-၆ ၃၄၈ တင်း၊ နှမ်း ဆင်းရတနာ-၃ ၁၈၇ တင်း၊ ပဲစင်းငုံ ငါးဆံပဲ-၆ တင်း ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ရှားတောမြို့နယ်အတွင်း ပညာပေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးသီးပွံနည်းကျစိုက်နည်းစနစ် စံပြကွက်(၆၀)ဧကနှင့် ဆီထွက်သီးနှံ ဆင်းရတနာ-၃ နှမ်းစံပြကွက်တစ်ဧကဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးနည်းပညာပေးသင်တန်း(၇)ကြိမ် ဆောင်ရွက်ခဲ့ရာတွင် တောင်သူပေါင်း (၁၅၄)ဦးတက်ရောက်ခဲ့ပါကြောင်း။

ရှားတောမြို့နယ်အတွင်း ကုန်းမြင့်လယ်ယာမြေဖော်ထုတ်လိုသော နေရာများအား သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြညှိနှိုင်းလျက် ပြည်နယ်အစိုးရရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လိုအပ်သည့်နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် နိုင်ငံအနှံ့အပြားသွားရောက်၍ ပြည်သူလူထု သုံးသိန်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံတက်လူနာအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (မြဝတီ)

**နေပြည်တော် မေ ၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အောက်နတ်မော်ကျေးရွာအုပ်စု ဇီးကျွန်းကျေးရွာနှင့် မြင်ဆိုင်းမော်ကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ပေ ၃၆၀ အရှည်ရှိ သံကူကွန်ကရစ် တံတားဖွင့်ပွဲအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ အခမ်းအနားမှူးက သူဌေးချောင်းတံတား တည်ဆောက်ရသည့် အကြောင်းအရင်းနှင့် တံတား၏ အချက်အလက် ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဇီးကျွန်းကျေးရွာ ရပ်မိရပ်ဖ ဦးအုန်းမြင့်က တံတားလှူဒါန်းခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းတို့က သူဌေးချောင်းတံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်းဒင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ဇီးကျွန်းကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံအား လှည့်လည်ကြည့်ရှုကြ၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဇီးကျွန်းကျေးရွာရှိ ကိုးနဝင်းမဟာဝိဟာရ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကိုးနဝင်းမဟာဝိဟာရဆရာတော် ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူ တည်ဆောက်ကြကာ ဆရာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားဒေသနာများ နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် တက်ရောက်လာကြသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျေးရွာရှိ အသက်(၇၀) အထက် ဘိုးဘွား ၈၅ ဦးအား မြန်မာ့ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ ရိုသေစွာကန်တော့၍ ထောက်ပံ့ငွေများပေးအပ်လှူဒါန်းကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သော သူဌေးချောင်းတံတားအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မိသားစု၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များ၏ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၃၆၀၊ အမြင့် ၂၄ ပေ၊ အကျယ် ၁၁ ပေရှိ၍ ခံနိုင်ဝန် ၁၀ တန်ရှိသော သံကူကွန်ကရစ်တံတားဖြစ်ကြောင်းနှင့် အဆိုပါတံတားဆောက်လုပ်ပြီးစီးခဲ့သဖြင့် ဇီးကျွန်းကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ သူဌေးချောင်းကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာ တိုင်းပြည်တိုးတက်ရန်အတွက် လူတိုင်းအလုပ်လုပ်နိုင်သည့် အခွင့်အရေးရှိရန် လိုကြောင်း၊ အလုပ်လုပ်နိုင်ရန် အတွက် ကျန်းမာရေးလိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ကျန်းမာကြံ့ခိုင်စေရန် တတ်နိုင်သည့်ဘက်က ကျန်းမာရေးမြှင့်တင်မှုများ လုပ်ဆောင်နေပါကြောင်း၊ လွန်ခဲ့သည့် (သုံး၊လေး) နှစ်အတွင်း တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် နိုင်ငံအနှံ့အပြား သွားရောက်၍ ပြည်သူလူထု သုံးသိန်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း၊ "အာရောဂျံ ပရမံ လာဘံ" ဆိုသည့်စကားနှင့်အညီ ကျန်းမာမှသာ မိမိလုပ်ဆောင်လိုသည်များကို လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုရာတွင် ပညာပေးခြင်း၊ ကာကွယ်ပေးခြင်း၊ ကုသခြင်းအပိုင်းများ ရှိပါကြောင်း၊ ကျန်းမာရေးအသိပညာနှင့်ပတ်သက်၍ ပြည်သူလူထုသိရန်လိုသလို တာဝန်ရှိသူများအပိုင်းမှလည်း သိအောင်လုပ်ပေးရန် တာဝန်ရှိပါကြောင်း၊ လူနေမှုအဆင့်နှင့် နေထိုင်မှုစနစ်များ စနစ်တကျရှိခြင်းသည် ကြိုတင်ကာကွယ်မှုကို အထောက်အကူပြုပါကြောင်း၊ ယခုလှူဒါန်းသည့် ဆေးပဒေသာပင် အလှူငွေများအား ကျန်းမာရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိစွာ အသုံးချစေလိုပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသော ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် တာဝန်ရှိသူများ၊ ဝိုင်းဝန်းလှူဒါန်းကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်တို့၏ လှူဒါန်းငွေများအား ပေးအပ်ရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်မိုးက လက်ခံရယူသည်။

ထို့နောက် Amazing Hotel Group မှ ဦးအောင်မျိုးမင်းဒင်နှင့်ဇနီးတို့က လှူဒါန်းငွေ သိန်း ၅၀ အား ပေးအပ်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်အေးကလည်းကောင်း၊ အောင်မြင်သူကုမ္ပဏီလီမိတက်မှ ဦးမင်းသန့်က လှူဒါန်းငွေ သိန်း ၅၀ အား ပေးအပ်ရာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်အေးနုက လည်းကောင်း အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ တိုးချဲ့ဆောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

○ **ကျောဖုံးမှ**

ပွဲစဉ်ရေးဆွဲမှုအရ ပထမအဆင့်တွင် မောရဝတီနှင့် Horizon၊ ဟံသာဝတီနှင့် ဖုန်ဂန်၊ မြဝတီနှင့် GFA F.C၊ ငွေကြယ်ပွင့်လေးများနှင့်တက္ကသိုလ်လက်ရွေးစင်၊ Southern နှင့် Best United၊ ဒဂုံနှင့်ရခိုင်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မေ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် မြန်မာနေရှင်နယ်လိဂ်အသင်းကြီးများပါဝင်လာမည်ဖြစ်ပြီး ရတနာပုံနှင့် မောရဝတီ(သို့)Horizon၊ ဟံသာဝတီ(သို့)ဖုန်ဂန်နှင့် ကမ္ဘောဇ၊ မကွေးနှင့် ချင်းယူနိုက်တက်၊ မြဝတီ(သို့)GFA နှင့် ရန်ကုန်၊ ဇွဲကပင်နှင့်ဇေယျာရွှေမြေ၊ ငွေကြယ်ပွင့်လေးများ(သို့) တက္ကသိုလ်လက်ရွေးစင်နှင့်ဧရာဝတီ၊ မနောမြေနှင့် Southern (သို့) Best United၊ ဒဂုံ(သို့)ရခိုင်နှင့်နေပြည်တော်တို့တွေ့ဆုံနေသည်။ ဒုတိယအဆင့်ပွဲစဉ်များကို ဇူလိုင် ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်၊ ကွာတားပွဲစဉ်များကို ဩဂုတ် ၁၊ ၂ ရက်၊ ဆီမီးပထမအကျော့ကို ဩဂုတ် ၁၂၊ ၁၉ ရက်၊ ဒုတိယအကျော့ကို စက်တင်ဘာ ၂၂၊ ၂၃ ရက်၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆီမီးအဆင့်ကို နှစ်ကျော့ကစားမည်ဖြစ်ပြီး ကျန်အဆင့်များကို တစ်ကျော့တည်းသာယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာသည့် မွန်ပြည်နယ်

**မော်လမြိုင် ဧပြီ ၉**

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး ရေမြေတောတောင် ရာသီဥတုကောင်းမွန်၍ နှစ်စဉ်နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လျက်ရှိသည်။ ပြည်ပခရီးသွားဧည့်သည်များအနက် အများဆုံးလာရောက်သော ဧည့်သည်များမှာ ထိုင်း၊ ဂျပန်၊ တရုတ်၊ ပြင်သစ်၊ အမေရိကန် စသည့် နိုင်ငံများမှဖြစ်သည်။

ကျိုက်ထိုမြို့သည် ရန်ကုန်မြို့နှင့် မိုင် ၁၂၀ ခန့်အကွာတွင် တည်ရှိပြီး ရန်ကုန်မြို့မှ မော်တော်ကား၊ မီးရထားတို့ဖြင့်သွားရောက်နိုင်သည်။ ကျိုက်ထိုမြို့မှ ကင်မွန်းစခန်းသို့ ကိုးမိုင်ကွာဝေးပြီး ၎င်းမှတစ်ဆင့် ကျိုက်ထီးရိုးတောင်ပေါ်သို့ တောင်တက်ကားလမ်းဖြင့် ကိုးမိုင်ခန့်နှင့် ခြေလျင်လမ်းဖြင့် ခုနစ်မိုင် ခုနစ်ဖာလုံ ကွာဝေးသည်။ ကျိုက်ထိုမြို့နှင့်အနီးပတ်ဝန်းကျင်တွင်လည်း တန်ခိုးကြီးဘုရားများနှင့် သမိုင်းဝင်နေရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင် ရှုခင်းများစွာရှိသည်။ ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာနှင့် စစ်တောင်းကျေးရွာအနီး စစ်တောင်းမြစ်ဝတွင် စစ်တောင်းတံတားဟောင်းရှိသည်။ အဆိုပါတံတားသည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များက ဗုံးကြဲဖျက်ဆီးခဲ့ရာ ရေလယ်တိုင်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ ၎င်းတံတားသို့လည်း နှစ်စဉ်ဂျပန်လူမျိုးအများအပြား လာရောက်လေ့လာလည်ပတ်ကြသည်။

ဘီးလင်းမြို့သည် ရန်ကုန်မြို့မှ ၁၂၃ မိုင်ခန့် ကွာဝေးသည်။ ရန်ကုန် - မော်လမြိုင် - ထားဝယ် ကားလမ်းမပေါ်တွင်ရှိပြီး ကားလမ်း၊ ရထားလမ်းတို့ဖြင့် သွားရောက်နိုင်သည်။ စေတီတော်နှင့် အခြားတန်ခိုးကြီးဘုရားများကို ပြည်တွင်း/ ပြည်ပဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြသည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများစွာကိုလည်း သွားရောက်လေ့လာကြသည်။

သထုံမြို့သည် ရန်ကုန်မြို့မှ ၁၄၇ မိုင်ခန့်အကွာတွင် တည်ရှိပြီး ရှေးယခင်မင်းများ လက်ထက်ကတည်းက ဗုဒ္ဓသာသနာထွန်းကားရာမြို့တစ်မြို့ဖြစ်ခဲ့သည်။ သထုံမြို့နယ်အတွင်းရှိ ရွှေစာရံဘုရားသည် ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ဘားအံ ကားလမ်းဘေးတွင်တည်ရှိပြီး စေတီတော်ပရိဝုဏ်အတွင်း ကျောက်စာချပ်များ၊ မြသပိတ်စေတီတော်၊ နေမိန္ဒရတောင်၊ အလံတစ်ရာစေတီ၊ နှီးဘုရားနှင့် မဟာမြတ်မုနိဘုရားတို့ကိုလည်း ဖူးမြော်ကြည်ညိုနိုင်သည်။

ပေါင်မြို့သည် ရန်ကုန်မြို့မှ မိုင် ၁၇၀ အကွာတွင်တည်ရှိပြီး ထင်ရှားသော အထင်ကရနေရာများသို့လည်း သွားရောက်နိုင်သည်။ ပေါင်မြို့မှ ၁၀ မိုင်ခန့်ဝေးသော ထန်းပင်ချောင်လမ်းသို့ ၄၅ မိနစ်ခန့်သွားလျှင် ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားသော နေရာဖြစ်သော သဘာဝကျေးငှက်ပြတိုက်ဟု တင်စားခေါ်ဝေါ်ကြသည့် ငှက်ကြည့်ပြတိုက်နှင့် ဒုတိယငှက်ပြတိုက်မှာ ခင်တန်းရွာ၊ ချောင်းနှုတ်ခမ်းအနီး ကမ်းခြေတစ်လျှောက်ဖြစ်ပါသည်။ ၎င်းပြတိုက်နှစ်ခုတွင် ငှက်ကောင်ရေ တစ်သောင်းကျော် ကျက်စားနေထိုင်ကြသည်ကို တွေ့ရှိလေ့လာနိုင်ပါသည်။

မော်လမြိုင်မြို့သည် ရန်ကုန်-ထားဝယ်-မြိတ် ကားလမ်းနှင့် မီးရထားလမ်းပေါ်တွင်ရှိပြီး ရန်ကုန်မြို့မှ ၁၈၇ မိုင်ခန့် အကွာတွင် တည်ရှိသည်။ မုတ္တမမြို့နှင့် မော်လမြိုင်မြို့အား ဆက်သွယ်ထားသော သံလွင်တံတား (မော်လမြိုင်) တံတားကြီးအား (၁၈-၃-၂၀၀၀) ရက်နေ့တွင် စတင်တည်ဆောက်ပြီး (၇-၁၂-၂၀၀၄) ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ တံတားကြီးမှာ ရန်ကုန်- မော်လမြိုင် - မြိတ်-ကော့သောင်း ကားလမ်းပေါ်တွင်ရှိ၍ မြန်မာနိုင်ငံ၏ အရှည်ဆုံးစာရင်းဝင်တံတားကြီးတစ်စင်းဖြစ်သည်။

ချောင်းဆုံမြို့နယ်သည် သံလွင်မြစ်ဝ ဘီလူးကျွန်းပေါ်တွင်တည်ရှိပြီး မွန်လူမျိုးများ အများဆုံးနေထိုင်၍ လက်မှုလုပ်ငန်းများရှိရာ ချောင်းဆုံမြို့သို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်လေ့လာကြသည်။

သံဖြူဇရပ်မြို့သည် မော်လမြိုင်မြို့မှ မိုင် ၄၀ အကွာတွင် တည်ရှိပြီး ထိုမြို့တွင် ဂျပန်ခေတ် သေမင်းတမန်မီးရထားလမ်း၊ မဟာမိတ်နေသဟာရစစ်သင်္ချိုင်း၊ ဝါးခဂူမြို့ဟောင်း ၊ စက်စဲကမ်းခြေနှင့် ကျိုက္ခမီရေလယ်ဘုရားတို့မှာထင်ရှား၍ မြန်မာပြည် အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးဧည့်သည်များအပြင် နိုင်ငံခြားသားများလည်း အများဆုံးလာရောက်လည်ပတ်ကြသည်။

ကျိုက်မရောမြို့သည် မော်လမြိုင်မြို့မှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး မြို့အဝင်လမ်းဘေး တစ်ဖက်တစ်ချက်တွင် ထန်းပင်တန်းများနှင့် သာယာလှသည်။ ရေးမြို့နယ်တွင် တန်ခိုးကြီးဘုရားများ၊ ရှေးဟောင်းအထင်ကရနေရာများ၊ သာယာလှပသော ပင်လယ်ကမ်းခြေများနှင့် ကျေးရွာနေပြည်သူများ၏ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြပုံ၊ ရေထွက်ပစ္စည်းများ ထုတ်လုပ်ပုံများကို သွားရောက်လေ့လာနိုင်သည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco Tourism) ခရီးစဉ်ဒေသသစ်အဖြစ် ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေကိုလည်း သွားရောက်လေ့လာနိုင်သည်။

သံဖြူဇရပ်မြို့မှ ကရင်ပြည်နယ်ကို ကျော်ဖြတ်၍ ဘုရားသုံးဆူလမ်းအတိုင်း ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်သကဲ့သို့ ထိုင်းနိုင်ငံဘက်မှလည်း မြဝတီလမ်း၊ ဘုရားသုံးဆူတို့မှ မွန်ပြည်နယ်အတွင်းသို့ လာရောက်လည်ပတ်နိုင်သည်။

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်း၊ ရာသီဥတု သင့်တင့်မျှတခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်း၍ ရှေးမူမပျက် နေထိုင်သောကျေးရွာများရှိခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက်လည်း အလားအလာကောင်းများရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။ **(ကြေးမုံ)**

## အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း
## နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုများ (တတိယနှစ်) စာအုပ်ထုတ်ဝေဖြန့်ချိ

ဤစာအုပ်တွင် အစိုးရသစ်၏ တတိယနှစ်သက်တမ်းအတွင်း နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပြောကြားချက်များ၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုမှတ်တမ်းများ၊ အမိန့်၊ ကြေညာချက်နှင့် အမိန့်ကြော်ငြာစာများကို မှတ်တမ်းပြုထားသည်။

အခန်း (၁) နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများတွင် မိဘပြည်သူများသို့ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် လစဉ်ပြောကြားသည့် မိန့်ခွန်းများ၊ တရုတ်နိုင်ငံတွင် ကျင်းပသည့် ဘိုအောဖိုရမ်အစည်းအဝေးဖွင့်ပွဲတွင် ပြောကြားသည့် မိန့်ခွန်း၊ ဘက်စုံပညာ ထူးချွန်လူငယ်များနှင့် ကင်းထောက်လူငယ်များအားပြောကြားသည့် ဂုဏ်ပြုအမှာစကား၊ မဟာသင်္ကြန်နှစ်သစ်ကူးအခါသမယမိန့်ခွန်း၊ ငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲတွင် ပြောကြားသည့် မိန့်ခွန်းများ အပါအဝင် စုစုပေါင်းမိန့်ခွန်း ၆၈ ပုဒ်ပါဝင်သည်။

အခန်း (၂) နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုမှတ်တမ်းတွင် စင်ကာပူသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆိုခြင်း၊ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း၊






အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆိုခြင်း၊ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသမ္မတ ဂျော့ရှ်ဝါရှင်တန်၏ အိမ်တော်ကိုသွားရောက်လေ့လာခြင်း၊ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆိုခြင်း၊ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များအား တွေ့ဆုံခြင်း၊ နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံခြင်း၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သို့ တရားဝင်ခရီးထွက်ခွာခြင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း၊ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းတို့အား ဂုဏ်ပြုကြိုဆိုခြင်း၊ မွန်ဂိုလီးယားနိုင်ငံသမ္မတအား ဂုဏ်ပြုကြိုဆိုခြင်း၊ ဖိလစ်ပိုင်နိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုခြင်း၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆိုခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံခြင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံခြင်း၊ တတိယအကြိမ်ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး၌ တက်ရောက်ဆွေးနွေးခြင်း၊ သီရိလင်္ကာနိုင်ငံသမ္မတအား လက်ခံတွေ့ဆုံခြင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံခြင်း၊ ဘူတန်နိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံခြင်း၊ ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားခြင်း၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း စသည်တို့အပါအဝင် ဆောင်ရွက်ချက် ၂၉၄ ပုဒ် ပါဝင်ပြီး အခန်း (၃) တွင် အမိန့်၊ ကြေညာချက်နှင့် အမိန့်ကြော်ငြာစာများပါရှိသည်။

အဆိုပါစာအုပ်ကို ဦးကျော်ကျော်ဝေ ရွက်စိမ်းစာပေက တန်ဖိုး ၁၀၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(ကြေးမုံ)**




# လောက်ကိုင်ဒေသ၏ စစ်ဗျူဟာအရေးကြီးနေရာအများစုနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား သိမ်းပိုက်ထိန်းချုပ်

**နေပြည်တော် ဧပြီ ၉**

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် လိုအပ်သောအုပ်ချုပ်ထောက်ပံ့မှုနှင့် အင်အားဖြည့်တင်းခြင်းကို လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များ အသုံးပြု၍ ဆောင်ရွက်ခဲ့ပြီး ပစ်ကူပစ်အားအတွက် လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများကို အပြည့်အဝအသုံးပြု၍ ကိုးကန့်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည်။ ထိုသို့ တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ဧပြီ ၈ ရက်တွင် ပွိုင့်-၁၈၄၅ တောင်ကုန်းအား သိမ်းပိုက်ရရှိပြီး ယနေ့ထိ သောင်းကျန်းသူ အခိုင်အမာအခြေပြုစခန်း ၂၀ ကျော်အား သိမ်းပိုက်ရရှိခဲ့ကာ လောက်ကိုင်ဒေသ၏ စစ်ဗျူဟာအရေးကြီးနေရာအများစုနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား သိမ်းပိုက်ထိန်းချုပ်ထားနိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများက ပါစင်ကျော်ကျေးရွာ၏ အရှေ့ဘက်ရှိ ကိုးကန့် သောင်းကျန်းသူများ အခိုင်အမာခံစစ်တည်ဆောက်၍ ခြေကုပ်ယူထားသော စစ်ဗျူဟာအရ အရေးကြီးသည့် ပွိုင့်-၁၈၄၅ တောင်ကုန်းအား ဧပြီ ၈ ရက် နံနက်ပိုင်းမှစတင်၍ လက်နက်ကြီး ပစ်ကူ၊ သံချပ်ကာတိုက်ယာဉ်ပစ်ကူများဖြင့် ဟန်ချက်ညီညီ အဆင့်ဆင့်တိုက်ခိုက် ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး နံနက် ၁၁ နာရီတွင် အောင်မြင်စွာဖြင့် သိမ်းပိုက်ရရှိခဲ့သည်။

တစ်ချိန်တည်းတွင် ပါစင်ကျော်ကျေးရွာနှင့် ဘီပီ ၁၃၇ သွား ကားလမ်း၏ မြောက်ဘက်ရှိ ပွိုင့်-၁၅၈၄ တောင်ကုန်း၊ တာကထန်ကျေးရွာ မြောက်ဘက်ရှိ တောင်ကုန်း၊ မာလီရှူးဝါးကျေးရွာ အရှေ့ဘက်ရှိ ပွိုင့်-၁၇၅၃နှင့် တာရွှေကျင်ကျေးရွာ အရှေ့ဘက်ရှိ တောင်ကုန်းတို့တွင် အခိုင်အမာအခြေပြုထားသည့် ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူများ၊ သံချပ်ကာတိုက်ယာဉ် ပစ်ကူများရယူ၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ ကိုးကန့်သောင်းကျန်းသူများမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ခုခံတိုက်ခိုက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ခြေကုပ်ယူ၍ သောင်းကျန်းသူများအား ရင်ဆိုင်ထိန်းချုပ်ထားလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိစစ်သည် ၁၀ ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည် ၆၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပွိုင့်-၁၈၄၅ တောင်ကုန်းသည် ပေ ၆၀၀၀ ကျော် မြင့်မားပြီး တစ်ဖက်နိုင်ငံနယ်နိမိတ်မျဉ်းနှင့် မီတာ ၄၀၀၀ ခန့်အကွာတွင် တည်ရှိသည်။ အဆိုပါတောင်ကုန်းမှာ ၎င်းဒေသတစ်ဝိုက်တွင် အမြင့်ဆုံးတောင်ကြောဖြစ်သည့်အပြင် ဒေသတစ်ခုလုံးကို ဗဟိုကျကျ စိုးမိုးလျက်ရှိပြီး လောက်ကိုင်-ချင်းရွှေဟော် ကားလမ်းအားလည်းကောင်း၊ ပါစင်ကျော်-ဘီပီ ၁၃၇ ကားလမ်းအားလည်းကောင်း၊

**စာမျက်နှာ ၁၀ သို့ ○**

ရောဝတီဂျာနယ်အတွဲ(၂) အမှတ်(၁၅)တွင် ဖော်ပြခဲ့သော သစ်နေမိုး၏"မူးယစ်သင်္ကြန်ကို ဘယ်လိုထိန်းမလဲ"ဆောင်းပါးကို ဂျာနယ်နှင့်စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။

# မူးယစ်သင်္ကြန်ကို ဘယ်လိုထိန်းမလဲ



၂၀၁၄ ခုနှစ် ရန်ကုန်မဟာသင်္ကြန်မဏ္ဍပ်တစ်ခုကို တွေ့ရစဉ်။ [ဓာတ်ပုံ-စိုင်းဇော်(ရောဝတီ)]

သင်္ကြန်ဆိုရင် ကဲရမယ်၊ လန်းရမယ်၊ မြူးရမယ် ဆိုတာ လူငယ်၊ လူရွယ်တွေကြားမှာ ပြောစရာမလိုအောင် အလိုလို ကြိုရောက်နှင့်နေတဲ့ အတွေးတစ်ခုဆိုရင် မမှားပါဘူး။ ကဲဖို့၊ လန်းဖို့၊ မြူးဖို့ ဆိုတာတွေနဲ့အတူ တွဲတွဲပါလာတာက အရက်၊ဘီယာနဲ့ မူးယစ်ဆေးတွေပါပဲ။ အရင်က အရက်၊ ဘီယာလောက်ကိုသာ သုံးစွဲမှုများပြီး သင်္ကြန်ကို ဆင်နွှဲကြပေမယ့် အခုနောက်ပိုင်းနှစ်တွေမှာတော့ မြူးတဲ့လန်းတဲ့ စိတ်ကြွဆေးတွေကို သုံးစွဲရင်း ဆင်နွှဲလာကြပါတယ်။

အခုဆိုရင် စိတ်ကြွဆေးတွေဟာ ရန်ကုန်မှာ ပိုပိုပေါလာပြီး ဝယ်ယူရတဲ့ ဈေးနှုန်းကလည်း အရမ်းသက်သာလာတယ်လို့ သုံးစွဲသူအချို့ဆီက သိရပါတယ်။ ရန်ကုန်မြို့တွင်း ရပ်ကွက်တစ်ခုက သုံးစွဲသူတစ်ဦးက "အခု အသီး (WY) က ပိုပေါလာတယ်။ အလွယ်တကူလည်း ရနေပြီ။ ပြီးခဲ့တဲ့နှစ်အထိ တစ်လုံးကို ငါးထောင်၊ အခုက သုံးထောင်ပဲ ရှိတော့တယ်။ အဲဒီထက် မပိုတော့ဘူး" လို့ ပြောပါတယ်။

သူတို့လောကအခေါ် အသီး WY(Amphetamines) စိတ်ကြွဆေးတွေကို ရန်ကုန်မှာ အရည်အသွေး အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးနဲ့ ဝယ်ယူသုံးစွဲနေကြပြီး ယိုးဒယားနယ်စပ်၊ အိန္ဒိယနယ်စပ်နဲ့ ရှမ်းပြည်နယ်တွေကနေ ဝင်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့ အသီးကို ယိုးဒယားသီး၊ တမူးသီး၊ ရှမ်းသီးဆိုပြီး ခွဲခြားခေါ်ကြတာတွေရှိသလို အရည်အသွေးအလိုက် ၈၈၊ WY အတည့်၊ WY အစောင်းလို့ ခေါ်ယူ သုံးစွဲနေကြတာတွေလည်း ရှိပါတယ်။ ၈၈ အသီးကတော့ ဈေးအကြီးဆုံးလို့ ဆိုပါတယ်။

ကလပ်တွေမှာ မြူးဖို့ သုံးစွဲကြသလို သင်္ကြန်မှာလည်း မြူးဖို့ သုံးစွဲကြတာတွေနဲ့ ပတ်သက်ပြီး မေးမြန်းရာမှာ အသီး သုံးစွဲနေသူတွေဟာ သူတို့ မတက်ကြွဘဲနေရတဲ့ အခြေအနေကို မကြိုက်ကြတော့ဘူးလို့ ဆိုကြပါတယ်။

သုံးစွဲနေသူတစ်ဦးက "အသီးချတော့ တက်ကြွနေတယ်။ မချရင် မတက်ကြွတော့ဘူး။ မတက်ကြွဘဲဖြစ်နေတာကြီးကို မုန်းတယ်။ လူက အမြဲတမ်းတက်ကြွနေချင်တယ်။ အဲတော့ ပြန်ချတယ်" ဟု ပြောသည်။

အခြား စိတ်ကြွဆေး အခြားအမျိုးနွယ်တစ်ခုဖြစ်တဲ့ (Methamphetamine) သူတို့လောက အခေါ် Ice ဟာလည်း ရန်ကုန်မှာ သုံးစွဲမှု တွင်ကျယ်ပါတယ်။ သူကတော့ ဂရမ်နဲ့ ရောင်းတာဖြစ်ပြီး အခုချိန်မှာ တစ်ဂရမ်ကို တစ်သိန်းနီးပါး ရှိတယ်လို့ သုံးစွဲသူတွေ ဈေးကွက်က သိရပါတယ်။ ဒါပေမယ့် ဈေးနှုန်းမြင့်မားတာကြောင့် အသီးကိုသာ အများစု ပိုမိုသုံးစွဲတယ်လို့ သိရပါတယ်။

အခုလိုဆေးသုံးစွဲမှုတွေနဲ့ ပတ်သက်ပြီး လေ့လာသုံးသပ်ထားတဲ့ ဒေါက်တာတင့်ဆွေက လူငယ် လူငယ်တွေ စိတ်ကြွဆေးသုံးစွဲမှုနဲ့ ပတ်သက်ပြီး သုံးစွဲမှုလွန်ကျူးသွားရင် ဒုက္ခရောက်စေမှုများတဲ့အကြောင်း ပြောပါတယ်။

WY အသီး Amphetamines စိတ်ကြွဆေးနဲ့ ပတ်သက်ပြီး ဒေါက်တာတင့်ဆွေက "လက္ခဏာတွေကတော့ Psychosis စိတ်မူမမှန်တာ၊ Hallucination သူများမမြင်တာတွေမြင်နေ၊ သူများမထိတွေ့တာကို ထိတွေ့နေတယ်လို့ထင်တာ၊ Anxiety စိုးရိမ်စိတ်များတာတွေ ဖြစ်မယ်။ ဆေးကြောင့် Hyperthermia အပူချိန်လွန်ကဲတာ၊ Heart arrhythmia နှလုံးခုန်မမှန်တာနဲ့ Stroke (စထုပ်ခ်) တွေကနေ သေဆုံးနိုင်တယ်။ ရေရှည်မှာ ဘာတွေဆက်ဖြစ်လာသလဲ။ နှလုံးအပေါ် ဒဏ်များလာမယ်။ သွေးဖိအားတက်မယ်။ နှလုံးနဲ့ဆိုင်တဲ့ရောဂါတွေ ပိုပြီးရလမ်းများစေတယ်" လို့ ဆိုပါတယ်။

Ice လို့ခေါ်တဲ့ Methamphetamine စိတ်ကြွဆေးနဲ့ ပတ်သက်ပြီးတော့ ၎င်းက ဒါနဲ့ပတ်သက်တဲ့ စိတ်ပိုင်းသက်ရောက်မှုတွေကတော့ ကောင်းတာတွေကို ထင်မြင်နေမယ်။ အစပိုင်းလေးမှာ လိင်စိတ်များစေမယ်။ အာရုံစိုက်မှုများမယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမယ်။ လူထဲအတင်းလိုက်ရောမယ်။ စိတ်တိုမယ်။ ကြမ်းတမ်းမယ်။ ဆံပင်ကို ဆွဲနေမယ်။ အရေပြားဆိတ်နေမယ်။ သူများမမြင်၊ မကြားတာတွေကို မြင်ကြားနေမယ်။ သူ့မှာ ပါဝါတွေရှိနေတယ်လို့ ထင်နေမယ်။ ရုပ်ပိုင်းပြောင်းလဲလာတာတွေကတော့ အစာမစားချင်၊ တက်ကြွနေမယ်၊ အရေပြားနဲ့ မျက်နှာနီရဲနေမယ်၊ ချွေးထွက်များမယ်၊ ဂနာမငြိမ်ဖြစ်မယ်၊ အာခေါင်ခြောက်မယ်၊ ခေါင်းကိုက်မယ်၊ ရင်တုန်မယ်၊ နှလုံးခုန်မြန်မယ်-နှေးမယ်၊ နှလုံးခုန်မမှန်ဖြစ်မယ်၊ အသက်ရှူမြန်မယ်၊ သွေးဖိအား တက်မယ်-ကျမယ်၊ ဝမ်းပျက်မယ်၊ လက်တုန်မယ်၊ အရေပြားယားမယ်၊ ဝက်ခြံထွက်မယ်၊ ဖြူဖတ်ဖြူရော်နေမယ်၊ တက်မယ်၊ နှလုံး (အတက်) ရမယ်၊ သေမယ်လို့ ဆိုပါတယ်။

စိတ်ကြွဆေးတွေရဲ့ အန္တရာယ်နဲ့အတူ သင်္ကြန်မှာ အရက်သုံးစွဲသူတွေအတွက်လည်း သတိထားရမယ့် အန္တရာယ်က အပူဒဏ်ပါ။ ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်း အဆင့် ၁၀ ကျော်နေပြီဖြစ်ပြီး မနှစ်ကအမြင့်ဆုံးရောက်ခဲ့တဲ့ ညွှန်းကိန်း အဆင့် ၁၅ နဲ့ ၁၆ ကိုကျော်သွားနိုင်တယ်လို့ မိုးလေဝသနဲ့ ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က မကြာသေးခင်ကမှ သတိပေးထားပါတယ်။

ဒီနှစ်သင်္ကြန်က အပူဒဏ်နဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် အန္တရာယ်များလွန်းလှပါတယ်။ အရက်သောက်သုံးသူတွေအနေနဲ့လည်း နေပူပူရေစိုစိုမှာခရမ်းလွန်ရောင်ခြည် အန္တရာယ်တွေကို အထူးဂရုပြုရမှာပါ။ ဒီလို မူးယစ်၊ အရက်သုံးစွဲမှုတွေနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲ ရမ်းကားမှုတွေ မဖြစ်ဖို့နဲ့ ထိန်းသိမ်းဖို့ သက်ဆိုင်ရာက သတိပေး ညွှန်ကြားချက်ရှိတယ်လို့ သင်္ကြန်မဏ္ဍပ် ဆောက်လုပ်ခွင့်ရတဲ့သူတွေက ပြောပါတယ်။

> **ဘယ်လိုပဲဖြစ်ဖြစ် သင်္ကြန်တွင်းမှာ အစဉ်အလာတစ်ခုလိုဖြစ်လာတဲ့ အရက်၊ ဘီယာနဲ့ မူးယစ်ဆေးသုံးစွဲမှုတွေဟာ ရှိနေဦးမှာပါပဲ။ ဒါတွေနဲ့အတူ နောက်ဆက်တွဲ ရမ်းကားမှုတွေ၊ ပြဿနာတွေကလည်း ရှိလာနေဦးမှာပါပဲ။ သင်္ကြန်ဟာ မူးယစ်ရမ်းကားမှုတွေကြောင့် ရုပ်ပျက်လာရတာနဲ့ ပတ်သက်ပြီး သင်္ကြန်ကို စိတ်ကုန်လာကြတဲ့ လူငယ်တွေတောင် ရှိကုန်ပါပြီ . . . ။**

Project X ရေကစားမဏ္ဍပ်တာဝန်ခံ မဆုပြည့်အောင်က "မဏ္ဍပ်တွေမှာ စဆောက်ကတည်းက အပေါ်မှာ ဘားတွေ ဘာတွေ မထားဖို့ စည်းကမ်းသတ်မှတ်တယ်။ လုံခြုံရေးက ဂိတ်ဝတွေမှာ တာဝန်ရှိရဲတွေအပြင် အပေါ်အောက် လုံခြုံရေးကင်မရာတွေ အကုန်ဆင်ထားတယ်ပေါ့။ တစ်နေ့တာ ပြီးတိုင်း ကျွန်မတို့ ကင်မရာတွေနဲ့ရိုက်ထားတဲ့အခွေကို မြို့တော်ခန်းမကိုသွားပေးရပါတယ်။ မဏ္ဍပ်ပိတ်တာနဲ့ပေါ့။ လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ သူတို့ကလည်း နေ့တိုင်းလာစစ်ကြတယ်။ မဏ္ဍပ်ပေါ်တက်ပြီးစစ်တာပေါ့။ အခွေကိုကြည့်ပြီး မသင်္ကာတာတို့ ဘာတို့ရှိရင် သူတို့ ပြန်လာစစ်တယ်" လို့ ပြောပါတယ်။

ရဲတပ်ဖွဲ့ကတော့ သင်္ကြန်ကာလမှာ မူးယစ်ဆေးဝါးသုံးစွဲမှု မလုပ်ဖို့ အသိပညာပေး ဟောပြောပွဲတွေ လုပ်နေတာရှိပေမယ့် ဒီဟောပြောပွဲတွေက လူငယ်တွေရဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုတွေကို တားဆီးနိုင်မယ့် အခြေအနေတော့မရှိပါဘူး။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းက "နိုင်ငံတော်အနေနဲ့လည်း မူးယစ်ဆေးဝါး ကာကွယ်တားဆီးမှု လုပ်ငန်းတွေကို မဖြစ်မနေ သင်္ကြန်အတွင်းမှာ ဆောင်ရွက်သင့်တယ်ပေါ့။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကတော့ ဒါနဲ့ပတ်သက်ပြီး ဘာတွေ ဆောင်ရွက်ထားလဲ အန်တီမသိဘူးပေါ့။ အန်တီတို့ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ပြောဆိုထားတာမရှိဘူး"လို့ ဆိုပါတယ်။

ဘယ်လိုပဲ ဖြစ်ဖြစ် သင်္ကြန်တွင်းမှာ အစဉ်အလာတစ်ခုလိုဖြစ်လာတဲ့ အရက်၊ဘီယာနဲ့ မူးယစ်ဆေးသုံးစွဲမှုတွေဟာ ရှိနေဦးမှာပါပဲ။ ဒါတွေနဲ့အတူ နောက်ဆက်တွဲ ရမ်းကားမှုတွေ၊ ပြဿနာတွေကလည်း ရှိလာနေဦးမှာပါပဲ။ သင်္ကြန်ဟာ မူးယစ်ရမ်းကားမှုတွေကြောင့် ရုပ်ပျက်လာရတာနဲ့ ပတ်သက်ပြီး သင်္ကြန်ကို စိတ်ကုန်လာကြတဲ့ လူငယ်တွေတောင် ရှိကုန်ပါပြီ။

နိုင်ငံခြားသင်္ဘောလိုင်း ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ အသက် (၁၈)နှစ်သာရှိသေးတဲ့ မတင်ထက်ပိုင်က သင်္ကြန်ကို အခုလို ပြောလိုက်ပါတယ်။

သူက "အခုနောက်ပိုင်း သင်္ကြန်မှာ ပျော်ကြတဲ့ တချို့အပျော်တွေက စည်းလွတ်ဝါးလွတ်တွေ ဖြစ်ကုန်တတ်ကြတယ်။ လုပ်ချင်တာ လုပ်ဖို့အခွင့်အရေးကြီးတစ်ခု ရထားသလိုပဲ။ မဏ္ဍပ်တွေကလည်း ရေစိုနေတဲ့ ကလပ်တွေပဲ။ ဘာမှမထူးတော့ဘူး။ လူငယ်တစ်ယောက်အနေနဲ့ ပျော်ချင်တာ သဘာဝပါ။ ဒါပေမယ့် ပျော်ပါးတာထက် ကျော်ပြီး အနှစ်သာရမရှိ ရမ်းကားတာတွေ၊ စည်းကမ်းမရှိတာတွေ တွေ့ရရင် သင်္ကြန်ရေ မစိုဘူးပဲပြောပြော ကိုယ့်ဘာသာ အိမ်ထဲမှာပဲ နေနေတာကမှ ပိုစိတ်ချမ်းသာတယ်လို့ စဉ်းစားမိတယ်" လို့ ပြောပါတယ်။

❐❐

---

❍ စာမျက်နှာ ၉ မှ

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအား လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ဝိုက်အားလည်းကောင်း မြေအနေအထားအရ ကောင်းမွန်စွာ စိုးမိုးထားလျက်ရှိသည်။ ယင်းတောင်ကုန်းအား ထိုးစစ်ဆင် တိုက်ခိုက်ရာတွင် ကိုးကန့်သောင်းကျန်းသူများက မတ်စောက်သောတောင်စောင်းများတစ်လျှောက် အဆင့်ဆင့် ခံစစ်နေရာများပြင်ဆင်၍ ပုံသေပစ်ကြောင်းများဖြင့် ခုခံတိုက်ခိုက်ခြင်း၊ သဘာဝမြေအနေအထား၏ အားသာချက်ကို ရယူ၍ လက်နက်ကြီးများ၊ လက်ပစ်ဗုံးများ၊ တိုက်မိုင်းများ၊ ကြီးကြပ်မိုင်းများဖြင့် ပြင်းထန်စွာ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် တပ်မတော်စစ်ကြောင်းများက ထိရောက်ဟန်ချက်ညီသော ပစ်ကူပစ်အား ရယူ၍ မတ်စောက်သော ကျောက်တောင်နံရံများအား ကျားကုတ်ကျားခဲ တက်ရောက်ကာ အသက်ကိုပဓာနမထားဘဲ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့်သာ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွိုင့်-၁၈၄၅ တောင်ကုန်းတွင် ကိုးကန့်သောင်းကျန်းသူအင်အား ၂၀၀ ခန့် နေထိုင်နိုင်သော လှုနေတဲများ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ဗုံးခိုကျင်းများ၊ အသုံးအဆောင်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ယင်းတောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ရှိ ဆက်သွယ်ရေးလမ်းကြောင်းများအား စိုးမိုးလျက်ရှိသော တောင်ကုန်းများနှင့် သောင်းကျန်းသူများ ခိုအောင်းနိုင်သော နေရာများကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ၎င်းနေရာအား ခြေကုပ်ယူ၍ ပတ်ဝန်းကျင်နေရာများသို့ ဆက်လက်အောင်မြေချဲ့ တိုက်ခိုက်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

❐❐

## ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| နေပြည်တော်(တပ်ကုန်း) | ၄၃ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၃ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၃ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် |





# တရုတ် ဓာတုပစ္စည်းထုတ်လုပ်ရေးစက်ရုံ မီးလောင်မှုဖြစ်ပွား

**ပေကျင်း ဧပြီ ၉**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျင့်ပြည်နယ် ရှန်းကျိုးမြို့၌ ဓာတုဗေဒစက်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ စက်ရုံအနီးအပါး၌ နေထိုင်သူ ပြည်သူ ၃၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း နိုင်ငံပိုင် ဆင်ဟွာ သတင်းဌာနက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါရာဇိုင်လင်း ဓာတုပစ္စည်းထုတ်လုပ်သော စက်ရုံတွင် ဧပြီ ၆ ရက် ညနေပိုင်းမှစ၍ နာရီ ၅၀ ကြာမျှ မီးလောင်ခဲ့သည်။ မီးလောင်မှုနှင့်အတူ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ဧပြီ ၇ ရက် ညတွင် မီးကို ငြိမ်းသတ်နိုင်ခဲ့သည်။ သို့ရာတွင် ဧပြီ ၈ ရက်တွင် သိုလှောင်ကန်နှစ်ခု၌ မီးလောင်မှုထပ်မံ ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စက်ရုံအနီးရှိ လူနေရပ်ကွက်များမှ ပြည်သူ ၂၉၀၉၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဧပြီ ၉ ရက် နံနက်အစောပိုင်းတွင် မီးကို လုံးဝငြိမ်းသတ်နိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဓာတုဗေဒစက်ရုံ၌ မီးလောင်မှုကြောင့် ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရသည်။

မီးကို ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ၈၀၀ ကျော်က ကြိုးပမ်းနေပုံကို ရုပ်မြင်သံကြား သတင်းတွင် ထုတ်လွှင့်ပြသခဲ့သည်။ **ဆင်ဟွာ။**

# ထိုင်းသင်္ဘောမီးလောင်မှုမှ အစ္စရေးမိန်းကလေးငယ်တစ်ဦး၏ ရုပ်အလောင်းတွေ့ရှိ

**ဗန်ကောက် ဧပြီ ၉**

ထိုင်းနိုင်ငံအနောက်တောင်ပိုင်း အက်ဒမန်ပင်လယ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သော သင်္ဘောမှ အသက်(၁၂)နှစ်အရွယ် အစ္စရေးမိန်းကလေးတစ်ဦး၏ ရုပ်အလောင်းကို ထိုင်းတာဝန်ရှိသူများက ရှာဖွေတွေ့ရှိခဲ့ကြသည်။

ကရာဘီပြည်နယ်ကမ်းလွန်တွင် မီးလောင်နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် သင်္ဘောပေါ်မှ ခရီးသည်နှင့် သင်္ဘောအမှုထမ်း ၁၁၀ ခန့်ကို ကယ်တင်ထားနိုင်ခဲ့သည်။

သင်္ဘောနစ်မြုပ်မှုဖြစ်ပွားကတည်းက ရှာဖွေမှုများပြုလုပ်နေသည့် ရေတပ်၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် အမျိုးသားဥယျာဉ်ဆိုင်ရာ အရာရှိများပါဝင်သော ကယ်ဆယ်ရေးအဖွဲ့ဝင် ၅၀ က မိန်းကလေးငယ်၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကရာဘီပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး နာရောင်ဝန်ချူးက ပြောကြားသည်။

အဆိုပါ မိန်းကလေးသည် မိဘများနှင့် အပျော်ခရီးထွက်လာခြင်းဖြစ်ပြီး သင်္ဘောမီးလောင်မှုဖြစ်ပွားနေစဉ်တွင် သန့်စင်ခန်းထဲရောက်ရှိနေခြင်း ဖြစ်ဖွယ်ရှိသည်ဟု ယူဆရသည်။ ရဲတပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အေပီ။**

# အီတလီတရားရုံး၌ ပစ်ခတ်မှုဖြစ်ပွား တရားသူကြီးအပါအဝင် လူသုံးဦးသေ

**မီလန်(အီတလီ) ဧပြီ ၉**

ဧပြီ ၉ ရက်က အီတလီနိုင်ငံ မီလန်မြို့ရှိ တရားရုံးကြားနာမှုတစ်ခု အတွင်း တရားခံက သေနတ်ဖြင့်ပစ်ခတ်ရာ လူသုံးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရသတင်းများက ပြောကြားသည်။ သေဆုံးသူများတွင် ဒေဝါလီခံထားရသည့် တရားသူကြီးတစ်ဦးဖြစ်သူ ဖာနန်ဒိုစီရမ်ပီနှင့် လူငယ်ရှေ့နေ လော်ရန်ဇိုအယ်ဘာတိုတို့ ပါဝင်ကြောင်းသိရသည်။

သေနတ်ပစ်ခတ်သူဟု စွပ်စွဲခံထားရသူ ကလော်ဒီယို ဂီရာဒယ်လိုဟုခေါ်ဆိုသူ စီးပွားရေးလုပ်ငန်းရှင်ကို ဆိုင်ကယ်တစ်စီးဖြင့် ထွက်ပြေးရန်ကြိုးပမ်းနေစဉ် မီလန်တရားရုံးအဆောက်အအုံမှ ၂၀ ကီလိုမီတာကွာဝေးသည့်နေရာ၌ နောက်ပိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း Rai State ရုပ်မြင်သံကြားဌာနကဆိုသည်။ ဒဏ်ရာအပြင်းအထန် ရရှိထားသူတစ်ယောက်အပါအဝင် ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်းသိရသည်။ သေနတ်ကိုင်ဆောင်ထားသည့် လူတစ်ယောက်ကို တရားရုံးအဆောက်အအုံတွင်း ဝင်ရောက်လာနိုင်မှုမှာ အလွန်အန္တရာယ်များသော ကိစ္စတစ်ခုဖြစ်လာလိမ့်မည်ဟု မီလန်အခြေစိုက် Corriere della Sera သတင်းစာမှ ကော်လံစားသတင်းထောက် ဂူစပီဂူစတယ်လာက ဆင်ဟွာသို့ ပြောကြားသည်။

"တရားရုံးမှာ စကြင်္ကြံလမ်းခုနှစ်ခုရှိပြီး စကြင်္ကြံလမ်းသုံးခုမှာ သတ္တုရှာဖွေရေးကိရိယာတွေ တပ်ဆင်ထားပါတယ်"ဟု ၎င်းက ပြောကြားသည်။ တရားသူကြီးများနှင့် ရှေ့နေများက သတ္တုရှာဖွေရေး ကိရိယာများမှတစ်ဆင့် မဖြတ်သန်းစေဘဲ ဝင်ရောက်ခွင့်ပြုခြင်းဖြစ်ကြောင်း သူကဆိုသည်။ ရာပေါင်းများစွာသော တရားရုံးအဆောက်အအုံလုပ်သားများ၊ သတင်းထောက်များနှင့် လမ်းသွားလမ်းလာများသည် မေ ၁ ရက်တွင် ကမ္ဘာ့ကုန်စည်ပြပွဲကျင်းပမည့် အီတလီနိုင်ငံမြောက်ပိုင်းမြို့တော် မီလန်မြို့လယ်ကောင်တွင် တည်ရှိသည့် တရားရုံးအဆောက်အအုံအပြင်ဘက်သို့ စုရုံးလာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**



# အိန္ဒိယတွင် လေယာဉ်မှူးများ၏ စိတ်ကျန်းမာရေး ပိုမိုစစ်ဆေးရန် တောင်းဆို

**နယူးဒေလီ ဧပြီ ၉**

ဂျာမန်ဝင်း လေကြောင်းလိုင်းအမှတ် ၉၅၂၅ ၏ လေယာဉ်မှူးက တမင်ရည်ရွယ်ချက်ရှိရှိ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့မှုကြောင့် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၅၀ သေဆုံးခဲ့ရမှုသည် အိန္ဒိယအစိုးရအနေဖြင့် လေယာဉ်မှူးများ၏ စိတ်ကျန်းမာရေးကို ပြန်လည်သုံးသပ်စစ်ဆေးရန် တွန်းအားတစ်ခုဖြစ်စေခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်က အိန္ဒိယနိုင်ငံပိုင် အဲအိန္ဒိယလေကြောင်းလိုင်းမှ လေယာဉ်မှူးနှစ်ဦး လေယာဉ်မှူးအခန်းအတွင်း ထိုးကြိတ်ရန်ဖြစ်နေသည်ကို တွေ့ရှိရမှုသည်လည်း အိန္ဒိယတာဝန်ရှိသူများအတွက် လေယာဉ်မှူးများ၏ စိတ်ကျန်းမာရေးစစ်ဆေးမှုကို တိုးမြှင့်လုပ်ဆောင်ရန် သတိပေးနှိုးဆော်သကဲ့သို့ ရှိနေသည်။

" အဲအိန္ဒိယလေကြောင်းလိုင်းအနေဖြင့် အခုလိုဖြစ်ရပ်မျိုးဘာကြောင့်ဖြစ်ရတယ်ဆိုတာကို ကျွန်တော်စောင့်ကြည့်သွားပါမယ်။ ဒီဖြစ်ရပ်ကို အရေးယူပြီး စုံစမ်းစစ်ဆေးမှုတွေ ချက်ချင်းပြုလုပ်ရမှာပါ"ဟု အာဏာရ ဘီဂျေပီပါတီ ပြောရေးဆိုခွင့်ရှိသူ နာလင်ခိုလီက ပြောကြားသည်။

ပြင်သစ်အစိုးရရှေ့နေများ၏ အဆိုအရ မတ်လအတွင်းက ဂျာမန်ဝင်း လေကြောင်းလိုင်းမှ တွဲဖက်လေယာဉ်မှူး အန်ဒရီယာ လူဗစ်၏ တမင်ရည်ရွယ်လုပ်ဆောင်သည့် အပြုအမူကြောင့် လေယာဉ်ပျက်ကျရခြင်းဖြစ်သည်ဟု သိရသည်။ စုံစမ်းစစ်ဆေးသူများက လေယာဉ်သည် ပြင်သစ်အဲလ်ပ်တောင်းတန်းသို့ မရောက်ရှိမီ လူဗစ်သည် ၎င်း၏လေယာဉ်မှူးကို အခန်းတွင်းဝင်ခွင့်မရအောင် အထဲမှ လော့ချထားခဲ့သည်ဟု သိရသည်။ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်ပါ လူအားလုံးသေဆုံးခဲ့ရသည်။ **စီအင်န်အေ။**



# စီးပွားရေးဒဏ်ခတ်မှု ချက်ချင်းရုပ်သိမ်းပေးရန် အီရန်သမ္မတ ဟာဆန် ရိုဟာနီ တောင်းဆို

**တီဟီရန် ဧပြီ ၉**

အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးဒဏ်ခတ်မှုများကို ချက်ချင်းရုပ်သိမ်းပေးခြင်း မရှိပါက မည်သည့် နျူကလီးယား သဘောတူညီချက်ကိုမဆို လက်မှတ်ရေးထိုးမည် မဟုတ်ကြောင်း သမ္မတ ဟာဆန်ရိုဟာနီ**(အပေါ်ပုံ)**က ဧပြီ ၉ ရက်တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးဒဏ်ခတ်မှုများကို တဖြည်းဖြည်းချင်း ရုပ်သိမ်းပေးမည်ဟု အမေရိကန်အစိုးရအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အီရန်သမ္မတက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မိမိ၏ အစိုးရအဖွဲ့သည် စီးပွားရေးပိတ်ဆို့မှုများ သို့မဟုတ် ခြိမ်းခြောက်မှုများဖြင့် အနိုင်ကျင့်ခံရမှုကို ငုံ့ခံလိမ့်မည်မဟုတ်ကြောင်း အီရန်နျူကလီးယားနည်းပညာနှင့်ပတ်သက်၍ မှတ်ချက်စကားပြောကြားရာတွင် သမ္မတ ရိုဟာနီက ဖော်ပြသည်။

နျူကလီးယားသဘောတူညီချက် လက်မှတ်ရေးထိုးသည့်နေ့မှာပင် စီးပွားရေးပိတ်ဆို့မှု အရပ်ရပ်ကို ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်း၊ နျူကလီးယားဆွေးနွေးပွဲ၌ ပါဝင်သည့် အဖွဲ့များအားလုံးအနေဖြင့် အပြန်အလှန် အကျိုးကျေးဇူးရရှိအောင် ဆွေးနွေးကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

စီးပွားရေး ပိတ်ဆို့မှုများကို တစ်ဆင့်စီ ရုပ်သိမ်းပေးမည်ဟု အနောက်အုပ်စု၏ ကြေညာချက်မှာ မေးခွန်းထုတ်စရာဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ကလည်း ပြောကြားခဲ့သည်။ **ပီတီအိုင်။**

# ထိန်းသိမ်းထားသောကုန်သင်္ဘောကို ပြန်လွှတ်ပေးရန် မက္ကဆီကိုအား မြောက်ကိုရီးယားတောင်းဆို

**ပြုံယမ်း ဧပြီ ၉**

ယမန်နှစ်အတွင်းက သောင်တင်သွားခဲ့သည့် ၎င်း၏ ကုန်သင်္ဘောတစ်စင်းအား မက္ကဆီကိုနိုင်ငံက ဥပဒေမဲ့ ထိန်းသိမ်းထားကြောင်း မြောက်ကိုရီးယားနိုင်ငံက ဧပြီ ၉ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

မူဒူဘောင်းအမည်ရှိ သင်္ဘောသည် တရားဝင်ကုန်သွယ်ရေကြောင်းသင်္ဘောတစ်စင်းဖြစ်ပြီး ယင်းသို့ ထိန်းသိမ်းထားခြင်းသည် အချုပ်အခြာအာဏာပိုင်စိုးမှုကို ကျူးကျော်စော်ကားခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

သို့ရာတွင် အဆိုပါ သင်္ဘောကို မြောက်ကိုရီးယားပင်လယ်ရေကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့က ပိုင်ဆိုင်ပြီး ယင်းအဖွဲ့အစည်းကို ကုလသမဂ္ဂက အမည်ပျက်စာရင်းတွင် ထည့်သွင်းထားကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ပနားမားတူးမြောင်းတွင်း၌ မြောက်ကိုရီးယားပင်လယ်ရေကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့ပိုင် ကုန်တင်သင်္ဘောတစ်စင်းပေါ်၌ သကြားအိတ်များအောက်တွင် ဖုံးကွယ်သယ်ယူလာသော ဆိုဗီယက်ခေတ် စစ်လက်နက်များနှင့် တိုက်လေယာဉ်များကို ရှာဖွေတွေ့ရှိခဲ့ရသဖြင့် ပနားမားနိုင်ငံက ဖမ်းဆီးထားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံပိုင် သင်္ဘောများဖြင့် စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း မပြုရန် ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချမှတ်ထားသည်။ **ဘီဘီစီ။**

## KOICA မှ ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် သုတေသနအတွက် ထပ်မံပံ့ပိုးကူညီ

**ရန်ကုန် မေ ၉**

၂၀၁၄ ခုနှစ်အတွင်းဖွင့်လှစ်ခဲ့သော အဆင့်မြင့်သုတေသနဓာတ်ခွဲခန်း အဆောက်အအုံ၏ နောက်ဆက်တွဲလုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ လေးသိန်းခွဲတန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် သုတေသနလုပ်ငန်းများအတွက် ထပ်မံကူညီပံ့ပိုးပေးသော အစီအစဉ်စတင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါအစီအစဉ်အား ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ဆေးသုတေသဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က ကူးစက်ရောဂါသုတေသနလုပ်ငန်းများကို KOICA နှင့် ပူးပေါင်း လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပါမောက္ခ Mr. Chulhun Chang နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဘုန်းကျော်တို့က အမှာစကားပြောကြားကြသည်။

ကနဦးဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် ပရောဂျက်အစီအစဉ်တွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန၊ KOICA နှင့် ကိုရီးယားပြည်သူများက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အဆင့်မြင့်သုတေသန ဓာတ်ခွဲခန်းအဆောက်အအုံကို တည်ဆောက်လှူဒါန်းခဲ့ပြီး အဆိုပါအဆောက်အအုံနှင့် ရောဂါရှာဖွေစစ်ဆေးပေးနိုင်သော အဆင့်မြင့်မော်လီကျူးပညာများကို အသုံးပြုပြီး လျင်မြန်စွာဆောင်ရွက်နိုင်သည့် ဓာတ်ခွဲခန်းသုံးနှင့် အခြားဆက်စပ်ပစ္စည်းများကို ကူညီပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။

ယခုအစီအစဉ်တွင် ကူးစက်ရောဂါများဖြစ်သော ငှက်ဖျား၊ အသည်းရောင်အသားဝါနှင့် တီဘီရောဂါတို့၏ ဆေးယဉ်ပါးမှုများကို အဆင့်မြင့်မော်လီကျူး နည်းပညာဖြင့် အချိန်တိုအတွင်း ဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များတွင် လိုအပ်မည့် မော်လီကျူးဗေဒသုတေသနများ လာရောက်လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်မှုများကိုပါ လေ့ကျင့်မည့်အစီအစဉ်များပါရှိကြောင်း သိရသည်။

**(ဝင်းဝင်းမော်)**

## ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၄ လမ်းတွင် မီးလောင်

ရန်ကုန် မေ ၉

**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၂) ရပ်ကွက် (၅၄) လမ်း တိုက်အမှတ်-၆ (၈)လွှာတွင် ယနေ့ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**



အဆိုပါ (၅၄) လမ်း တိုက်အမှတ် (၆) အပေါ်ဆုံးထပ် (၈)လွှာ (ဝဲ)ဘက်ခြမ်းအိမ်တွင် အိမ်သားများမရှိဘဲ သော့ခတ်ထားစဉ် ညနေ ၃ နာရီခွဲမှ စတင်မီးလောင်ခဲ့ရာ အိမ်ရှေ့အိမ်မှ မီးလောင်ကြောင်း သိရှိရသဖြင့် အနီးအနားရှိ လူများအား အော်ဟစ်အကူအညီတောင်းပြီး မီးသတ်ဌာနသို့ သတင်းပို့သူများမှတစ်ဆင့် အကြောင်းကြားခဲ့ကြောင်း အဆိုပါမီးလောင်သည့် အိမ်ရှေ့အိမ်မှ သိရသည်။

ရန်ကုန်မြို့တွင်းမှ မြို့နယ် မီးသတ်ယာဉ်များ၊ ရေသည်ယာဉ်များ လာရောက်မီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အခန်းတစ်ခန်း မီးလောင်ကျွမ်းခဲ့ကာ မီးကူးစက်မှုမရှိကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးကို အတိအကျ မသိရသေးကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**(ဖိုးသန့်)**

## ၂၀၁၅ ခုနှစ် မတ်လအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

**နေပြည်တော် မေ ၉**

၂၀၁၅ ခုနှစ် မတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၃၄ မှု (အလေးချိန် ၄၂ ဒသမ ၆၁၂၀ ကီလို)၊ ဘိန်းဖြူ ၂၂၉ မှု (အလေးချိန် ၈ ဒသမ ၄၄၇၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၆ မှု (၂၃၉၉၄၆၅ ပြား)၊ ဆေးခြောက် ၁၅ မှု (အလေးချိန် ၈ ဒသမ ၇၇၅၈ ကီလို)၊ ကတ်တမင်း တစ်မှု (၃ ဒသမ ၁ လီတာ)၊ ဘိန်းဆီခဲ ၆ မှု (အလေးချိန် ၂ဒသမ ဝ၇၁၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၄ မှု (အလေးချိန် ၃ ဒသမ ၂၉၅၃ ကီလို)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် တစ်မှု (အလေးချိန် ၃၄၀၀ လီတာ)၊ အိုက်စ်ငါးမှု (အလေးချိန် ၁၂၅၀ ဒသမ ၃၁၇၂ ကီလို)၊ ဘိန်းစာမှုန့်နှစ်မှု (အလေးချိန် ၃ ဒသမ ၇၈၅၀ ကီလို)၊ အက်ဖီဒရင်းလေးမှု (အလေးချိန် ၂၀ ဒသမ ၆၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့်နှစ်မှု (အလေးချိန် ၅ ဒသမ ၁၀၄၄ ကီလို)၊ ကဖင်းတစ်မှု (အလေးချိန် ၄၃ ကီလို)၊ ဗျူပရီနော်ဖင်းတစ်မှု (အပြား ၃၂၀)၊ ဘိန်းညိုမှုန့် (အလေးချိန် သုည ဒသမ ၃၅ ကီလို)၊ ထရာမဒေါလ် ၁၀ တောင့်၊ အခြားမှုနှစ်မှု၊ မှတ်ပုံတင်ပျက်နှစ်မှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၄၅ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား ၆၈၈ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း ၇၆၃ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

naeyi;xri;^[ i;csucse r;oway;E;aqmcsu

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန။**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် လှိုက်လှဲစွာကြိုဆိုထောက်ခံခြင်း

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ်လ(၃၁)ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် တစ်ဖက်နှင့်တစ်ဖက်အကြား ယုံကြည်ကိုးစားမှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှုခြေလှမ်းသစ်တစ်ခုဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ နှစ်(၆၀)ကျော် ဖြစ်ပွားခဲ့ပြီးနောက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုမှာ ဖွဲ့၊ လုံ့လနှင့် စိတ်စေတနာကောင်းများကြောင့်ဖြစ်ပါကြောင်း၊ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၆)ဖွဲ့တို့ နှစ်(၆၀)ကျော် ပဋိပက္ခအပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် သမိုင်းဝင်ထူးခြားသော အောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းသမိုင်းဝင်ဆောင်ရွက်ချက်ဖြစ်ရပ်ကို ကြိုဆိုထောက်ခံပြီး နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ဂုဏ်ယူလေးစားပါကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ဆိုးရွားလှသည့် အနိဋ္ဌာရုံများကို ကာလအရှည်ကြာဆုံးခံစားခဲ့ကြရသော ကရင်ပြည်နယ်သူ ပြည်နယ်သားများအတွက် အလွန်ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းတစ်ရပ်ဖြစ်ပါသဖြင့် ကရင်ပြည်နယ်နှင့် ကရင်ပြည်နယ်သားအားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါကြောင်းနှင့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုဆိုထောက်ခံဂုဏ်ပြုအပ်ပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့်**
**ကရင်ပြည်နယ်မှ ပြည်သူ ပြည်သားများ**



**အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)ကွပ်ကဲမှုအောက်ရှိ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုဗ္ဗသီရိမြို့နယ်) တပ်ဖွဲ့စုမှူး ဒုရဲမှူးမိုးညွန့်ထွန်း ဦးစီးသော ရဲအုပ်စည်သူဆွေနှင့်ပူးပေါင်းအဖွဲ့က သင်္ကြန်အတွင်း ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဧပြီ ၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ နေပြည်တော်ဘူတာကြီးလမ်းအထက(၃)အနီးတွင် ဆောင်ရွက်စဉ်။** ကိုကိုရှုပ(နေပြည်တော်)

အားကစား

# မန်ချက်စတာညချမ်းမှာ အနိုင်ရလဒ်ကို ဘယ်အသင်းဆောင်ကြဉ်းနိုင်မလဲ

## မန်ယူနှင့် မန်စီးတီးတို့၏ မန်ချက်စတာဒါဘီအား အကြိုခံစားခြင်း

[နိုင်လင်းကြည်]

**မန်ယူ - မန်စီးတီး**
**(၁၂-၄-၂၀၁၅၊ တနင်္ဂနွေည)**




မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးတို့ ထိပ်တိုက်ဆုံတွေ့နေတဲ့ မန်ချက်စတာဒါဘီ ပွဲစဉ်ကတော့ ဧပြီ ၁၂ ရက်(တနင်္ဂနွေနေ့)ညပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာပဲဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ မန်ချက်စတာမြို့ခံနှစ်သင်းရဲ့ ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်းစာရင်းဝင်အဖြစ်မှ သွေဖည်မသွားရေးနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာသေချာစေရေးအတွက် အရေးပါတဲ့ပွဲစဉ်တစ်ပွဲလို့လည်း ဆိုနိုင်ပါတယ်။

မန်ယူအနေနဲ့ အခုပွဲဟာ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ဧည့်သည်မန်စီးတီးကို အိမ်ရှင်အဖြစ် ဧည့်ခံကစားရမှာဖြစ်လို့ လက်ရှိအနေအထားအရ မန်ယူရဲ့ အိမ်ကွင်းအားသာချက်နဲ့အတူ အိမ်ကွင်းနိုင်ပွဲအများဆုံးရရှိထားမှုစံချိန်ကို ဆက်ထိန်းထားနိုင်မလားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေသလို မန်စီးတီးအတွက် အဝေးကွင်းနိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်စေမယ့် ပွဲစဉ်တစ်ပွဲဖြစ်လာလေမလားဆိုတာကလည်း စိတ်ဝင်စားဖွယ်ကောင်းနေခဲ့ပါတယ်။

လက်ရှိအမှတ်ပေးဇယားမှာ မန်ယူက ရမှတ် ၆၂ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ တတိယနေရာမှာ ရပ်တည်နေပြီး မန်စီးတီးကတော့ ခရစ္စတယ်ပဲလေ့ရဲ့ အိမ်ကွင်းမှာ ရှုံးပွဲကြုံခဲ့ရတဲ့ ရလဒ်ဆိုးကြောင့် မြို့ခံပြိုင်ဘက် မန်ယူရဲ့ အောက်မှာ ရမှတ် ၆၁ မှတ်နဲ့ အမှတ်ပေးဇယားရဲ့ အဆင့်(၄)နေရာကို ထင်မှတ်မထားဘဲ ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ အမှတ်ကွာဟမှုက ကျဉ်းမြောင်းလွန်းတယ်။ ဒီတော့ အခု မန်ချက်စတာဒါဘီမှာ အလွဲအချော်၊ အတိမ်းအစောင်းအနည်းငယ်ဖြစ်လိုက်တာနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ပါဆုံးရှုံးသွားနိုင်တဲ့ အနေအထားကို ရောက်မှန်းမသိရောက်သွားနိုင်တယ်။

ဘာလို့လဲဆိုရင် အခုပွဲမှာ ဘယ်အသင်းပဲရှုံးရှုံး၊ အဲဒီရှုံးတဲ့အသင်းက နောက်လက်ကျန်ပွဲတွေမှာ ထပ်ပြီး ရှုံးပွဲမကြုံဘူးလို့ မပြောနိုင်ဘူး။ ချန်ပီယံလိဂ်ဝင်ခွင့်လမ်းကြောင်းပေါ်ကနေ သွေဖည်သွားနိုင်သလို ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရေးအတွက် စောင့်ဆိုင်းနေတဲ့ စပါးနဲ့ လီဗာပူးတို့တောင် အခွင့်အရေးတွေ ရသွားနိုင်တယ်။

မန်ယူရဲ့ လက်ရှိအနေအထားကိုကြည့်ရင် မန်စီးတီးထက် ခြေစွမ်းတည်ငြိမ်မှုပိုမိုအားကောင်းတယ်လို့ ဆိုရမယ်။ မန်ယူအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ အဲဒီနောက်ဆုံးငါးပွဲမှာ ရမှတ် ၁၅ မှတ်အပြည့်ရယူထားနိုင်ခဲ့တယ်။ ပြီးတော့ အခုနှစ်ဘောလုံးရာသီမှာလည်း အိမ်ကွင်းနိုင်ပွဲအများဆုံးရရှိထားတဲ့အသင်း။ အဲဒီအိမ်ကွင်းနိုင်ပွဲတွေကနေ ရမှတ် ၄၀ တောင်ရထားတယ်။ ဒါ့ကြောင့် မန်ယူအခုရထားတဲ့ ရမှတ် ၆၂ မှတ်ထဲမှာ အိမ်ကွင်းရမှတ်က သုံးပုံနှစ်ပုံလောက်တောင်ရှိတယ်။ အဲဒါဟာ မန်ယူရဲ့ အိမ်ကွင်းအား ဘယ်လောက်ကောင်းတယ်ဆိုတာ တိုင်းတာလို့ရတဲ့ ပေတံလို့ တွက်ဆနိုင်တယ်။

အခုပွဲမှာ ဧည့်သည်အဖြစ်လာကစားရမယ့် မန်စီးတီးကတော့ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးက ချယ်လ်ဆီးပြီးရင် အဝေးကွင်းနိုင်ပွဲ ဒုတိယအများဆုံးအသင်းဆိုပေမယ့် မန်စီးတီးကစားခဲ့တဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် စိတ်ပျက်စရာတောင်ကောင်းတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အိမ်ကွင်းမှာ ကစားခဲ့ရတဲ့ ဝက်စ်ဘရွန်း၊ လက်စတာ စတဲ့ နှစ်သင်းနဲ့ ပွဲစဉ်တွေမှာပဲ အနိုင်ရရှိခဲ့တယ်။

အဲဒီနောက်ဆုံးငါးပွဲမှာ အဝေးကွင်းသွားကစားခဲ့ရတဲ့ သုံးပွဲ စလုံးရှုံးထားတာတွေ့ရတယ်။ အဝေးကွင်းရှုံးတဲ့ အသင်းတွေကိုကြည့်ရင် လီဗာပူး၊ ဘန်လေနဲ့ ခရစ္စတယ်ပဲလေ့တို့ဖြစ်တာကြောင့် မန်စီးတီးရဲ့ အဝေးကွင်းခြေစွမ်းတည်ငြိမ်မှုအား ဘယ်လောက်ကောင်းတယ်၊ မကောင်းဘူးဆိုတာ တွက်ဆလို့ရတယ်။ ဒါပေမယ့် ရှုံးပွဲတစ်လှည့်၊ နိုင်ပွဲတစ်လှည့်ဖြစ်နေတဲ့ မန်စီးတီးရဲ့ Calendar အရ ပြန်တွက်မယ်ဆိုရင်တော့ အခုပွဲဟာ မန်စီးတီးအတွက် နိုင်ပွဲပြန်ရှာတွေ့မယ့်ပွဲလို့ ပြောလို့ရတယ်။

မန်ယူနဲ့ မန်စီးတီးတို့ရဲ့ ထိပ်တိုက်တွေ့ဆုံခဲ့မှုတွေကို ပြန်ကြည့်ရင်လည်း မန်စီးတီးကပဲ အနိုင်ရရှိထားတဲ့ အနေအထားတစ်ရပ်ကို တွေ့ရမှာဖြစ်တယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးပွဲမှာ မန်ယူရဲ့ အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားခဲ့တဲ့နှစ်ပွဲအပါအဝင် လေးပွဲအထိ မန်စီးတီးက အနိုင်ရထားတဲ့အတွက် ဒီနှစ်သင်းဆုံတွေ့မှုမှာ မန်စီးတီးကို မန်ယူအနေနဲ့ ကျော်ဖြတ်နိုင်ဖို့ခက်ခဲပါလိမ့်မယ်။

မန်ယူအနေနဲ့ ၂၀၁၃ မှာရော ၂၀၁၄ မှာပါ မန်စီးတီးကို တစ်ပွဲမှ မနိုင်သေးဘူး။ အိမ်ကွင်းရော အဝေးကွင်းမှာပါ ရှုံးပွဲကြုံခဲ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်သင်းအနေနဲ့ ချန်ပီယံဖြစ်ဖို့ မျှော်လင့်ချက်နည်းနေတဲ့အတွက် လာမယ့်နှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရဖို့ အကြိတ်အနယ်ကစားလာမှာဖြစ်လို့ စိတ်ဝင်စားဖွယ်နဲ့ ပြိုင်ဆိုင်မှုပြင်းထန်မယ့် ပွဲစဉ်တစ်ပွဲအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး မန်ချက်စတာဒါဘီပွဲကနေ မန်ချက်စတာညချမ်းကို အိမ်ရှင်မန်ယူကပဲ အနိုင်ရလဒ်ဆောင်ကြဉ်းကာ ဖြတ်သန်းသွားနိုင်မလား၊ ဧည့်သည်မန်စီးတီးကပဲ အိမ်ရှင်မန်ယူကို အနိုင်ယူကာ သုံးမှတ် အပြည့်ရယူသွားနိုင်မလားဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ကြပါစို့လား----------။ ။

### မန်ယူရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| မန်ယူ | ၃-၁ | အက်စ်တွန်ဗီလာ |
| လီဗာပူး | ၁-၂ | မန်ယူ |
| မန်ယူ | ၃-၀ | စပါး |
| နယူး | ၀-၁ | မန်ယူ |
| မန်ယူ | ၂-၀ | ဆန်းဒါးလန်း |

### မန်စီးတီးရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ခရစ္စတယ်ပဲလေ့ | ၂-၁ | မန်စီးတီး |
| မန်စီးတီး | ၃-၀ | ဝက်စ်ဘရွန်း |
| ဘန်လေ | ၁-၀ | မန်စီးတီး |
| မန်စီးတီး | ၂-၀ | လက်စတာ |
| လီဗာပူး | ၂-၁ | မန်စီးတီး |

### မန်ယူနှင့် မန်စီးတီးတို့၏ နောက်ဆုံးငါးကြိမ်ထိပ်တိုက်ဆုံတွေ့မှု

| | | |
|---|---|---|
| မန်စီးတီး | ၁-၀ | မန်ယူ |
| မန်ယူ | ၀-၃ | မန်စီးတီး |
| မန်စီးတီး | ၄-၁ | မန်ယူ |
| မန်ယူ | ၁-၂ | မန်စီးတီး |
| မန်စီးတီး | ၂-၃ | မန်ယူ |

### မန်ယူနှင့် မန်စီးတီး ဆက်စပ်သတင်းများ

- ❖ မန်ယူအသင်းသည် ဘာစီလိုနာကစားသမား ဒန်နီအဲလ်ဗက်စ်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။
- ❖ မန်စီးတီးဘယ်နောက်ခံကစားသမား ကလစ်ချီသည် မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားချန်ပီယံဘွဲ့ကို ဆက်မထိန်းနိုင်တော့ဟူသည့် ဝေဖန်မှုများကို ကြားသိခဲ့ရကြောင်း ပြောကြားခဲ့သည်။
- ❖ မန်ယူကစားသမားများဖြစ်သည့် ဒီဂီယာနှင့် ဒီမာရီယာတို့သည် ၎င်းတို့၏ ဘတ်စကက်ဘောနှင့် စားပွဲတင်တင်းနစ် အရည်အချင်းမည်မျှရှိသည်ဆိုသည်နှင့် စပ်လျဉ်း၍ You Tube မှ တစ်ဆင့် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။
- ❖ မန်စီးတီးအသင်းသည် ကွင်းလယ်အားဖြည့်ရန် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားနှင့် လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန်တို့အား ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး


**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း)ကို အတည်ပြုသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ လှိုက်လှဲစွာကြိုဆိုထောက်ခံခြင်း**

ဒီမိုကရေစီနိုင်ငံကူးပြောင်းလာသော မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခစစ်မီး(လုံး၀)ချုပ်ငြိမ်းပြီး ပြည်သူလူထုလိုလားတောင့်တသော ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် တစ်မျိုးသားလုံး စုပေါင်းကြိုးပမ်းသွားရမည့် အချိန်အခါဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်(Nationawide Ceasefire Agreement-NCA)ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ နှစ်(၆၀)ကျော်တွင် ပထမဆုံး သမိုင်းဝင် အောင်မြင်မှုပင်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ နိုင်ဝင်ဘာလမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ (၁၆)လတိုင်တိုင် ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် အတည်ပြုနိုင်ခဲ့သော တစ်နိုင်ငံလုံးငြိမ်းချမ်းရေး၏ မျှော်လင့်ချက်ရောင်ခြည်ပေါ်ထွက်လာခြင်းအပေါ် ပြည်သူတစ်ရပ်လုံးနှင့်ထပ်တူထပ်မျှ ကြိုဆိုထောက်ခံအပ်ပါသည်။

ထိုကဲ့သို့ ငြိမ်းချမ်းရေးသည် ပြည်သူလူထု၏ဆန္ဒနှင့် မျှော်လင့်ချက်ဖြစ်၍ မြန်မာနိုင်ငံရေးတွင် သမိုင်းတွင်မည့် ငြိမ်းချမ်းရေးပန်းတိုင်ကို ဖော်ဆောင်ပေးနိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တို့ကို အထူးပင်ဂုဏ်ယူလေးစားမိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**(အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ)**


# ရီးယဲလ်အတွက် သွင်းဂိုး ၃၀၀ မြောက် သွင်းယူပေးနိုင်ခဲ့ပြီး အကောင်းရောအဆိုးပါ တစ်ပြိုင်နက်ခံစားခဲ့ရတဲ့ စီရိုနယ်လ်ဒို

ဗယ်လီကာနိုနှင့် ပွဲစဉ်၌ အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သော စီရိုနယ်လ်ဒိုသည် ရီးယဲလ်အတွက် ၎င်း၏ သွင်းဂိုး ၃၀၀ မြောက်ကို သွင်းယူပေးနိုင်ခဲ့သော်လည်း ဒိုင်လူကြီးက မလို အပ်သော ဒိုင်ဗင်ပစ်လှဲချမှုပြုလုပ်ခဲ့သည်ဟု ယူဆကာ အဝါကတ်ပြသတိပေးခံရသောကြောင့် ရီးယဲလ်၏လာမည့်ပွဲစဉ်တစ်ပွဲကို လွဲချော်ရတော့မည်ဖြစ်သည်။

အဆိုပါ ပေါ်တူဂီအသင်းခေါင်းဆောင်သည် ယခင်ကာလများကလည်း မလိုလားအပ်သော ဟန်ဆောင်ဒိုင်ဗင်ပစ်လှဲချမှုများကြောင့် ပြိုင်ဘက် ပရိသတ်များ၏ လှောင်ပြောင်ခံခဲ့ရသူဖြစ်သည်။

ပွဲချိန်၅၁ မိနစ်တွင် ဗယ်လီကာနို၏ ပင်နယ်တီ ဧရိယာအတွင်း ရိုနယ်လ်ဒိုဘောလုံးဆွဲယူလာစဉ် ဗယ်လီကာနိုကစားသမားအမ်မီရာက လျှောထိုး ဖျက်ထုတ်ရာ လဲကျသွားခဲ့သော်လည်း ဒိုင်က ပင်နယ်တီပေးရမည့်အစား ဟန်ဆောင်ဒိုင်ဗင်ပစ်သည်ဟုယူဆကာ အဝါကတ်ပြသတိပေးခြင်းခံခဲ့ရသည်။ အမှန်တွင်ယခင်က ရိုနယ်လ်ဒို၏ မှတ်တမ်းများက ဒိုင်လူကြီး၏ဆုံးဖြတ်ချက်အပေါ်သက်ရောက်ခဲ့ပြီး ရီးယဲလ်ရရှိရမည့် ပင်နယ်တီပြစ်ဒဏ် အစား အဓိကကစားသမားရိုနယ်လ်ဒိုအဝါကတ် ပြစ်ဒဏ်ကြောင့် လာမည့် ရီးယဲလ်၏ ပွဲစဉ်တစ်ပွဲကို လွဲချော်ရတော့မည်ဖြစ်သည်။

ရီးယဲလ်နည်းပြ အန်စလော့တီကဒိုင်၏ဆုံးဖြတ် ချက်က ရီးယဲလ်ကိုနစ်နာစေခဲ့သဖြင့် စိတ်ပျက်မိ ကြောင်းပြောကြားခဲ့သည်။

အန်စလော့တီက“ ကျွန်တော်က ပင်နယ်တီ မပေးရုံမက တကယ်နာသွားတဲ့ ကစားသမားကို အဝါကတ်လက်ဆောင် ပေးလိုက်တဲ့အပေါ်မှာ မယုံနိုင်လောက်အောင်ဖြစ်ရတယ်လို့ ဒိုင်လူကြီး ကိုပြောခဲ့ပါတယ်။ နောက်ပွဲမှာဂျိမ်းစ်နဲ့အစ္စကိုတို့ဝင်ကစားပေးရတော့မှာပါ။ ဂျိမ်းစ်ပြန်ကစားပေးနိုင်တာက ရီးယဲလ်အတွက်တကယ့်အခါကောင်းပဲ” ဟုဆိုသည်။

အဆိုပါပွဲစဉ်တွင် သွင်းယူခဲ့သောဂိုးသည် စီရိုနယ်ဒိုအနေဖြင့် ၂၀၀၉ ခုနှစ်က မန်ယူမှ ရီးယဲလ်သို့ပြောင်းရွှေ့လာခဲ့သည့် ခြောက်နှစ်တာ ကာလအတွင်း သွင်းဂိုး ၃၀၀ မြောက်သွင်းယူပေး ခဲ့သောဂိုးဖြစ်ကာ ရာအူးလ်၊ ဒီစတီဖာနိုတို့ ပြီးနောက် သမိုင်းတစ်လျှောက် တတိယမြောက် ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကိုရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ရိုနယ်လ်ဒိုသည် အီဘားအသင်းနှင့် ကစားမည့် လာလီဂါပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သော အက် သလက်တီကိုနှင့် ပွဲစဉ်တွင် ဝင်ရောက်ကစား နိုင်မည်ဖြစ်သည်။ ဇီဒန်းက ရိုနယ်လ်ဒိုပါဝင် မကစားနိုင်ပါက အသင်း၏ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေမည်ဟု ယူအီးအက်ဖ်အေဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။ **(မေလွဲသင်း)**

# တင်ပြအသိပေးခြင်း

(၄-၂-၂၀၁၅)နေ့စွဲထုတ် Good Health ဂျာနယ်ပါဆောင်းပါးရှင် အေးကမ္ဘာဒေါက်တာချစ်၏ နှာခေါင်းမြန်မြန်ပိတ်ဆောင်းပါးနှင့် ပတ်သက်၍ မိဘပြည်သူများနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေး လောကသားများကို အနူးအညွတ်ဝန်ချတောင်းပန်လာခြင်းကိစ္စအား တင်ပြအသိပေးအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသည် မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်ခြင်း၊ အမျိုးသားဆေးပညာဖြစ်ခြင်း၊ နိုင်ငံတော်အကြီးအကဲများက အစဉ်အဆက်အားပေးချီးမြှောက်နေခြင်း၊ ပြည်သူများက နှစ်ရာထောင်ချီ ရှည်လျားစွာ အားကိုးအားထားပြုနေခြင်းစသော ဂုဏ်ဒြပ်များဖြင့်တင့်တယ်နေသော အခြေခံစည်းစနစ် သီအိုရီရှိသော ပညာရပ်နယ်ပယ်ကြီးဖြစ်ပါသည်။ နိုင်ငံတော်မှ တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးတက္ကသိုလ်များကို ဖွင့်လှစ်တည်ထောင်၍ မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များကို ပြည်သူတို့၏ကျန်းမာရေးအတွက် စနစ်ကျစွာ မွေးထုတ်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းဆေးကောင်စီဥပဒေနှင့် တိုင်းရင်းဆေးဝါး ဥပဒေများပြဋ္ဌာန်း၍ ပြည်သူတို့၏ ကျန်းမာရေးအတွက်လည်းကောင်း၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက စနစ်တကျဆောင်ရွက်နေပါသည်။ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းလုံးတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနများ၊ ၁၆ ခုတင်ဆံ့၊ ခုတင်၅၀ဆံ့၊ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံများဖွင့်လှစ်ပြီး ပြည်သူလူထုကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါသည်။ ပြီးခဲ့သည့် ၂နှစ်တာကာလအတွင်းမှာပင် အာဆီယံနှင့် အခြားနိုင်ငံစုံများပါဝင်သော နိုင်ငံတကာတိုင်းရင်းဆေးညီလာခံနှင့် ဆွေးနွေးပွဲများကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်နိုင်ငံအဖြစ် ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် ခြောက်ကြိမ်တိုင်တိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ပနိုင်ငံများတွင် ကျင်းပသော အာဆီယံနှင့်နိုင်ငံတကာတိုင်းရင်းဆေးညီလာခံနှင့် ဆွေးနွေးပွဲများစွာကိုလည်း မြန်မာနိုင်ငံအနေဖြင့် တက်ရောက်ဆွေးနွေးလျက်ရှိပါသည်။ အာဆီယံတိုင်းရင်းဆေးဆိုင်ရာလုပ်ငန်းအဖွဲ့ကြီး TMHS PWG တွင် မြန်မာနိုင်ငံအနေဖြင့် တွဲဖက်ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိပါသည်။ ပြည်တွင်းတွင်လည်း နိုင်ငံတော်အဆင့် တိုင်းရင်းဆေးညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ၊ စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးအစီအစဉ်များကို နှစ်စဉ်လစဉ် ဆောင်ရွက်နေကြပါသည်။

ဤကဲ့သို့သော အခြေအနေများတွင် ဖော်ပြပါဆောင်းပါးရေးသားချက်သည် မြန်မာ့တိုင်းရင်းဆေးကို အသရေပျက်စေရန်နှင့် နှစ်ပေါင်းရာထောင်မက ယုံကြည်အားကိုးခဲ့သော မိဘပြည်သူများ အထင်အမြင်လွဲမှား ယုံကြည်မှုပျက်ပြားစေရန် မဆင်မခြင်ရေးသားထားသော အရေးအသားများဖြစ်သည်ဟု မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ (၂၄-၂-၂၀၁၅)ရက်နေ့တွင်ပြုလုပ်သော အစည်းအဝေး၌ ဗဟိုကော်မတီဝင်များနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဖွဲ့ဝင်ကိုယ်စားလှယ်တော်ကြီးများက သဘောတူညီခဲ့ကြသည်။ဤကဲ့သို့ တိုင်းရင်းဆေးကိုပျက်ရာပျက်ကြောင်းအသရေဖျက်ရေးသားဖော်ပြမှုများသည် အကြိမ်ကြိမ်ရှိလာပြီဖြစ်သောကြောင့် ဤတစ်ကြိမ်တွင် အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အထက်ပါဆုံးဖြတ်ချက်အရ (၂၃-၃-၂၀၁၅ )ရက်နေ့တွင် သတင်းမီဒီယာဥပဒေပါပြဋ္ဌာန်းချက်အတိုင်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ တိုင်ကြားစာကိုပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌတိုင်းရင်းဆေးကောင်စီ၊ ညွှန်ကြားရေးမှူးချုပ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ထံသို့လည်း မိတ္တူပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ သမာသမတ်ကျသောဆောင်ရွက်ပေးမှုကြောင့် Good Health ဂျာနယ်က သူ၏ဂျာနယ်တွင် ဖော်ပြခဲ့ခြင်းအတွက်အနူးအညွတ်တောင်းပန်ခဲ့ပါသည်။ ကလောင်ရှင် အေးကမ္ဘာဒေါက်တာချစ်( ဒေါက်တာချစ်ဆွေ )ကလည်း ဥက္ကဋ္ဌ တိုင်းရင်းဆေးကောင်စီ၊ ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဥက္ကဋ္ဌ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)တို့ကို သူ၏ရေးသားမှုအတွက် ဝန်ချတောင်းပန်ပြီး နောက်နောင် ဤကဲ့သို့ မရေးသားတော့ပါကြောင်း ဝန်ချတောင်းပန်ကတိပြုစာကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှတစ်ဆင့် ပေးပို့လာခဲ့ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အထက်ပါအတိုင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးလောကသားများ၊ တိုင်းရင်းဆေးကို အစဉ်အဆက် ယုံကြည်လက်ခံသုံးစွဲနေသော ရဟန်းရှင်လူမိဘပြည်သူများအား အနူးအညွတ်ဝန်ချတောင်းပန်လာသော Good Health ဂျာနယ်နှင့် ဆောင်းပါးရှင်အေးကမ္ဘာဒေါက်တာချစ်တို့ကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းက ကျေအေးခွင့်လွှတ်ပါကြောင်း သိစေအပ်ပါသည်။

စာပေပညာဖြင့် တိုင်းပြည်အကျိုးသယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။
တိုင်းရင်းဆေးပညာဖြင့် ပြည်သူတို့၏ ကျန်းမာရေးကိုတိုးတက်ဆောင်ရွက်နိုင်ကြပါစေ။
မြန်မာပြည်သူပြည်သားတို့အား မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အလုပ်အကျွေးပြုပါအံ့။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

## ၅-၄-၂၀၁၅ ရက် ညပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၌ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်လိုင်းအမည် ရွှေစကြာအစား ရွှေစင်စကြာဟုဖော်ပြခဲ့မှုအပေါ် တောင်းပန်ရှင်းလင်းခြင်း

- ၅-၄-၂၀၁၅ ရက် ည ၁၁ နာရီဝန်းကျင်အချိန်က ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ခရီးသည်တင်ယာဉ်နှစ်စီး တိုက်မိမှု ဖြစ်ပွားခဲ့ပါသည်။
- ထို့ကြောင့် ရုပ်သံမီဒီယာ သဘောသဘာဝအရ အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်ကိုသိလျှင်သိချင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြိမ်ကြိမ်ကြိုးပမ်းဆက်သွယ်၍ ခိုင်လုံသည့်ရင်းမြစ် ဌာနဆိုင်ရာများက ဖြေဆိုပြောကြားမှုအပေါ် အခြေခံပြီး ယာဉ်တိုက်မှုဖြစ်စဉ်သတင်းကို တင်ဆက်ခဲ့ပါသည်။
- သို့ရာတွင် အဆိုပါ သတင်းနှင့်ပတ်သက်၍ ထပ်မံအတည်ပြုချက်များ ရယူသောအခါ ဖြစ်စဉ်ဖော်ပြချက် သတင်း၌ပါဝင်သွားခဲ့သည့် "ရွှေစင်စကြာ"ကုမ္ပဏီလီမိတက်မှ ယာဉ်တစ်စီးမဟုတ်ဘဲ "ရွှေစကြာ"ယာဉ်လိုင်းမှ ယာဉ်တစ်စီးသာဖြစ်ကြောင်း သိရသည်နှင့် သတင်းစာသားကို ပြင်ဆင်၍ ပြန်လည်ထုတ်လွှင့်ခဲ့ပါသည်။
- ဖြစ်စဉ်သတင်းစာတန်း(crawler)ရေးထိုးတင်ဆက်ခြင်းကိုလည်း MNTV ရုပ်သံလိုင်းတွင် ပြန်လည်ပြင်ဆင်ပြောင်းလဲပြီး ဖော်ပြခဲ့ပါသည်။
- ဖော်ပြပါ ယာဉ်တိုက်မှုသတင်းကို ဖော်ပြထုတ်လွှင့်ခဲ့ရာတွင် ယာဉ်လိုင်း "ရွှေစကြာ"အစား "ရွှေစင်စကြာ"ဟူ၍ ဆောလျင်စွာဖော်ပြခဲ့ခြင်းနှင့်ပတ်သက်ပြီး မိမိတို့သတင်းအဖွဲ့အနေဖြင့် "ရွှေစင်စကြာ" ကုမ္ပဏီလီမိတက်၏ ဂုဏ်သတင်းကို တစ်စုံတစ်ရာ ထိခိုက်စေလိုသည့် ရည်ရွယ်ချက်မရှိဘဲ ရိုးသားစွာဖော်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။
- သို့ပါ၍ ယာဉ်တိုက်မှုဖြစ်စဉ်သတင်းတွင် "ရွှေစကြာ"ယာဉ်လိုင်းအစား "ရွှေစင်စကြာ"ယာဉ်လိုင်းဟူသော အမည်ဖော်ပြချက်နှင့်ပတ်သက်၍ "ရွှေစင်စကြာ"ကုမ္ပဏီလီမိတက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုဝင်အားလုံး၊ ရွှေစင်စကြာယာဉ်လိုင်းအား စဉ်ဆက်မပြတ် စီးနင်းအားပေးနေကြသော ခရီးသည်များနှင့် MNTV ကြည့်ရှုသူပရိသတ်များအား အလေးအနက် တောင်းပန်အပ်ပါသည်။ ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ ဂုဏ်သတင်းများ ပိုမိုတင့်တယ်ပြန့်ပွားပြီး လုပ်ငန်းအောင်မြင် တိုးတက်မှုများလည်း စဉ်ဆက်မပြတ်ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆိုပို့သအပ်ပါသည်။
- MNTV အနေဖြင့် နောက်နောင်တွင် အလားတူဖြစ်ရပ်မျိုးမဖြစ်စေရန် အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

**Myanmar National Television(MNTV)**

## အလက(၅)ရန်ကင်း ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

အလက(၅)ရန်ကင်းတွင် နှစ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ သက်ပြည့်၊ လုပ်သက်၊ ဆေးပင်စင်ယူသွားကြသော ဆရာ၊ ဆရာမများ၊ နုတ်ထွက်၊ ပြောင်းရွှေ့၊ အစားထိုးသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများနှင့် ယခုလက်ရှိပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများအားလုံးကို နှစ်စဉ်ကျင်းပခဲ့သည့်အတိုင်း အပိုင်း(၂)ပိုင်းခွဲပြီး ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီ၌ အလက(၅)ရန်ကင်း မြတ်မင်္ဂလာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးကြပါရန် ဂါရဝတရားရှေ့ထားပြီး လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပိုက်မရစ်၊ ပိုက်မနာနဲ့ ဝမ်းသွားရတာ အားရလိုက်တာ ရှင်းပြီးပေ့ါသွားတာပဲ၊ နေ့သစ်ရဲ့အခက်အခဲတွေ သတိထားပေတော့ ရင်ဆိုင်ဖို့လာပြီ။

**စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး**

## (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဦးကျော်စိုးဝင်း[၁၃/တခလ(နိုင်)၀၅၈၉၇၈]မှ တရားဝင်ပိုင်ဆိုင်သော အောက်ဖော်ပြပါတိုက်ခန်းကို သမီးအရင်းဖြစ်သူ မမြတ်သဉ္ဇာစိုး[၁၃/တခလ(နိုင်)၀၆၄၅၈၆]အား"မေတ္တာဖြင့်"အပြီးအပိုင်ပေးကမ်းလိုက်သည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၃၉)ရက်ကွက်ဟုခေါ်တွင်သော (၆)ထပ်တိုက်၏ လင်းလွန်းလမ်းဘက်အခြမ်း မြေညီထပ်နှင့် ပထမထပ်တိုက်ခန်း(၂)ခန်းအနက်မှ အနံ ၁၂ ပေ × အလျားပေ ၅၀ ရှိ မြေညီထပ်တိုက်ခန်းကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်စိုးဝင်း Ph:09-5240293**

မြန်မာ့ရုပ်မြင်သံကြား
News Channel
ထုတ်လွှင့်မှုအစီအစဉ်

**၁၀-၄-၂၀၁၅(သောကြာနေ့)**
**၁၃၇၆ ခုနှစ်၊**
**တန်ခူးလပြည့်ကျော်(၇)ရက်၊ အဖိတ်နေ့**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၅ ကြည်ညိုပူဇော်အဝိဇပတိတလေးဌာနနေရာတော်
၈း၁၅ မျက်မှောက်ရေးရာ အဖြာဖြာ
၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁း၂၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂)
၂း၁၅ ခါသကြွန်အဆိုအကများ
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၄း၁၅ သင်္ကြန်ကာလအတွင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်နှင့်မှုခင်းကျဆင်းရေး
၄း၅၀ ခါသကြွန်အဆိုအကများ
၆း၁၅ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ စွမ်းဆောင်ချက်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ
-ချစ်သောဤကမ္ဘာမြေ
"ကြည်နူးရိပ်"(ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ)
(ဒါရိုက်တာ-သက်တင်)



# သဲသောင်ပြင်စိုက်ပဲတီစိမ်းများဖြစ်ထွန်း အောင်မြင်လျက်ရှိ

**ရေစကြို ဧပြီ ၉**

ရေစကြိုမြို့နယ် အတွင်းရှိ အောင်ပန်းရွာမြောက်ဘက် ချင်းတွင်းမြစ်အတွင်း ပေါ်ထွန်းသော သဲသောင်မြေပေါ်တွင် ဒုတိယ ရာသီစာဖြစ်သော ပဲတီစိမ်းများစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ချင်းတွင်းမြစ်သည် ရေစကြိုမြို့နယ်အတွင်း မြောက်မှ တောင်သို့ ၁၉ မိုင်ခန့်ထိ ဖြတ်သန်း စီးဆင်းလျက်ရှိပြီး မြစ်ရေပြန်အကျတွင် နုန်းတင်မြေနုကျွန်းများ သဲသောင်ပြင်များ နှစ်စဉ်ပေါ်ထွန်းလေ့ရှိကြောင်း သိရသည်။

ယင်းသို့ပေါ်ထွန်းလာသော နုန်းတင်မြေနု မြေများနှင့် သဲသောင်များပေါ်တွင် ဒေသခံတောင်သူများက ရာသီသီးနှံအမျိုးမျိုးကို စိုက်ပျိုးလျက်ရှိရာ ယင်းနေရာတွင်ပဲတီစိမ်းခင်း၊ ခရမ်းချဉ်ပင်၊ ချဉ်ပေါင်ပင်၊ ခရမ်းသီး၊ ဘူးပင်တို့ စိုက်ပျိုးကြကြောင်းသိရသည်။

"ပဲတီစိမ်းတွေက ဒုတိယအသီးဖြစ်ပါတယ်။ ပထမအသီးက ကြက်သွန်နီဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေက တော်သလင်း၊ သီတင်းကျွတ်ဆိုရင် ပြန်ပြီးကျပါပြီ။ ကျွန်တော်က သီတင်းကျွတ်လမှာ ကြက်သွန်နီ စိုက်ခဲ့ပါတယ်။ တပို့တွဲလမှာ ကြက်သွန်တွေဖော်အပြီး မြေယာကို ပြန်လည်ထွန်ရက်ပြုပြင်ပြီးတော့ ပဲတီစိမ်းကို ဒုတိယအသီးအဖြစ် စိုက်ပျိုးခဲ့ပါတယ်"ဟု တောင်သူဦးသံချောင်းက ပြောပြသည်။

**ဖေထွေးဇော်(ရေစကြို)**

# ကျုံပျော်မြို့၌ လယ်မီးမီးများစစ်ဆေးပြုပြင်

**ကျုံပျော် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှတာဝန်ရှိသူများက ဧပြီ ၆ရက်တွင် မြို့တွင်း လမ်းမီးတိုင်များမှ လမ်းမီးများအား လိုက်လံစစ်ဆေး၍ မီးမလင်းသော မီးလုံးများအား ပြုပြင်လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

မြို့ခံပြည်သူတစ်ဦးက "ညဘက် လမ်းမီးတိုင်တွေ အားလုံးလင်းတော့ မြို့အင်္ဂါရပ်နဲ့ညီညွတ်ပြီး မြို့လည်း သာယာလှပသလို သွားလာသူတွေအတွက်လည်း ယာဉ်အန္တရာယ် ပိုပြီးကင်း ပါတယ်၊ လုံခြုံရေးအတွက်လည်း ပိုပြီး စိတ်ချရတဲ့အတွက် မကြာခဏ လိုက်လံစစ်ဆေးဆောင်ရွက်စေလိုပါတယ်"ဟုပြောသည်။

ထိုပြင် လမ်းမီးများမလင်းပါက မြို့နယ်လျှပ်စစ်ရုံးသို့ အကြောင်းကြားနိုင်ကြောင်းနှင့် လာရောက်ပြုပြင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လည်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အရန်သားဖွားဆရာမသင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ ဧပြီ ၉**

မိတ္ထီလာခရိုင် မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်း သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံကြီးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းဆင်းအရန်သားဖွားဆရာမများအနေဖြင့် ရိုးသားကြိုးစားစွာဖြင့် သက်ဆိုင်ရာကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျေးရွာနေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီးဒေါက်တာမြတ်ခိုင်က အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ၵင်းနောက် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ သင်တန်းဆင်းအရန်သားဖွားဆရာမများအား သင်တန်းဆင်းလက်မှတ်နှင့်ဆေးသေတ္တာများကိုလည်းကောင်း ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ခရိုင်ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

မိတ္ထီလာတွင်ဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၂၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး ကျေးရွာပေါင်း ၂၀ မှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးရောင်းချမှု ရှိ၊မရှိလိုက်လံစစ်ဆေး

**ကျောက်တန်း ဧပြီ ၉**

၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန် ကာလအတွင်း မှုခင်းများကင်းစင်ပြီး အများပြည်သူ စိတ်ချမ်းမြေ့စွာ အတာရေသဘင်ပွဲ ဆင်နွှဲနိုင်ရန်အတွက် ဧပြီ ၈ ရက်နေ့က ကျောက်တန်းမြို့နယ် တံတားမြို့နယ်မြေ ရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဝေ၊ နယ်ထိန်းအရာရှိ ဒုရဲအုပ်ကျော်သူနှင့် တပ်ဖွဲ့ဝင်များ တံတားမြို့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာဗိုလ်မင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တံတားမြို့အတွင်းရှိ ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးနှင့် တရားမဝင်မူးယစ်ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိလိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက်ရှေ့တိုက်ကိုစိုး**


## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ကြောင်းကြေညာခြင်း

Masda Chemical International Co.,Ltd သည် အမှတ်-၇၂၄၊ ကုန်သည်လမ်းမကြီး၊ ၂၆လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်သို့ ၁-၄-၂၀၁၅ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်းကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၂၄၃၉၂၂၊ ၃၈၉၆၀၁၊ ၀၉-၇၃၀၃၆၉၂၂



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## ပုဇွန်တောင်ဘူတာနယ်မြေဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
## အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြန်မာ့မီးရထားပိုင်မြေပေါ်တွင် မြေနေရာငှားရမ်းပြီးရထားလုပ်ငန်းနှင့် ဆက်စပ်သော ယာဉ်ရပ်နားရန်နေရာများပါဝင်သည့် စီးပွားရေးအဆောက်အအုံများအား BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်းပါဝင်သော ကုမ္ပဏီ(Consortium)များမှ တင်ဒါတင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီးဘေးနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်း၊ အုတ်တံတိုင်းကြား၊ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းနေရာ

မြေဧရိယာ - (၂. ၇၃)ဧကခန့်

၂။ တင်ဒါပုံစံများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာ၊ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့တွင် ငွေကျပ်(၅၀၀၀၀၀)(ကျပ်ငါးသိန်းတိတိဖြင့်) ၂၇-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၇-၇-၂၀၁၅ရက်၊ ၁၄း၀၀နာရီနောက်ဆုံးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ တင်သွင်းရပါမည်။ နောက်ကျ တင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာအချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)ရုံး၊ ဖုန်းနံပါတ် ၀၁-၂၉၈၅၉၄၊ ၀၁-၂၀၂၄၁၉သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း နိုင်ပါသည်။ e-mail လိပ်စာ pzdg.mr2015@ gmail.com သို့လည်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် နှင့်တည်နေရာ | တင်ဒါပိတ်ရက် |
|---|---|---|---|
| က | ၂၂/မမ/CE | (၁၈)ပိသာဝင် မဖောက်ထုံးအိတ်(၄၂၅၈၄)အိတ်အား ရန်ကုန်မှ စစ်တွေသို့ မော်တော်ယာဉ်၊ ရေယာဉ်တို့ဖြင့် သယ်ပို့ရန် | ၆.၅.၂၀၁၅ |
| ခ | ၂၃/မမ/CE | Glass Filled Nylon Liner (A and B Type) (17000 Nos) စီ နှင့် 1:12 Dual Gauge Point & Crossing (8 Set) ဝယ်ယူရန် | ၁၃.၅.၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂.၄.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352, 291994



## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
## 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

မုပွန်ဘက်ကမ်းအရောက်
(က) Chipping (ဇင်းကျိုက်) - ၆၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်)Export Quality - ၄၀၀ ကျင်း

ကညော်ဘက်ကမ်းအရောက်
(က) Chipping (ဇင်းကျိုက်) - ၃၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်) Export Quality - ၂၀၀ ကျင်း

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချပါမည်။ ၁၃-၄-၂၀၁၅ရက် (သင်္ကြန်အကြိုနေ့)မှ ၁၇-၄-၂၀၁၅ရက် (နှစ်ဆန်း ၁ ရက်နေ့)အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။


**သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၉၉ ခုနှစ်က မန္တလေးနေ့စဉ်သတင်းစာတွင် ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် ဟူသော ခေါင်းစဉ်ဖြင့် မန္တလေးမြို့ရပ်ကွက် သမိုင်းများ၊ လေးပြင်လေးရပ်ရှိ ရပ်ကွက်ဝင်းများအကြောင်းကို ကွင်းဆင်းသုတေသနပြုလုပ်ကာ အပတ်စဉ်ဆောင်းပါးများ ရေးသားခဲ့သည်။ တစ်နှစ်ကျော်ခန့် ရေးသားပြီး ၂၀၀၀ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန မန္တလေးနေ့စဉ် သတင်းစာတိုက်မှ လုံးချင်းစာအုပ်အဖြစ် ရိုက်နှိပ်ခဲ့သည်။ တစ်နှစ်ကျော်အတွင်း အုပ်ရေ ၉၀၀၀ ကုန်သွားသည်။ ယင်းစာအုပ်သည် ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာဘာသာရပ်) ဖြင့် ဆုရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့ "ဖြိုး" စာပေမှ ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် တစ်ဖန် မန္တလေးမြို့ မင်းမဟော်စာပေတိုက်မှ တတိယအကြိမ် အုပ်ရေ ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။**

**ဆရာနတ်မောက်ထွန်းရှိန်သည် သတင်းစာဆောင်းပါးများနှင့် အကျိုးပေးသည်ဟု ဆိုရပေမည်။ ၂၀၁၀ ခုနှစ်တွင် ရတနာပုံမန္တလေးနိပါတ်ပန်းချီကျော်များနှင့် ဗုဒ္ဓဝင်ပညာပေးမြန်မာ့ နိပါတ်ပန်းချီလက်ရာများ ဆောင်းပါးပေါင်းချုပ်ဆက်လက်ရေးသားထုတ်ဝေခဲ့ရာ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု) ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယအကြိမ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်သည်။ ထို့နောက် မန္တလေးနေ့စဉ် သတင်းစာတွင် မန္တလေးခေတ် ပိဋကတ်ပုံနှိပ်တိုက်များနှင့် မန္တလေးခေတ် ပိဋကတ်စာအုပ်ဆိုင်များအကြောင်း ဆက်လက်ရေးသားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရင်တနာစာပေမှ ထုတ်ဝေခဲ့ရာ ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု (သုတပဒေသာဘာသာရပ်) စာပေဆု ရွေးချယ်ချီးမြှင့်ခံခဲ့ရသည်။ ဆက်လက်၍ မန္တလေးနေ့စဉ်သတင်းစာတွင် လှူတန်းကြ မန္တလေးမြို့တို့က ကျောင်းအမများ ခေါင်းစဉ် ဖြင့် ဘာသာသာသနာဆိုင်ရာ လှူဒါန်းကြသူများ ပရဟိတ လုပ်ငန်းများတွင် ကြိုးပမ်းလှူဒါန်းနေကြသူ ကျောင်းဒကာ ကျောင်းအမများ ဘဝတစ်စေ့တစ်စောင်းအကြောင်းရေးသားလျက်ရှိသည်။**

**ဆရာ၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားသည်ဖြစ်သည်။ (ကြေးမုံ)**

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

## နတ်မောက်ထွန်းရှိန်



**မြင်တွေ့ရသော ရှေးအမပူရ**

မန္တလေးရပ်ကွက်ဝင်း သမိုင်းကောက်ကြောင်းတွေ လေ့လာတွေ့ရှိရသမျှ စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးသားမှတ်တမ်းတင်ရန် ကြိုးပမ်းအားထုတ်ကြည့်ခဲ့သည်မှာ နှစ် အတန်ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် တကယ်ရေးမည် ဟု စိတ်ကူးသောအခါ တိမ်မယောင်နှင့်နက် နေသည်။ လွယ်မယောင်နှင့် ခက်နေသည်။ သမိုင်းကောက်ကြောင်း ခြေရာခံသည်မှာ ဤသို့ပင် ဖြစ်တတ်သည်။ မန္တလေးမြို့ တည်၊ နန်းတည်ရှာဖွေရလွယ်ကူသော်လည်း ရပ်ကွက်တွေ၊ ဝင်းတွေ၊ အမည်နမတွေအကြောင်း ဇာစ်မြစ် ခိုင်ခိုင်လုံလုံ လေ့လာသောအခါ အချို့စာထဲ၊ ပေထဲ မရှိ။ ရပ်ကွက်ဝင်းတွေဆီမှာ အမည်အခေါ် အဝေါ်တွေသာ ကျန်ရစ်သည်။ ပြောပြနိုင်သူတွေ ကွင်းဆက်ပြတ်သွားသည်။ တစ်ဆင့်တစ်ဆင့်မှတ်သားခဲ့သည်များသာ ကြားနာရသည်။ တစ်ချို့ဝင်းတွေလည်း ပျောက်ကွယ်သွားသည်။

မှတ်မိသမျှ၊ ကြားသိသမျှ ရေးသားမှတ်တမ်းတင်ထားခြင်းမရှိလျှင်လည်းကြာလျှင် သမိုင်းတွေ ပျောက်သွားနိုင်သည်။ ကွင်းဆက်တွေ ပို၍ပြတ်သွားနိုင်သည်။ သမိုင်းမှတ်တမ်းများသည် လူသားမျိုးဆက်သစ်တွေနှင့်အတူရှိ နေအပ်သည်။ လူတိုင်းလူတိုင်းပင် မိမိတို့၏ ဘိုးဘွားဘီဘင်များကို သိရှိလိုကြသည်မှာ အမှန်ဖြစ်သည်။ ထို့ အတူပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ထီးကိုယ့်နန်းကို သိရှိလိုသည်မှာလည်း မျိုးဆက်အသိစိတ်ဓာတ်ပင်ဖြစ်သည်။ မျိုးချစ်အသိစိတ်ဓာတ်ရှိမှသာလျှင် ကိုယ့်အမျိုး၊ ကိုယ့်နိုင်ငံကို ချစ်ကြမည်ဖြစ်သည်။

မြို့အကြောင်း ရပ်အကြောင်း၊ ဝင်းတွေအကြောင်း လေ့လာသောအခါ မန္တလေးခေတ်တွေသာမက အင်းဝ၊ အမရပူရ မင်းနေပြည်များနှင့် ကွင်းဆင်တွေ တစ်နံတစ်လျားရှည်လျားသွားပြန်သည်။ စင်စစ်အားဖြင့် မန္တလေးမြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားသည်ပင် ဘိုးဘွားဘီဘင်အစဉ်အဆက် မြတ်နိုးထိန်းသိမ်းပြီး မြို့တည်၊ နန်းတည်ဘုရင်ဖြစ်ခဲ့သည်။ ရာဇဝင် သိုက်သမိုင်းနှင့်အညီ ရတနာပုံနေပြည်တော်ကို တည်ထောင်သည်။ မန္တလေးသည် အင်းဝနေပြည်တော်၊ အမရပူရ နန်းတော်၊ ကျုံး၊ရပ်ကွက်၊ ဝင်းတွေကအစ အစဉ်အလာ ဆက်ခံသလိုရှိနေသည်။ တစ်ချို့ မတူညီအောင် ကွဲကွဲပြားပြား ဆောင်ရွက်သည့်နေရာတွေလည်း ရှိသည်။ သို့သော် ရပ်ကွက်ဝင်းမှုထမ်း၊ ရာထမ်း၊ အစုအဝန်း၊ ချထားပေးသည့်စနစ်မှာ ပုံစံတူသလောက်ဖြစ် သည်။ အင်းဝက အမည်များ အမရပူရတွင်ရှိသလို မန္တလေးတွင်လည်း ရှိသည်မှာ သဘာဝကျသည်။ မင်းမျိုး ဆွေမျိုး၊ အရာထမ်း၊ အမှုထမ်း၊ အလုပ်အကိုင်၊ ယဉ်ကျေးမှု၊ အနုပညာလုပ်ငန်းများ ကွင်းဆက်ပြန့်ပွားနေထားတကျ ရောက်ရှိလာခြင်းပင်ဖြစ်သည်။

မြန်မာမင်းအုပ်ချုပ်ပုံစနစ်အရ ရှေးက အရာထမ်း၊ အမှုထမ်းများကို နေပြည်တော်လေးပြင်လေးရပ်၌ နေထားတကျ သတ်မှတ်ပေးထားသည်မှာ အလောင်းဘုရားလက်ထက်တော်မှစ၍ ဖြစ်သည်။ အစုအမှုထမ်းများနှင့် ပတ်သက်၍ ၁၇၈၈ ခုနှစ်၊ ဧပြီ ၂၀ ရက်နေ့ (သက္ကရာဇ် ၁၀၅၀ပြည့်၊ ကဆုန်လပြည့်ကျော် ၁ ရက်) နာခံကျော်စွာနော်ရထာ တွင်ပြန်သည့် အမိန့်တော်တွင် အုပ်ချုပ်ပုံစနစ်ကို တွေ့နိုင်သည်။ ထို့ကြောင့် အင်းဝက အမည်များ အမရပူရရောက်သည်။ အမရပူရ မန္တလေးရွှေ့ပြောင်းသောအခါ အမရပူရ ရပ်ကွက်ဝင်းအမည်များ မန္တလေးနေပြည်တော် ရောက်သည်။ မန္တလေး မင်းနေပြည်တော်ရပ်ကွက်ဝင်းများ မှတ်တမ်းရေးရာ၌ အမရပူရ မင်းနေပြည်တော်၏ အနေအထား "ဝင်း" ရပ်ကွက်များ ချန်ထား၍မဖြစ်ပေ။

ဘိုးတော်ဘုရား၏ အမရပူရနန်းမြို့တော်နှင့် မင်းတုန်းမင်း၏ မန္တလေးမြို့တော်တည်ပုံတို့မှာ တထေရာတည်းဖြစ်သည်။ နန်းမြို့သည် လေးထောင့်စပ်စပ်ရှိသည်။ အမရပူရသည် မြို့လေးဘက်လေးတန်၌ ထူးခြားသော မြို့ထောင့်စေတီတော်များ တည်ထားသည်။ အမရပူရ ပထမမြို့တည်နန်းတည် ဗဒုံမင်း(ခေါ်) ဘိုးတော်မင်းတရားသည် သူ၏ နန်းအမရပူရကိုလည်း ဝပြောစည်ပင်သာယာ၍ ဘေးအန္တရာယ်ခပ်သိမ်းကင်းဝေးစေရန် အရံအထား၊ အကာအကွယ်၊ အစီအရင်၊ ခတ်၊ ယတြာများဖြင့် တည်ထားမည်မှာ ယုံမှားသံသယမရှိပေ။ မြို့ထောင့်စေတီတော်များ တည်ထားသည်မှာပင် ယနေ့ထက်တိုင်အောင် မပျက်မစီးဖူးမြော်ကြည်ညိုနိုင်ကြသည်မှာ ဘိုးတော်မင်း၏ ထူးခြားသော ဆောင်ရွက်ချက်ဖြစ်သည်။

ဗဒုံမင်းအမရပူရ တည်သည်မှာပင် အင်းဝနေပြည်တော်၌ နန်းမစံလိုတော့သောကြောင့် ဖြစ်နိုင်သလို မြို့ တည်၊ နန်းတည်ဘုရင်ဖြစ်လို သော အကြောင်းအရင်းလည်း ပါသည်။ တစ်နည်းအားဖြင့်လည်း ဖြစ်လိုသော အတိတ်တဘောင်အရ အင်းဝမှ အမရပူရရွှေ့ပြောင်း တည်ဆောက်ခြင်းဖြစ်သည်။ ဗဒုံမင်း အင်းဝမှ အမရပူရပြောင်းရာ၌ ဘုန်းကြီးကျောင်း၊ လူနေရပ်ကွက်များပါ ရွှေ့ပြောင်းလာခြင်းဖြစ်သည်။ မြေဒူးမင်းလက်ထက်၊ ဗဒုံမင်းလက်ထက် စစ်သုံ့ပန်းများလည်း ခေါ်ဆောင်လာပြီး ရပ်ကွက်နေထားတကျ ချမှတ်ပေးသည်။ အမရပူရတွင် ယခုထက်တိုင်ထို ရပ်ကွက်များရှိသည်။အမရပူရ မြေပုံအရ နန်းမြို့ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် လူနေအများဆုံးရှိသည်။ တောင်ဘက်မှာတောင်သမန်းအင်းရှိသဖြင့် လူနေကျဲသည်။

> အမရပူရ ပထမမြို့တည်၊ နန်းတည် ဗဒုံမင်းတရားကြီးသည် အမရပူရ ရွှေနန်းတော်တည်ရာ၌လည်း အလွန်လျှင်မြန်သည်။ အချိန်အားဖြင့် လေးလအတွင်း ပြီးအောင် တည်လုပ်ပြီး အင်းဝမှရွှေ့ပြောင်းခြင်း ဖြစ်သည်။ ထို့ကြောင့် စာဆိုတော် တွင်းသင်းတိုက်ဝန်. . .

အမရပူရမြို့တော်သည် အရှေ့အောင်ပင်လယ်၊ အရှေ့တောင်ရွှေစာရံ၊ တောင်ပလိပ်ရွာ၊ အနောက်တောင်တဘက်ဆွဲ၊ အနောက်မြောက် စစ်ကိုင်းနယ်၊ မြောက်တောင်ကျုံးကြီးနှင့် အရှေ့မြောက် ဘုတ်သက် ကယ်ကျင်းထိ ကျယ်ဝန်းသည်ဟု သမိုင်းကဆိုသည်။ ၁၁၄၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ အင်္ဂါနေ့တွင် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ရွှေဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော်၊ ခုနစ်ဌာနကို တစ်ပြိုင်နက် တစ်ချက်တည်း တည်လုပ်စေသည်။

ထိုနေ့ ရွှေမြို့တော်ကို အမရပူရမြို့တော်ကို မြနန်းဘုံစံ၊ ရွှေနန်းတော်ကို အောင်နန်းစံရာ၊ အရှေ့မျက်နှာ အလယ်ခတ်တံခါးကို ဦးနှိမ်၊ တောင်မိတ်တံခါးကို သိမ်းဆည်း၊ တောင်မျက်နှာ အရှေ့မိတ်တံခါးကို ကျွန်းလုံးဝင်၊ အလယ်ခတ်တံခါးကို ကုန်းမော်၊ အနောက်တံခါးကို နန္ဒမူ၊ အနောက်မျက်နှာ တောင်တံခါးကို အာဠဝီ၊ အလယ်ခတ်တံခါးကို စည်ရှင်၊ မြောက်မိတ် တံခါးကို ရန်နှင်၊ မြောက်မျက်နှာ အနောက်တံခါးကို ရန်မျိုးအောင်၊ အလယ်ခတ်တံခါးကို လေးသိန်း၊ အရှေ့ မိတ်တံခါးကို မုခ်ဦး၊ အရှေ့မျက်နှာ မြောက်မိတ်တံခါး ကို လေးကျွန်း ဟူ၍ မော်ကွန်းစိုက်ထူသည်။

အမရပူရ နန်းတော်ခတ်တံခါး၊ မိတ်တံခါး၊တံခါး ၁၂ ရပ်အတိုင်းပင် မန္တလေးနန်းတော်တွင်လည်း တံခါး ၁၂ ရပ်ဖြစ် သည်။ အမည်အခေါ်အဝေါ်အချို့မတူသည်မှအပ ပုံစံတူဖြစ်သည်။ မန္တလေးနန်းမြို့တော်ကို 'လေးကျွန်းအောင်မြေ'၊ နန်းတော်ကို 'မြနန်းစံကျော်' ဟူ၍ အမည်ပေးခဲ့သည်။

အမရပူရ ပထမမြို့တည်၊ နန်းတည် ဗဒုံမင်းတရားကြီးသည် အမရပူရ ရွှေနန်းတော်တည်ရာ၌လည်း အလွန် လျှင်မြန်သည်။ အချိန်အားဖြင့် လေးလအတွင်း ပြီးအောင် တည်လုပ်ပြီး အင်းဝမှ ရွှေ့ပြောင်းခြင်းဖြစ်သည်။ ထို့ကြောင့် စာဆိုတော် တွင်းသင်းတိုက်ဝန် မဟာစည်သူက "တရားကျော်ဟိုး၊ ရှင်ပင့်ဘိုးလျှင်၊ တန်ခိုးဖန်ဆင်း၊ လေးလတွင်းနှင့်၊ မကြွင်းမကျန်၊ ခုနစ်တန်တည့်၊ ကိုးတန်မျက်လည်၊ ရွှေနန်းတည်၍"ဟု စပ်ဆိုမှတ်တမ်းတင်ခဲ့သည်။

ကျီဝန်မင်း၊ မဟာသခ်ယာကလည်း "ရွှေနန်းဘုံသာ၊ ရတနာကို၊ မကြာစေရ၊ လေးလဝဖြင့်၊ အနေကျကျ၊ မကျန်ရအောင်၊ ဝိဇ္ဇာလက်၊ လိမ္မာတတ်ခေါင်၊ နတ်လယ်ဆောင်ကို၊ တောင်အရံကြား၊ မြေကြွားကြွားတက်၊ တံခါးအောင်မြင်၊ ဆယ့်နှစ်ခွင်နှင့်" ဟူ၍ စပ်ဆိုခဲ့သည်။ ဗဒုံမင်းက ရှေးမဆွကပင် ငါမင်းအဖြစ်သို့ ရောက်တော်မူလျှင် ထီးပေါင်းကားအရပ်မှာ မြို့သစ်ပြောင်းချီတည်ထောင်တော်မူမည်ဟု ရည်ရွယ်ရင်းရှိခဲ့သည့်အတိုင်း ဝန်ကြီး၊ ဝန်ထောက်တို့ကို ထီးပေါင်းကားအရပ် သွားကြည့်စေခဲ့၏။

ယခု တောင်သမန်ကန် (တောင်သမန်အင်း)ကြီးမှသည် မြောက်အရပ်ကို ရှေးက 'ပက်ပါ'ဟု ခေါ်ကြသည်။ မြေအပြင်လည်း စက်ပုံတောင်းကဲ့သို့ သာယာညီညွတ်သည်။ ထီးပေါင်းကားရွာ နယ်နိမိတ်လည်း ဖြစ်သည်။ တစ်ဖန်လည်း ဘုရားမြတ်စွာဒေသစာရီလှည့်လည် တော်မူသောအခါ ငတောင်သမန်၊ ငတောင်ကျည်း၊ ငတောင်ပြုံး၊ ငတောင်မြင့်ဟူသော ဘီလူးလေးဦးတို့သည်လည်း ဘုရားသခင်အား သားပြွမ်းဆွမ်းလှူသည်ကို နောင်သောအခါ ထိုဘီလူးလေးဦးတို့စောင့်ထိန်းသည့် အရပ်လည်း မင်းနေပြည်ကြီးဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားခဲ့သည်ဟု ဆိုစကားရှိ၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၁၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါ အထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

အခန်းဆက်ဝတ္ထု



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယခင်အပတ်မှအဆက်**

" စကားပြောလွှတ်လိုက်တယ် . . . အေး . . . အေး ပြောစမ်း ပြောစမ်း၊ ဘာပြောလွှတ်လိုက်သလဲ "

"ဘာတွေပြောလွှတ်လိုက်ရမလဲ ဆုံးမလွှတ်လိုက်တာပေါ့ဗျ "

"ကိုကိုက ကြိုင့်ကို ဆုံးမလွှတ်လိုက်တယ်၊ ဒါနဲ့ ကြိုင်က တစ်ခါတည်း ငိုပြေးတာပဲ ဟုတ်လား"

"ငိုပြေးပါတယ်ဆိုမှ ဘယ်နှစ်ခါပြောရဦးမလဲ၊ ဒီမှာ ဒေါ်လေး . . . ဒေါ်လေး ငါးပိကြော်အိုးတူးတော့မယ် "

ဒေါ်စာဥကြီးသည် ထိတ်လန့်တကြားဖြစ်သွားပြီး " ဟောတော့ . . . သောက်ပလုပ်တုတ် . . . "ဟု အော်၍ငါးပိကြော်အိုးကို လှည့်မွှေသည်။

" တယ် . . . မောင်ကလည်း အလန့်တကြား ဆီတွေအများကြီးပဲ၊ မတူးနိုင်ပါဘူး၊ ကဲ . . . ကဲ . . . ဆက်ပါဦး၊ နောက်ဘာဖြစ်သေးလဲ "

"နောက်တော့ မြိုင်ထွက်လာပြီး ကိုကိုနဲ့ စကားပြောတယ် "

"ရန်ဖြစ်ကြတာပဲလား "

"ဘာလို့ရန်ဖြစ်ရမှာလဲ၊ စကားပြောကြတာ ပြုံးလို့ ရယ်လို့ ကြည်လို့ဗျ . . . " ဒေါ်စာဥကြီးသည် အလွန်ပိုမိုစိတ်ဝင်စားစွာ မေး၏။

"ပြုံးလို့ ရယ်လို့ ကြည်လို့ ဟုတ်လား။ အေး . . . အေး . . . ဟဲ . . . ဟဲ . . . မြိုင်ကပို ချစ်စရာကောင်းတယ်နော် . . . "

" ဘာဆိုင်လို့လဲဗျ . . . "

ဒေါ်စာဥကြီး၏ ပြုံးဖြဲသောမျက်နှာသည် တည်သွားပြီး အဖြေရှာမရဟန် ပေါ်နေသည်။

"အဲလေ . . . ဟိုဒင်းလေ . . . နို့ မောင်ကပဲ ခုနက မေးတာပဲ၊ ကြိုင်နဲ့ မြိုင် ဘယ်သူပိုလှသလဲဆို " ကျွန်တော်သည် ကျွန်တော့်စကားနှင့် ကျွန်တော် ပြန်ပတ်မိနေသဖြင့် ဘာပြန်ဖြေရမှန်းမသိ၊ ဒေါ်စာဥကြီးကသာ စိတ်ဝင်စားမှုကို မထိန်းသိမ်းနိုင်ဘဲ ဆက်မေးသည်။

"အင်းလေ ထားပါတော့၊ ပြီးတော့ ဘာဆက်ဖြစ်ကြသေးလဲ "

"ဒေါ်လေးကလည်း ပြောမှာပေါ့ဗျာ၊ ငါးပိကြော်အိုးလည်း ပြန်ကြည့်ဦး တူးနေဦးမယ် "

"မောင်ကလည်းလုပ်ပြီ အလန့်တကြား၊ မတူးနိုင်ပါဘူး"

ဤသို့ဆိုသော်လည်း ဒေါ်စာဥကြီးသည် စိတ်မချဟန်ဖြင့် ငါးပိကြော်အိုးကို တစ်ချက်မွှေကြည့်သည်။

"ကဲပါ ဆက်စမ်းပါဦး နောက်တော့ ဘာဖြစ်သလဲ "

"နောက်တော့ ဘာမှဆက်မဖြစ်ဘူး . . . ဒေါ်လေးလည်း ကြားပြီးသားပဲ။ ကိုကိုရယ်၊ မောင်ရယ်၊ ခိုင်ရယ်၊ မြိုင်ရယ် ပီယာနိုတီးပြီး သီချင်းဆိုကြတာပေါ့၊ နောက်တော့ မြိုင်တို့ ပြန်သွားတော့ လိုက်ပို့ကြတာပေါ့ . . . "

ဒေါ်စာဥကြီးသည် ဘာမျှအထွေအထူး ဆက်မဖြစ်ဆိုသဖြင့် စိတ်ပျက်သွားဟန်ပေါ်သည်။

အတန်ကြာ စဉ်းစားပြီးမှ ဘာကိုသဘောပေါက်သည် မသိ၊သူ့မျက်နှာဖောင်းဖောင်းကြီးသည် ပြုံးလာ၍ လေသံတိုးတိုးလေးဖြင့် မေးသည်။

" မြိုင့်ကို ကိုကိုတစ်ယောက်တည်း လိုက်ပို့တာလား "

" ဘယ်ကလာ ဟုတ်ရမလဲ ခိုင်ရော၊ မောင်ရောပါတယ် "

ဒေါ်စာဥကြီးသည် အလွန်စဉ်းစားမိဟန် ခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချသည်။

"အင်းလေ . . . ဒီအတိုင်းဆိုရင်တော့ ဘာမှမဖြစ်နိုင်ပါဘူး၊ နို့မို့ဖြစ်ရင်တော့ ဖြစ်မှာ၊ ဘုရားစူးပါစေရဲ့ အဟုတ်ကိုဖြစ်မှာ . . . "

"ဘာတွေ အဟုတ်ဖြစ်မှာလဲ ဒေါ်လေးရ"

"မောင် နားမလည်ပါဘူး၊ တစ်ခုခု ဖြစ်မှာပေါ့"

ကျွန်တော်လည်း ဒေါ်စာဥစကားကို လေးနက်စွာ စဉ်းစားမိသည်။ ထိုစဉ် ပြောစရာတစ်ခုကို သတိရမိသည်။

"ဒေါ်လေး နေဦး . . . မောင် သတိရပြီ တစ်ခုခုဖြစ်တယ်ဗျ . . . "

"ဟယ် . . . သောက်ကျိုးနဲ . . . ဖြစ်ဖြစ်အောင် ဖြစ်လိုက်ကြသေးတာပေါ့ "

"ဒေါ်လေး ဘာပြောတာလဲ . . . "

"နို့ . . . မောင်ကကော ဘာပြောတာလဲ "

"မောင်ပြောတာမှ ဆုံးအောင် နားမထောင်ဘဲ "

"အင်းပါ . . . နားထောင်ပါ့မယ် ပြောပါ . . . "

"သူတို့ခြံဘက် ရောက်တော့ မြိုင်က ကိုကို့ကို ဟောဒီလို ဟောဒီလို လက်ကလေးပြနှုတ်ဆက်တယ်ဗျ "

"ဒီတော့ . . . ဒီတော့ . . . "

"ဒီတော့ ကိုကိုကလည်း လက်ကလေးပြ နှုတ်ဆက်တယ်ဗျ "

"အင်း . . . အင်း ပြီးတော့ကော . . . ပြီးတော့ကော. . . "

"ပြီးတော့ မြိုင်နဲ့ ခိုင် အိမ်ထဲဝင်သွားကြတာပေါ့ "

ဒေါ်စာဥကြီး၏ မျက်နှာမှာ အလွန်စိတ်ပျက်သွားဟန် ပေါ်သည်။

"တကတဲ အဟုတ်မှတ်လို့ နားထောင်နေတယ်၊ အိမ်ထဲဝင်သွားတာများ ဆန်းတာမှတ်လို့ လူဖြင့်ရင်ကို မောနေတာပဲ။ ဒါနဲ့ အနို့ . . . တစ်ခုခုဖြစ်သေးတယ်ဆို"

"ဒေါ်လေးက စကားဆုံးအောင် နားမထောင်ဘဲ၊ ဖြစ်သေးတာပေါ့ဗျ . . . "

"ဟုတ်လား ဘယ်နေရာမှာ ဖြစ်တာလဲ . . . "

"မြိုင်တို့ အိမ်ပေါ်ထပ်မှာ . . . "

ဒေါ်စာဥကြီး၏မျက်လုံးသည် အလွန်ပြူးသွားသည်။ ကျွန်တော့်အနား ကပ်လာ၍ လေသံတိုးတိုးဖြင့်မောဟိုက်စွာမေးသည်။

" ဒါဖြင့် . . . ဒါဖြင့် ကိုကိုက မြိုင်တို့အိမ်အပေါ်ထပ်အထိ တက်လိုက်သွားတာပေါ့၊ ဟုတ်လား "

"ဟာ . . . မဟုတ်က ဟုတ်က၊ ကိုကိုက ဘာလို့ အိမ်ပေါ် တက်လိုက်သွားရမှာလဲ "

ဒေါ်စာဥကြီးသည် မျှော်လင့်ချက်ဖြင့် လွဲသွားသည့်ဟန် စိတ်ပျက်သွားပြန်သည်။

"သိပါဘူးတော် မောင်ကပဲ အိမ်ပေါ်မှာဖြစ်တယ်ဆို "

"ဟုတ်တယ်လေ . . . အိမ်ပေါ်မှာဖြစ်တယ်၊ အိမ်ပေါ်မှာ ဖြစ်တာက ကြိုင်ဗျ"

"ဟောတော့် ကြိုင် ဘာဖြစ်လို့လဲ"

"ဒီလို ဒေါ်လေးရ"

"အင်း . . . အင်း . . "

"ကိုကိုနဲ့ မြိုင်နဲ့ လက်ပြနှုတ်ဆက်နေတုန်းလေ"

"အင်း . . . အင်း . . . အဲ . . . အဲ . . . "

"အပေါ်ထပ်ပြတင်း ခန်းဆီးအနောက်က ချောင်းကြည့်နေတာဗျ . . . "

ဒေါ်စာဥကြီးသည် သူ့မျက်လုံးကြီးများကို အပေါ်လှန်၍ သူ့ရင်ဘတ်ကြီးကို လက်နှစ်ဖက်နှင့်ဖိရင်း ဟင်း . . . ကနဲ သက်ပြင်းချသည်။

"ဒေါ်လေး . . "

"ရှင် . . . တော် . . . အဲလေ ဟုတ်ပေါင် . . . ဘာတုံး မောင်ရ . . . "

"မောင့်ကို ပုစွန်ခြောက်တစ်ဆုပ်ပေးဦး . . . "

ဒေါ်စာဥကြီးသည် သွက်လက်စွာဖြင့် ကျွန်တော့်ကို နောက်ထပ် ပုစွန်ခြောက်တစ်ဆုပ် နှိုက်ပေးပြန်သည်။

ကျွန်တော် မီးဖိုခန်းထဲမှ ထွက်လာသည်အထိ ဒေါ်စာဥကြီးသည် ယောက်မကြီးကို မကိုင်သေးဘဲ ငိုင်ကျန်ရစ်နေ၏။ တစ်အောင့်ကြာသောအခါ တစ်အိမ်လုံး ငရုတ်သီးတူးနံ့ ညှော်လာသည်။ အိမ်ပေါ်ထပ်မှ မေမေ ပြေးဆင်းလာ၏။ ကျွန်တော်သည်လည်း မေမေနှင့်အတူ မီးဖိုခန်းထဲသို့ ဝင်လိုက်သွားသည်။ မီးဖိုခန်းထဲ၌ ငရုတ်သီးကျွမ်းနံ့သည် ပိုပြီးပြင်းထန်နေသည်။ ဒေါ်စာဥကြီးလက်တွင်း၌လည်း ရေအပြည့်နှင့် ခွက်ကြီးတစ်လုံးကို ကိုင်ထား၏။ ဒယ်အိုးအတွင်းတွင်လည်း ရေအပြည့်ရှိသည်။

"အမလေး စာဥရယ်၊ ဘယ်လိုဖြစ်တာလဲ . . . "

မေမေက မေးသည်ကို ဒေါ်စာဥကြီးက ကပေါက်တိက ပေါက်ချာ ဖြေသည်။

" ဟို . . . ဟိုဒယ်အိုးထဲ . . . မီးဆီဝင်လောင်လို့ . . . "

ကျွန်တော့်မေမေသည် စိတ်ဆိုးတတ်သူမဟုတ်။ ဒေါ်စာဥစကားကြောင့် ဟက်ဟက်ပက်ပက်ရယ်မောသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## (၃၃)နှစ်မြောက်မင်္ဂလာဆုမွန်

ချစ်ဖေဖေ ဗိုလ်မှူးခင်မောင်ဇင်(ငြိမ်း) B.Sc (D.S.A)၊ (ဌာနမှူး-ငြိမ်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့် ချစ်မေမေ ဒေါက်တာစိုးမိုးမိုး B.A (Hons:), M.A,Ph.D (Myanmar)(Language) (ပါမောက္ခ-ဌာနမှူး၊ မြန်မာဘာသာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏ ၁၀-၄-၂၀၁၅ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် အနှစ်တစ်ရာတိုင် သစ္စာမြဲခိုင် လက်တွဲနိုင်ပြီး ချစ်ခြင်းရနံ့ထုံမွှမ်းသည့် ဂုဏ်သိက္ခာစံအိမ်လေးထဲ၌ အမျိုးဘာသာ သာသနာအကျိုးများကို ပျော်ရွှင်ချမ်းမြေ့မှုများဖြင့် ဆတက်တိုး၍ သယ်ပိုး စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားသမီးများ

သမီးကြီး - ဒေါက်တာတင်မိုးဇင် B.E,M.E,Ph.D (Chemical),D.B.A.(NCC,UK)

သမီးငယ် - ဗိုလ်မှူး မျိုးအောင်ကိုကို၊ B.A (D.S.A),M.A (Myanmar) မြန်မာစာဌာန၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင် - မတင်စိုးဇင်- M.A [English,B.C.I.S(U.K)] (နည်းပြ၊ အင်္ဂလိပ်စာဌာန၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)

သားငယ်လေး - မောင်သိန်းမျိုးဇင် (3rd M.B.,B.S)-Pilot Cadet (1st Intake) MYANMAR AVIATION ACADEMY, ပုသိမ်မြို့



## စိန်ရတုမွေးနေ့နှင့် ရွှေရတုလက်ထပ်မင်္ဂလာဆုတောင်းလွှာ

ဦးသန့်စင်(သန့်စင် ၁-စစ်တက္ကသိုလ်)၏ စိန်ရတုမွေးနေ့မင်္ဂလာနှင့် ဦးသန့်စင်(သန့်စင် ၁-စစ်တက္ကသိုလ်)နှင့် ဒေါ်မြသွေး(TINY)မြန်မာ့ကုန်တိုက်(ငြိမ်း)တို့၏ အနှစ်(၅၀)မြောက် ရွှေရတုလက်ထပ်မင်္ဂလာနေ့ ၁၀-၄-၂၀၁၅ရက်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားများ၊ ချစ်သမီးများ၊ ချစ်မြေးများနှင့်အတူ ကိုယ်ရော စိတ်ပါ ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ချစ်သားများ - ဦးမင်းသန့်၊ ဒေါက်တာမိုးသန့် ဦးထွန်းသန့်၊ ဦးထူးသန့်

ချစ်သမီးများ - ဒေါ်ခင်သီတာသန့်၊ ဒေါ်ခင်နီလာသန့်

ချစ်မြေးများ - မောင်မင်းသီဟ၊ မအိန္ဒြာလင်း၊ မစန္ဒီလင်း၊ မောင်စွမ်းထက်ဇော်နှင့် မစုစန္ဒာထူး











## မီးသတ်ကားတစ်စီး လွှဲပြောင်းပေးအပ်

**ကလော ဧပြီ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(ဗဟို)နေပြည်တော်မှ ခေတ်မီမီးသတ်ကားအသစ်တစ်စီးပေးအပ်ခဲ့ရာ ဧပြီ ၆ ရက်က ကလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကလောမြို့မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးရွှန်ဒွန်းတန်က ကလောမြို့ မြို့မိမြို့ဖ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစိုးမင်းထံ လွှဲပြောင်းအပ်နှံခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ကလောမြို့အတွက်ပေးအပ်သော ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်သည် ရေဂါလန် ၈၈၀၀ ဆံ့ပြီး မီးငြိမ်းသတ်ခလုတ်ခုံဘုတ်ပြား ပိုမိုတောင့်တင်းခိုင်မာကြောင်း၊ ယခင်ပေးထားသော မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့်အတူ ကလောမြို့နှင့် အနီးဝန်းကျင်ရှိ တောင်ကြီးမြို့ ရွှေညောင်၊ ညောင်ရွှေ၊ ဟဲဟိုး၊ အောင်ပန်း၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်းမြို့များအထိ အရေးပေါ်သွားရောက်ကူညီပေးနိုင်တော့မည်ဖြစ်ကြောင်း ကလောမီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးရွှန်ဒွန်းတန်က ပြောသည်။ **ဇော်သိန်းရည်**

## ပါဠိပထမပြန်စာမေးပွဲ စူဠငွဲ့နှင်းသဘင် အောင်လက်မှတ်ဆက်ကပ်ပွဲ ကျင်းပ



**လွိုင်လင် ဧပြီ ၉**

၂၀၁၄ ခုနှစ် အတွက် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာများအား စူဠငွဲ့နှင်းသဘင် (အောင်လက်မှတ်ဆက်ကပ်ခြင်း) အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ မြို့လယ်ကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

နဝမအကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာများအား စူဠငွဲ့နှင်းသဘင် (အောင်လက်မှတ်ဆက်ကပ်ခြင်း) အခမ်းအနားကို ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး ပြည်နယ်ဩဝါဒါစရိယ လွိုင်လင်မြို့လယ်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီးနောက် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က ပါဠိပထမပြန်စာမေးပွဲ စူဠငွဲ့နှင်းသဘင်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် (၁၀) ကြိမ်မြောက် ပါဠိပထမပြန်စာဖြေပွဲတွင် ကြီးကြပ်ဆရာတော် ၂၂ ပါးအား နဝကမ္မ အလှူတော်ငွေများအား ခရိုင်အုပ်ချုပ်ရေးမှူးက မြို့လယ်ဆရာတော်အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ယင်းနောက် ၂၀၁၄ ခုနှစ်အတွက် ပါဠိပထမပြန်စာမေးပွဲစာအောင်သံဃာများအား အောင်လက်မှတ်ဆက်ကပ်ခြင်း၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို အစီအစဉ်အလိုက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အထောက်အကူပြုကော်မတီများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စူဠငွဲ့နှင်းသဘင် (အောင်လက်မှတ်ဆက်ကပ်ခြင်း) ၌ ပထမကြီးတန်းတွင် ငါးပါး၊ ပထမလတ်တန်းတွင် လေးပါး၊ ပထမငယ်တန်းတွင် နှစ်ပါး ၊ အခြေပြုမူလတန်းတွင် အထူးအောင်သုံးပါးနှင့် အခြေပြုမူလတန်းတွင် ရိုးရိုးအောင် ၇၇ ပါး ဖြစ်ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

# မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှုနှင့်ဆိုင်သော ညွှန်ကြားချက်များ ညောင်တုန်းမြို့တွင် ဆွေးနွေးညှိနှိုင်း

**ညောင်တုန်း ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်မည့် ၂၀၁၅ ခုနှစ်၊ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ဆိုင်သော ညွှန်ကြားချက်များ ရှင်းလင်းဆွေးနွေးညှိနှိုင်းပွဲကို ဧပြီ ၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုနှင့် ပညာရေးဌာန နယ်မြေတာဝန်ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျန်းမာရေးဌာနမှ တိုက်နယ်တာဝန်ခံဆေးမှူးများနှင့် ကျေးရွာအုပ်စုများမှ သားဖွားဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတွန့်ခန့်ဒါးလ်နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်တို့က မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်ဖွင့်ပွဲများပြုလုပ်ခြင်း၊ မွေးမှတ်ပုံမတင်ရသေးသော ငါးနှစ်အောက်ကလေးငယ်များအား မွေးမှတ်ပုံတင်ပေးခြင်း၊ ရွှေ့လျားအဖွဲ့များဖြင့် ဝေးလံသောဒေသရှိ ကလေးများကို မွေးမှတ်ပုံတင်ပေးခြင်း စသည်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်တက်ရောက်လာကြသည့် ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ ဆရာကြီး၊ ဆရာမကြီးများက မိမိတို့သိလိုသည့်အချက်များ၊ မရှင်းလင်းသည်များကို တင်ပြဆွေးနွေးရာ တာဝန်ရှိသူများက ပြည်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## 'ဝ' အထူးဒေသ မိုးပွင့်(အထူး) စီမံချက် ရှင်းလင်း

**မိုင်းဆတ် ဧပြီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် 'ဝ' အထူးဒေသသို့ မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးမည့်သူများအား စီမံချက်နှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီက 'ဝ' အထူးဒေသ ဝမ်ဟုန်၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းဆတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အဖွင့်စကားပြောကြားပြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက်ပြည်နယ်မှူးနှင့် ခရိုင်ဦးစီးမှူးတို့က မိုးပွင့်အထူးစီမံချက်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ 'ဝ'အထူးဒေသ ဝမ်ဟုန်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဆက်ဆံရေးမှူးတို့က ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများအား ပြောကြားသည်။

မိုင်းဆတ်ခရိုင်အတွင်းရှိ 'ဝ'အထူးဒေသ၌ မိုးပွင့်အထူးစီမံချက်ကို ဝမ်ဟုန်၊ ဟိုပန်ဟိုရွက်၊ ဟွေအောနှင့် ခိုင်းလုံကျေးရွာတို့တွင် အခြေပြုနေရာ ခုနစ်ခုဖြင့် ဧပြီ ၇ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်(ပြန်/ဆက်)**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး**
**ကျောင်းအဆောက်အအုံများဆောက်လုပ်ခြင်းအတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်မှုအစီအစဉ်ဖြင့်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း၊ မူကြိုကျောင်းဆောင်၊ ဘော်ဒါဆောင်၊ ဝန်ထမ်းနေအိမ်များ အသစ်ဆောက်လုပ်ခြင်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း၊ ကျောင်းအဆောက်အအုံ (၄၄)ခု
(ခ) မူကြိုကျောင်းဆောင် (၁၁)ခု
(ဂ) ဘော်ဒါဆောင် (၃)ခု
(ဃ) ဝန်ထမ်းနေအိမ် (၁၈)ခု

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန် - ၁၀-၄-၂၀၁၅ရက်(ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက်/အချိန် - ၈-၅-၂၀၁၅ရက် (ညနေ ၄း၃၀နာရီ)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၅၅၁/၂၃၉၆၀/၂၃၉၆၄/၂၃၉၆၁

**7Stars(ရာထူးဝင်သင်တန်းကြီး)**
**PPTT(၂/၂၀၁၅)**
**မူလတန်းပြ ဆရာ/ဆရာမဝင်ခွင့်**
(ပုံမှန်တန်းခွဲ / အနီးကပ်တန်းခွဲများစပြီ။)
(အပြည်စုံဆုံးမှတ်စုများရောင်းချပေးသည် ။ နယ်သို့ပို့ပေးသည် ။)
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

**ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး**
အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ပြား
(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးဝယ်)

**ချမ်းမိုင်းသစ္စာ** 562829,09-73198239 569782,09-450006779
Apr12 (Hotel & Restaurant)

**Open Tender ခေါ်ယူခြင်း**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၃)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် တွင်းငယ်-မိုးမိတ်လမ်း (မိုင် ၀/၀မှ ၄၆/၀အတွင်း) လုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါအမှတ် | - | အမှတ်(၁)၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် |
| ကျောက်ရွယ်စုံ | - | ၁၈၀၅ကျင်း |
| သဲ | - | ၁၁၀ကျင်း |
| ကျောက်ရောမြေ | - | ၁၅၃၈ကျင်း |
| (၁) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် | - | ၁၀-၄-၂၀၁၅ရက် |
| (၂) တင်ဒါပိတ်မည့်ရက်/အချိန် | - | ၂၃-၄-၂၀၁၅ရက်/၉း၀၀နာရီ |
| (၃) တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၂၃-၄-၂၀၁၅ရက် /၁၁း၀၀နာရီ |
| (၄) တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့။ |

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
ဖုန်း-၀၆၄-၂၃၁၁၈

**မြန်မာ့သရက်သီးစိုက်ပျိုးရောင်းချနေသော တောင်သူများသို့**

မရင့်မှည့်သော သရက်သီးအနုများကို ဆေးတို့ပြီး ရောင်းချခြင်းဖြင့် ရေရှည်သရက်သီးဈေးကွက်ကို ထိခိုက်နိုင်ပါသဖြင့် သရက်သီးများကို ရင့်မှည့်အောင်ထားပြီးမှ ပြည်ပဈေးကွက်သို့ ခူးဆွတ်တင်ပို့ကြပါရန် မူဆယ်မြို့ (၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ အသိပေးနှိုးဆော်အပ်ပါသည်။

(၁၀၅)မိုင်
သစ်သီးဝလံကုန်စည်ဒိုင်
မူဆယ်မြို့။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ အမှတ်(၁၄၉၂/က)၊ အဝေရာ(၂)လမ်း၊ (၂၀)ရပ်ကွက်ရှိ ဦးသန်းထွန်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှဟန် [၁၂/ဗဟန(နိုင်)၀၅၂၂၅၅]ထံမှ ဝယ်ယူသူ ဒေါ်ဆုမွန်သက်[၈/ခမန(နိုင်)၁၀၁၃၇၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ဆုမွန်သက်[၈/ခမန(နိုင်)၁၀၁၃၇၃]
၂၄-B၊ မြေညီထပ်၊ ငှက်ပျောတောလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၃၇၀၆

# သောက်သုံးရေရှားပါးသောနေရာများသို့ ရေလှူဒါန်း



**မကွေး ဧပြီ ၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်များရှိ မီးသတ်စခန်းမှ တာဝန်ရှိဦးစီးမှူးများ၊ သန္နေတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်တို့သည် မီးသတ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများလှူဒါန်းလျက်ရှိကြောင်းသိရသည်။

ယင်းသို့လှူဒါန်းရာ ဧပြီ ၃ ရက်တွင် နတ်မောက်မြို့နယ်ဝမ်းဘဲအင်းရွာ၊ တောင်တွင်းကြီးမြို့နယ်အုန်းတော (၁) ရပ်ကွက် အပိုင်း (၄) ရှိ ပြည်သူများသို့ စုစုပေါင်းရေဂါလန် ၄၀၀၀ ခန့် လှူဒါန်းခဲ့သည်။

ယင်းအပြင် ပခုက္ကူမြို့နယ် ကြီးရွာ၊ ရေစကြိုမြို့နယ် ဂွေးပင်သာရွာ၊ မြိုင်မြို့နယ် ပုတွင်းကျေးရွာ၊ ပေါက်မြို့နယ် သပြေရေရွာ၊ ဆိပ်ဖြူမြို့နယ် တဲကြီးရွာမှ ပြည်သူများသို့ စုစုပေါင်း ရေဂါလန် ၁၂၀၀၀ ခန့်ကို ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ဧပြီ ၅ ရက်တွင်လည်း ပေါက်မြို့နယ် ညောင်ကိုင်းရွာ၊ မြိုင်မြို့နယ် ကိုင်းကံကျေးရွာ၊ ဂန့်ဂေါမြို့နယ် အမှတ်(၁)ရပ်ကွက်၊ ဆောမြို့နယ် သီရိရပ်ကွက်၊ စေတုတ္တရာမြို့နယ် ခဲပြစ်ရွာမှ ပြည်သူများသို့ စုစုပေါင်း ရေဂါလန် ၈၉၀၀ ခန့်ကို ပေးဝေလှူဒါန်းခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ပေးဝေခြင်းလုပ်ငန်းအား မီးသတ်တပ်ဖွဲ့ရေသယ်ယာဉ်များဖြင့် အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် လိုအပ်ပါက ဖုန်းနံပါတ် ဝ၆၃-၂၃၂၃၁၊ ဝ၆၃-၂၅၀၄၇ ဝ၉-၇၉၉၂၂၃၃၆၈ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မော်လမြိုင်ကျွန်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲပြုလုပ်

**မော်လမြိုင်ကျွန်း ဧပြီ ၉**

မော်လမြိုင်ကျွန်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဧပြီ ၅ ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်ဈေးကြီးရှေ့မျက်နှာစာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်းနှင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းပေါင်းစုံတို့တက်ရောက်ကြပြီး မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝင်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗိုလ်ချုပ်ဈေး ဈေးသူ၊ ဈေးသားများပူးပေါင်းပြီး မီးသတ်ကားသုံးစီးအသုံးပြု၍ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗိုလ်ချုပ်ဈေး ဈေးသူ၊ ဈေးသားများကိုယ်တိုင် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ယင်းအပြင် မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဧပြီ ၄ ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မပြည်သူ့ဈေးကြီး မဟာဗန္ဓုလ ၁၂ လမ်းထိပ်၌ ကျင်းပရာ မြို့နယ်မီးသတ်စခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးကြီး ဈေးသူ၊ ဈေးသားများနှင့်ပူးပေါင်းပြီး မီးသတ်ကားသုံးစီးဖြင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခဲ့ကြသည်။

မော်ကျွန်းမြင့်အောင်

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးချစ်ညွန့်က ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများအပါအဝင် အရာရှိစုစုပေါင်း ၅၀ တက်ရောက်ကာ သင်တန်းကာလမှာ ဧပြီ ၆ ရက်မှ ၁၀ ရက်ထိဖြစ်ကြောင်း သိရသည်။

တင်မောင်ဌေး(သန်လျင်)

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် ဧပြီ ၉**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုအား ကြိုဆိုထောက်ခံသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ကျင်းပခဲ့ကြကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ၁၉၂၀ ပေ၊ အကျယ် ၁၂ ပေရှိပြီး ကတ္တရာလမ်းသစ်အဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ရွှေကြာပင်ရပ်ကွက်သို့ တိုက်ရိုက်သွားလာနိုင်ပြီဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တဲကြီးကုန်းကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တဲကြီးကုန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံများအား ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ဟိုတယ်ဇုံရှိ ရေကစားမဏ္ဍပ်များဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါမဏ္ဍပ်များတွင် သင်္ကြန်ကာလ ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများပြုလုပ်ရာတွင် ဝတ်စားဆင်ယင်မှုများ၊ တေးဂီတဖျော်ဖြေမှုများ၊ ယိမ်းအကများကို မြန်မာ့ယဉ်ကျေးမှုနှင့်မဆန့်ကျင်ဘဲ ယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် မဟာသင်္ကြန်ကာလအတွင်း မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးတို့အတွက် လုံခြုံရေးအစီအမံများအား အထူးဂရုတစိုက်ကြပ်မတ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
✦ ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ
✦ တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ
✦ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ချောင်းသာ(သင်္ကြန်)Guest Package
ငွေဆောင် (သင်္ကြန်)Hotel + ကားခ
April 12,13,17, 24 ထွက်မည်
သင်္ကြန် (ငွေဆောင်/ချောင်းသာ- Hotel / Guest အခန်းစီစဉ်ပေးသည်)
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ကျိုက်ထီးရိုး 15000 ✧ ချောင်းသာ 20000
09-73163538, 09-31785622

ချောင်းသာ သွားမလို့လား .....
'အောင်' တည်းခိုရိပ်သာမှ Booking လက်ခံနေပြီ။
ခရီးသွားလုပ်ငန်းများဆက်သွယ်နိုင်ပါသည်။
Ph :09-252077123, 09-2562295669

သိုးရာသီ ဝမ္မဒါန
ရွှေစက်တော်+ပုဂံဘုရားစုံ ဇရိုက်ငြိမ်း-၆၅၀၀၀
တောင်ကြီး-အင်းလေး-ပင်းတယ-၆၅၀၀၀
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၆၅၀၀၀
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀၀
Apr 12,17
☎ 420144148, 421153797

POPULAR STAR Travel & Services
တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်းသမ်း - မွေတော်ကက္ကူ
Apr 11,12,13,17 - 190000 ကျပ်
Apr 30 - 130000 ကျပ်
မန္တလေး - ပင်းကျွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Apr 12 - 150000 ကျပ်
Scania (2+2) Bus, 3 Stars Hotel, Restaurants
Ph : 01 2301866 , 09 5129134, 09 799676523

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် တည်ဆောက်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ | Bentonite | - | ၄၀၀ တန် |
| ၂။ | တောသစ်(ကောင်းမှု) | - | ၁၅၀ တန် |
| ၃။ | တောသစ်(ပန်းစုံ) | - | ၁၅၀ တန်(ဘိုင်သားမပါ) |
| ၄။ | 1.5mm Thick M.S Plate 8'x4' | - | ၂၀၀၀ ချပ် |
| ၅။ | မြစ်သဲ(ဇာသပြင်) Export Quality | - | ၁၂၀၀ ကျင်း |
| ၆။ | Chipping (ဇင်းကျိုက်) | - | ၁၀၀၀ ကျင်း |
| ၇။ | Welding Rod No.8(20Kg) | - | ၂၀၀ ထုပ် |
| | Welding Rod No.10(20Kg) | - | ၈၀၀ ထုပ် |

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချ ပါမည်။ ၁၃-၄-၂၀၁၅ရက်(သင်္ကြန်အကြိုနေ့)မှ ၁၇-၄-၂၀၁၅ရက် (နှစ်ဆန်း ၁ ရက်နေ့)အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၆/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-001(15-16) | 4"Dia Discharge Vibrator Hose and 4"Dia Hammer Union (2)Items | US$ |
| (၂) | IFB-002(15-16) | Electrical Spares for US$ Oil Well Rig (26)Items | US$ |
| (၃) | DMP/L-001(15-16) | PGGO 140 Gear Oil (1)Lot | KS |
| (၄) | DMP/L-002(15-16) | Hydraulic Oil (H.O.L) (1)Lot | KS |
| (၅) | DMP/L-003(15-16) | Cooling Fan Motor, Water Pump & Motor, Oil Pump & Motor for CNG Compressor (4) Items | KS |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၄-၅-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

# ကျွန်းစုမြို့နယ် ကတန်ကျွန်းအနီး ကမ်းလွန်ရေနံလုပ်ကွက်(၁၅)တွင် သဘာဝဓာတ်ငွေ့ရှာဖွေရေးစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**မြိတ် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတန်ကျွန်းအနီးကမ်းလွန်ရေနံလုပ်ကွက်(၁၅)တွင် သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြိတ်မြို့နယ်နှင့် ကျွန်းစုတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီခွဲခန့်က မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသိန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ရွှေညာမောင်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ Canadian Foresight Group Pt Co; Ltd (ကနေဒါ)၊ ဒုဥက္ကဋ္ဌ Ms. Woo Perla Oyam၊ Artelia (ပြင်သစ်) ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Mr. Charles၊ Century Bright Gold Co;Ltd (မြန်မာ)အထွေထွေမန်နေဂျာ ဦးစောဦးပါ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသိန်းလွင်က စီမံကိန်းနှင့်ပတ်သက်၍ တူးဖော်မည့်ကုမ္ပဏီနှင့် ဒေသခံများတွေ့ဆုံပြီး အကြံဉာဏ်များရယူကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်လာပါက ဒေသအကျိုးအတွက် ရတနာ၊ ရဲတံခွန်၊ ဇောတိကစသည့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံဆွေးနွေး၍ ဒေသအကျိုးအတွက် ဆွေးနွေးအကြံပြုပေးရန် တိုက်တွန်း၍ အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် Century Bright Gold Co;Ltd (မြန်မာ)အထွေထွေမန်နေဂျာ ဦးစောဦးက Century Bright Gold Co;Ltd (မြန်မာ) နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး စီမံကိန်းလုပ်ကွက် စူးစမ်းတိုင်းတာမှုမလုပ်ခင် ဒေသခံများနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့်ပတ်သက်၍ အကြံဉာဏ်များရယူညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Canadian Foresight Group Pt Co; Ltd (ကနေဒါ) ဒုဥက္ကဋ္ဌ Ms. Woo Perla Oyam က ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုလုပ်ငန်းများနှင့် ကမ်းလွန်ရေနံလုပ်ကွက်အမှတ်(၁၅)၊ သဘာဝဓာတ်ငွေ့ရှာဖွေရေး စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

Artelia (ပြင်သစ်) ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Mr. Charles ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်အကြောင်း၊ စီမံကိန်းလုပ်ငန်းများကြောင့် ဒေသအကျိုးစီးပွားထိခိုက်မည့် အချက်အလက်များအားပြုစုပြီး ထိခိုက်မှုအနည်းဆုံး ဖြစ်အောင် အကြံဉာဏ်ပေး ဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာကြသောဒေသခံပြည်သူများမှ ဒေသထိခိုက်နစ်နာမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုအခြေအနေ၊ စီမံကိန်းအောင်မြင်ပါက ဒေသလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ EIA/SIA လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဝန်ကြီးဦးသိန်းလွင်၊ Canadian Foresight Group Pt Co; Ltd (ကနေဒါ)၊ ဒုဥက္ကဋ္ဌ Ms. Woo Perla Oyam နှင့် Artelia (ပြင်သစ်) ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် Mr. Charles တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**မြင့်ဦး(မြိတ်)**

# ခမောက်ကြီးတွင် ဆိုလာလျှပ်စစ်ဓာတ်အားဖြင့် ရပ်ကွက်လုံးကျွတ် မီးလင်း

**ခမောက်ကြီး မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၃) ရပ်ကွက် အိမ်ခြေ ၁၀၀ အား မေ ၅ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် SKY Dragon ကုမ္ပဏီမှ ဆိုလာလျှပ်စစ်ဓာတ်အားရရှိရေး လိုက်လံတပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်ရှိ အိမ် ခြေ ၁၀၀ အား အိမ်တစ်အိမ်လျှင် (၂၀×၄၀) လက်မ ၈၀ ဝပ် ဆိုလာပြားတစ်ချပ်၊ ၁၂ ဗို့ဗာထရီတစ်လုံး၊ ချာဂျင်ကွန်ထရိုလာ (ထိန်းချုပ်ကိရိယာ) တစ်လုံး၊ ၃၀၀ ဝပ် အင်ဗိုက်တာတစ်လုံး၊ LED မီးသီးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် SKY Dragon ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးခြင်းဖြစ်သည်။

**ခမောက်ကြီး(ပြန်/ဆက်)**



# နွားထိုးကြီးမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ယာဉ်တိုက်မှု ကိုးမှုဖြစ်ပွားရာတွင် လူရှစ်ဦးသေဆုံး

**နွားထိုးကြီး မေ ၉**

နွားထိုးကြီးမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ယာဉ်တိုက်မှု ကိုးမှုဖြစ်ပွားရာ၌ ခြောက်မှုမှာ လူသေဆုံးခဲ့ပြီး သေဆုံးသူ ရှစ်ယောက်ရှိခဲ့ကြောင်း နွားထိုးကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်နိုင်က ပြောသည်။

၂၀၁၄ ခုနှစ်အတွင်းက ယာဉ်တိုက်မှု ၂၈ မှုဖြစ်ပွားခဲ့ပြီး ၁၆ မှုမှာ လူသေဆုံးခဲ့ကြောင်း ယာဉ်တိုက်မှုအများဆုံးမှာ မော်တော်ဆိုင်ကယ်ယာဉ်တိုက်မှုက အများဆုံးပါဝင်ကြောင်း သိရသည်။

ယင်းကြောင့် နွားထိုးကြီးမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် စည်းကမ်းဖောက်ဖျက်သည့်မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးနေရာ တစ်နေ့လျှင် မော်တော်ဆိုင်ကယ် ငါးစီးအထက် ဖမ်းဆီး၍ ရုံးတင်နေကြောင်း နွားထိုးကြီးမြို့မရဲစခန်းမှူးက ပြောသည်။

**ဌေးမြင့်မောင်**


**မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပသော တောင်ကြီးမြို့ မဟာသင်္ကြန်(ဗဟို)မဏ္ဍပ်တွင် ကိုမျိုးမင်းသန့် ဦးဆောင်သော (High City) တီးဝိုင်းဖြင့် သင်္ကြန်အကြိုရက်(၁၃-၄-၂၀၁၅)မှ သင်္ကြန်အတက်နေ့(၁၆-၄-၂၀၁၅)ရက်အထိ အဆိုတော်များဖြစ်ကြသည့်**

| | | |
|---|---|---|
| (၁) ဟန်ထွန်း | (၇) စိုင်းဆိုင်စွမ်မောဝ် | (၁၃) ကြည်ဇော်ထက် |
| (၂) မိုးယံဇွန် | (၈) ညီကျော် | (၁၄) နေဝင်း |
| (၃) နေဒွေး | (၉) လင်းအောင်ခေတ် | (၁၅) မြတ်သူကျော် |
| (၄) အောင်မင်းခန့် | (၁၀) ကျော်သက်ဝေ | (၁၆) ထူးမင်း |
| (၅) ကောင်းမြတ်စံ | (၁၁) ပိုင်ဒဂုံ | (၁၇) စည်သူဝင်း |
| (၆) စိုင်းဆိုင်စွမ်ဖ | (၁၂) သုတ | (၁၈) မင်းသိန်းခန့်နှင့် |

တောင်ကြီးမြို့မှ (High City)တီးဝိုင်း တေးသံရှင် ကျား(၄)ဦး၊ မ(၇)ဦးတို့ဖြင့်စည်ကားသိုက်မြိုက်စွာ နေ့စဉ်၊ ညစဉ်ကျင်းပဖျော်ဖြေသွားမည်ဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီး ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြရန် ဖိတ်ခေါ်အပ်ပါသည်။

ပွဲတော်ကျင်းပရေးကော်မတီ
ရှမ်းပြည်နယ်အစိုးရအဖွဲ့



**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | လုပ်ငန်းအရေအတွက် |
|---|---|---|
| (က) | ဆေးဝါးစက်ရုံ(အင်းစိန်) | ၁၀ မျိုး |
| (ခ) | ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | ၁ မျိုး |
| (ဂ) | ဆေးဝါးကုန်ကြမ်းစက်ရုံခွဲ(မှော်ဘီ) | ၄ မျိုး |
| (ဃ) | မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) | ၄ မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ရက် (ညနေ ၄း၀၀နာရီ)
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**
**ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဖုန်း ၀၁-၆၄၆၂၇၄**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်လိုအပ်သော လယ်ယာသုံး စက်ကိရိယာ၊ စက်အပိုပစ္စည်းများနှင့် အခြားဆက်နွယ် စက်အစိတ်အပိုင်းများအတွက် Open Tender ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့်အစိုးရ နည်းပညာအထက်တန်းကျောင်းများတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်အတွက် လိုအပ်သောလယ်ယာသုံး စက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၈-၄-၂၀၁၅ရက် နံနက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတွင် တစ်စုံလျှင်(၁၀၀၀၀ိ/-)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၂-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ လယ်ယာသုံးစက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား သက်ဆိုင်ရာဒေသအရောက် ၂၆-၄-၂၀၁၅ရက် နောက်ဆုံးပေးသွင်းနိုင်သူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၄၈၃၊ ၀၆၇-၄၀၄၄၅၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုဖြင့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အင်းရှည်ရွာအနီးတွင် အကောင်အထည်ဖော် တည်ဆောက်မည့် ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း(သထုံ)၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အရာထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း
- (၁) အရေးကြီးစီမံကိန်းပညာရှင်များ အဆောက်အအုံ(၃)လုံး
- (၂) အရေးကြီးပညာသည်များအဆောက်အအုံ(၃)လုံး

(ခ) အမှုထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း
- (၁) အရေးကြီးအင်ဂျင်နီယာကျွမ်းကျင်သူများနေအိမ်(၃)လုံး
- (၂) အရေးကြီးအင်ဂျင်နီယာငယ်ကျွမ်းကျင်သူများနေအိမ်(၃)လုံး

၂။ လုပ်ငန်းတစ်ခုချင်းစီအလိုက် တင်ဒါပုံစံများကို ၂၂-၄-၂၀၁၅ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၂-၅-၂၀၁၅ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)၊ဒုတိယဝန်ကြီး(ရုံးခန်း)သို့တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း ၀၉-၅၁၃၅၉၁၀၊ ၀၉-၈၃၀၃၈၄၁၊ ၀၉-၄၄၀၂၂၅၈၇၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ **Mitsubishi** အမျိုးအစား လေအေးပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၉-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၄-၄-၂၀၁၅ရက်၊ ၁၅း၀၀နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၂၈-၄-၂၀၁၅ရက်၊ ၁၃း၀၀ နာရီ
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
ဖုန်း ၀၆၇-၅၉၀၅၃၀၊ ၀၆၇-၅၉၀၅၀၆



**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် စက်ပစ္စည်းများအား(CIF, YGN) နိုင်ငံခြားငွေ(US$)(သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တည်နေရာ | အရေအတွက် |
|---|---|---|
| (က) | ဆေးဝါးစက်ရုံ(အင်းစိန်) | (၆၅) မျိုး |
| (ခ) | ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | (၃၃) မျိုး |
| (ဂ) | ဆေးဝါးစက်ရုံ(အင်ရောင်း) | (၂၂) မျိုး |
| (ဃ) | မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) | (၃) မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၈-၄-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ရက် မွန်းလွဲ ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် စက်ပစ္စည်းများ၏ အမျိုးအမည်နှင့် (Technical Specification)များ အသေးစိတ်အချက်အလက်များနှင့်ပတ်သက် ၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန နေပြည်တော်
ဖုန်းနံပါတ်- ၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆
ဆေးဝါးစက်ရုံ(အင်းစိန်)၊ ၀၁-၆၄၆၂၇၄

# သင်္ကြန်အတွင်း ရောင်းချရန် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ လက်ဝယ်တွေ့ရှိသူများအား ဖမ်းဆီးအရေးယူ

**မကွေး ဧပြီ ၉**

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများရောင်းချခြင်း၊ သုံးစွဲခြင်းမရှိစေရေးအတွက် မကွေးခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ တာဝန်ရှိသူများ ဆောင်ရွက်လျက်ရှိရာက ဧပြီ ၆ ရက်က မကွေးမြို့ ရွာသစ်(၁၈)လမ်း အိမ်အမှတ်(၂၆၀)ရှိ ကိုခင်မောင်ဆန်း(ခ)ပလိုကိုး နေအိမ်သို့ဝင်ရောက်ရှာဖွေခဲ့သည်။

ယင်းသို့ဝင်ရောက်ရှာဖွေစဉ် နေအိမ်စတိုခန်းအတွင်းမှ တရားဝင်ခွင့်ပြုချက်မရှိသော တားမြစ်ဆေးများနှင့် မူးယစ်ဆေးဝါးဖြစ်သော အဝါရောင်နှင့် အစိမ်းရောင်ရှိ ဆေးတောင့် ၁၀ တောင့်ပါ Tramacap ဆေးကတ် ၃၇ ကတ်အား တွေ့ရှိခဲ့သဖြင့် မကွေးမြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

ဆက်လက်ပြီး ယင်းနေ့တွင်ပင် မကွေးမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းနိုင်ဝင်းနှင့် တာဝန်ရှိသူများက မကွေးမြို့ ရွာသစ်(၁၈)လမ်း အိမ်အမှတ် (၂၇၄) ရှိ ဦးခင်မောင်ကျော်၏နေအိမ်သို့ မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးနေအိမ်ဝင်ရောက်ရှာဖွေ ဖမ်းဆီးခွင့်ဝရမ်းအမှတ် (၂/၂၀၁၅) ဖြင့် ဝင်ရောက်ရှာဖွေရာ အဆိုပါနေအိမ်အတွင်းရှိ စတိုခန်းအတွင်းမှ တရားမဝင်ခွင့်ပြုချက်မရှိ တားမြစ်ဆေးဝါး ၃၇ မျိုးအား တွေ့ရှိခဲ့သဖြင့် လက်ဝယ်တွေ့ရှိသူ ဦးခင်မောင်ကျော်အား မကွေးမြို့မရဲစခန်းက (ပ)၁၁၃/၂၀၁၅၊ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ ဖြင့် အရေးယူထားကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

❑❑❑

## သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေး

**ကော့သောင်း ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်တွင် ၂၀၁၅ ခုနှစ် သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၅ ရက်က အင်္ဂပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့မရဲစခန်း၊ စခန်းမှူး ရဲအုပ်အေးကြိုင်က သင်္ကြန်ကာလအတွင်း မြို့နယ်အတွင်း မှုခင်းများမဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးများ တားဆီးကာကွယ်ရေး၊ ခိုက်ရန်မဖြစ်ပွားရေး၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများကထုတ်ပြန်ထားသည့် သင်္ကြန်စည်းကမ်းများအား ပြည်သူများလိုက်နာဆောင်ရွက်ကြရေး၊ မြို့နယ်အတွင်း ယခင်နှစ် သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်စဉ်များနှင့် ယခု ၂၀၁၅ ခုနှစ်သင်္ကြန်ကာလအတွင်း၊ ကာမစိတ်ကြွဆေးများ ရောင်းချသုံးစွဲမှုမရှိစေရေး၊ ယာဉ်အန္တရာယ်များမဖြစ်ပေါ်ရေး၊ မှုခင်းဖြစ်စဉ်များ လျော့နည်းကျဆင်းရေး ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရပ်ကွက်ပြည်သူများသို့ အသိပညာပေးဟောပြောခဲ့သည်။ ယင်းနောက် ရပ်ကွက်ပြည်သူများက ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း စည်းကားသိုက်မြိုက်စွာ မြို့နေပြည်သူများဆင်နွှဲနိုင်ရေးကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကော့သောင်း(ပြန်/ဆက်)**

# အင်းလေးကန်ဘေးမဲ့တောအတွင်း ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှကွင်းဆင်းလေ့လာ

**ညောင်ရွှေ ဧပြီ ၉**

ပဲခူးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦးသည် ဧပြီ ၆ ရက်တွင် အင်းလေးကန်ဘေးမဲ့တောသို့ ကွင်းဆင်းလေ့လာရေးခရီးလာရောက်ခဲ့ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့ကို အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုအခြေအနေ၊ အင်းလေးကန်ဘေးမဲ့တောမှ လက်ရှိထိန်းသိမ်းရေး ဆောင်ရွက်နေမှု၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှု၊ ရေပျော်ငှက်များ ပျံ့နှံ့ကျက်စားမှု၊ အာဆီယံအမွေအနှစ်ဉယျာဉ်အဖြစ် တည်ထောင်ထားရှိမှုနှင့် လူသားနှင့် ဇီဝအဝန်းအဝိုင်း သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ရန် ဆောင်ရွက်နေမှုတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လေ့လာရေးအဖွဲ့က သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အင်းလေးကန်ဘေးမဲ့တော သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် အင်းလေးဒေသသို့ လာရောက်လေ့လာသော ပြည်တွင်းပြည်ပဧည့်သည်များနှင့် တက္ကသိုလ်များမှ လေ့လာရေးအဖွဲ့များအား ပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**နေမျိုးသူရိန်**



**ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ချောင်းကျော်တံတားမှာ ယာဉ်အသွားအလာများသောကြောင့် တံတားခြေရင်းမြေသားများ နိမ့်ဆင်းလာကာ ဆိုင်ကယ်နှင့် ကားများ အတက်အဆင်းပြုလုပ်ရာတွင် အဆင်မပြေမှုများရှိနေပြီး ခရီးသွားပြည်သူများအတွက် အန္တရာယ်ရှိလာနိုင်သောကြောင့် ဒေသခံတစ်ဦးဖြစ်သူ ဦးအင်းလေးဦးဆောင်သောအဖွဲ့က ဧပြီ ၂ ရက်တွင် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**


သတင်းနှင့် ဓာတ်ပုံ - ကျော်သူဟိန်း(ပြန်/ဆက်)

















# ကြော်ငြာ

## တပ်မတော်(ရေ)တပ်သားသစ်သင်တန်း ၁/၈၀ (ပုသိမ်)
## ကျောင်းဆင်းသူငယ်ချင်းများ ဆွမ်းကပ်လှူပွဲနှင့်တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၁-၄-၂၀၁၅ ရက်(စနေနေ့)
အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
သံဃာတော်များ ဆွမ်းကပ်လှူခြင်း၊ အမှျပေးဝေခြင်းနှင့် သူငယ်ချင်းများ မိတ်ဆုံစားပွဲ
နေရာ - ဆုထူးပန်သီရိမင်္ဂလာကန်တော် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အေးမေတ္တာလမ်း၊ အေးမေတ္တာရပ်ကွက်၊ အောင်ချမ်းသာ(၄)၊ သန်လျင်မြို့။
(သီးခြားဖိတ်စာမပို့ပါ)

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

**RUBY** ကားစီးလုံးငှားမည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ရွှေလမ်းခရီး** ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* **မန်းရွှေစက်တော်ဘုရားပွဲတော်** နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* **အလောင်းတော်ကဿပ** (ဖိုလ်ဝင်တောင်၊ ရွှေဘတောင်)ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လှိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ နွားလဘိုတောင်
* ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ခမီ
(ထမင်းကျွေး ကား၊ တစ်ဆင့်သွားကား/ စက်လှေ၊ တည်းခိုခန်း ခရီးသွားဖြင့်)
**မဟာသင်္ကြန်ခရီးစဉ်များ (12-4-2015)(13-4-2015) နှင့် (17-4-2015) လက်မှတ်များ ကြိုတင်ရောင်းပြီ**
* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး ☎ 371317, 095124678, 09401589907

## အိမ်ရောင်းမည်

ပြင်ဦးလွင်၊ ရေချမ်းအိုး(တောင်)၊ ပေ(၄၀×၆၀)ထောင့်ကွက်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ RC တိုက်သစ်၊ ရေမီးစုံ သိန်း (၈၇၀)
**Ph: 09-420021542, 09-253972760, 09-49266316**

**Royal Gandamar** Travels & Tours "မဟာသင်္ကြန် ခရီးစဉ်များ"

| | | |
|---|---|---|
| 1. အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ-ကလော-ပင်းတယ(၅ရက်) | Apr 12,13,17 | ၂၀၀,၀၀၀ |
| 2. မန္တလေး-စစ်ကိုင်း-မင်းကွန်း-ပြင်ဦးလွင်-ဒီးဒုတ်ရေတံခွန်(၅ရက်) | Apr 11,17 | ၁၉၀,၀၀၀ |
| 3. ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ(စွယ်တော်(၄)ဆူ) (၄ရက်) | Apr 13,17 | ၁၇၀,၀၀၀ |
| 4. ပုဂံ-ပုပ္ပါး-ပခုက္ကူ-အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ-ကလော(၇ရက်) | Apr 13 | ၃၁၀,၀၀၀ |
| 5. အလောင်းတော်ကဿပ-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-မိုးညင်းသမ္ဗုဒ္ဓေ (၅ရက်) | Apr 12,17 | ၂၂၀,၀၀၀ |
| 6. ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်ကမ်းခြေ-မော်လမြိုင်-ကျိုက္ခမီ (၆ရက်) | Apr 13 | ၂၃၀,၀၀၀ |
| 7. ဘားအံဂူများ-ရေပူစမ်း-မော်လမြိုင်-ကျိုက္ခမီ -စက်စဲ (၃ရက်) | Apr 12,15,18 | ၉၅,၀၀၀ |

>ပြည်-အကောက်တောင်-ပျူမြို့ဟောင်း Apr 10,17,19
>ကချင်ပြည်နယ်-ဘားအံဂူများနှင့်ရေပူစမ်း Apr 10,18,19
>မော်လမြိုင်-ကျိုက္ခမီ -စက်စဲကမ်းခြေ Apr 10,18,19


3*Hotels, Scania Express, Meals, Guide ပါဝင်ပြီး

အမှတ် (၆၉) ၊ ဒုထပ် ၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်(near Junction Mawtin)
Call:09 333 53275, 09 250 892626, 09 36590 808, 09 3659 2255

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၂၁၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၉၃)၊ (၁၃)လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံ(ဒေါ်တင်ညွန့်)[၁၂/ဒပန(နိုင်)၀၁၉၀၅၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်(မိခင်)နှင့် ဦးလှမောင်(ဖခင်)တို့ကွယ်လွန်သဖြင့်သမီးများ ဖြစ်ကြသော ဒေါ်အေးရွှေ[၁၂/ဒပန(နိုင်)၀၁၈၉၉၂]နှင့် ဒေါ်မြသန်း[၁၂/ဒပန(နိုင်)၀၁၉၀၇၇]နှစ်ဦးအနက် ဒေါ်အေးရွှေကိုယ်စား GP ၂၃၅၁၆/၁၄(၂၈-၈-၁၄)ရရှိသူ ဦးဝင်းမြင့်(ခ) လင်ကျင်ရွှေ[၁၂/ပဇတ(နိုင်)၀၀၈၇၇၃]နှင့် ဒေါ်မြသန်းတို့ ပူးတွဲလျက်ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




**Sunny Paradise Resort** ngwesaung beach

**Yangon Sales & Reservation Office :**
90 (A/B), Kabar Aye Pagoda Road, Bahan Tsp., Yangon, Myanmar.
Tel : (95 1) 546006 (Ext: 133, 134)
HP: 09 5200591, 09 5200594
Fax : 546006 (Ext: 133)
E-mail : sunnyparadiseresort.sales@gmail.com, sunnyparadise@tmwmyanmar.com

**Ngwesaung**
Tel : (95 42) 40227~9,
HP: 09 8568124, 09 8568653
Email : tmwsp@tmw.com.mm
www.sunnyparadiseresort.net

**Sweety®** Bra & Underwears မှ Sweety ချစ်ပရိသတ်များနှင့် ဖောက်သည်ကြီးများ၏ တစ်ခဲနက်အားပေးတိုက်တွန်းမှုများကြောင့် ကံစမ်းမဲဆုများနှင့် ကံစမ်းမဲအချိန်ကာလအား အောက်ပါအတိုင်းပြောင်းလဲတိုးမြှင့်လိုက်ပါကြောင်း အများပြည်သူများသိရှိစေရန် သတင်းကောင်းပါးအပ်ပါသည်။

ယခင်ကံစမ်းမဲကာလ (၁၀.၁.၂၀၁၅ မှ ၁၀.၄.၂၀၁၅) ထိသတ်မှတ်ခဲ့ရာ၊ ယခု (၃၀.၄.၂၀၁၅) ထိထပ်မံတိုးမြှင့်လိုက်ပါသည်။


| | | | | | |
|---|---|---|---|---|---|
| အထူးဆု | (ပထမဆု) | – | ၂၀ သိန်း | ---------- | ၁ဆု |
| | (ဒုတိယဆု) | – | ၁၅ သိန်း | ---------- | ၁ဆု |
| | (တတိယဆု) | – | ၁၀ သိန်း | ---------- | ၁ဆု |
| ပထမဆု | | – | I Phone 6 Plus | --------- | ၃ဆု |
| ဒုတိယဆု | | – | Samsung Note 4 | --------- | ၅ဆု |
| တတိယဆု | | – | I Pad Air | --------- | ၅ဆု |
| စတုတ္ထဆု | | – | Samsung Galaxy Neo | --------- | ၁၀ဆု |
| ပဥ္စမဆု | | – | Power Bank | --------- | ၂၀ဆု |
| နှစ်သိမ့်ဆု | | – | ကျပ် ၂၀၀၀၀ | --------- | ၅၀ဆု |
| | | | Phone Memory card | --------- | ၅၀ဆု |
| | | | ၅၀၀၀ိ/– တန်ဖိုးငွေဖြည့်ကတ် | --------- | ၁၀၀ဆု |

အထူးဆု၊ ပထမဆု၊ ဒုတိယ၊ တတိယဆုများထွက်ပေါ် လာအောင် ရောင်းချပေးသော အရောင်းဆိုင်များအား ဆုငွေ ၁၀၀၀၀၀ိ/– ကျပ်ကိုချီးမြှင့်မည်ဖြစ်ပါသည်။

အစဉ်တစိုက်အားပေးသောမိဘပြည်သူများကိုစေတနာအမှန်ဖြင့်နှစ်စဉ်ကျေးဇူးတုံ့ပြန်လျက်ရှိသော **Sweety®**


ပြည်သူ့အတွက်
SKY NET
၂၀၁၅ နှစ်သစ်အထူးအစီအစဉ်ကာလ ထပ်မံတိုးမြှင့်ခြင်း
တန်ခူးအထူး
အတာကူးသည့် လတန်ခူးတွင်ကျရောက်သော မြန်မာတို့၏ နှစ်သစ်ကူးအချိန်အခါ၌
SKYNET ကိုအစဉ်တစိုက်ကြည့်ရှုအားပေးကြသော မိဘပြည်သူများ၏ကျေးဇူးကိုတုံ့ပြန်သောအားဖြင့်
လက်ရှိအထူးအစီအစဉ်ကာလကို
(၁.၄.၂၀၁၅ မှ ၃၀.၄.၂၀၁၅) ရက်နေ့အထိထပ်မံတိုးမြှင့်လိုက်ပါသည်။
SN-1 PACKAGE
ရုပ်သံလိုင်း ၃၁++
လစဉ်ကြေး ၃၆၀၀ ကျပ်
SN-3+HD PACKAGE
Full HD ၁၀ လိုင်း အပါအဝင်ရုပ်သံလိုင်း ၁၁၈++
၃၆ လအရစ်ကျစနစ်
လစဉ်ကြေး ၁၃၅၀၀ ကျပ်
PACKAGE အသစ်
SN-9 PACKAGE
Full HD ၄ လိုင်း အပါအဝင်ရုပ်သံလိုင်း ၈၀++
အထူးအစီအစဉ်ကာလ
လစဉ်ကြေး(၇၀၀၀)ကျပ်
အထူးနှုန်း
လစဉ်ကြေး ၆၃၀၀ ကျပ်
PACKAGE ကိုမဆို
SKY NET DTH
55000 Ks
45000 Ks
Full HD 1080p
အထူးအစီအစဉ်ကာလ
HOT LINES: 01-9010220, 01-9010221, 01-9010222, 01-9010223, 01-9010224
သက်ဆိုင်ရာ မြို့နယ် RSP များထံတွင် စုံစမ်း မေးမြန်းဝယ်ယူအားပေးနိုင်ပါသည်။

ကြော်ငြာ


PACKAGE အလိုက်ပါဝင်သော ရုပ်သံလိုင်းများ
SN-1
PACKAGE
၃၁⁺⁺လိုင်း
SN-9
PACKAGE
၈၀⁺⁺လိုင်း
SN-3
+
HD
PACKAGE
၁၁၈⁺⁺လိုင်း
အထွေထွေစိတ်ဝင်စားဖွယ်ရာ
ရုပ်ရှင်၊ ဇာတ်လမ်းတွဲ
အားကစား
ဗဟုသုတနှင့် သတင်း
ကလေး၊ လူငယ်၊ ဂီတ


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
LIVE THE
GOLDEN CITY LIFE
GOLDEN CITY မိသားစုမှ
နှစ်သစ်သင်္ကြန်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။
မြန်မာ့နှစ်ကူးလက်ဆောင် ဧပြီလ (၁)ရက်နေ့ မှ မေလ (၃၁)ရက်နေ့ထိ
ပထမဆုံး အခန်းကြိုတင်စာရင်းပေးသွင်းသူ (၁၀)ဦးအတွက်သာ
8% Discount + US $ 3,000 Trip Package (or) Electronic Set Package
The First Unique Real Estate Project Won The "Green Asia Habitat Awards"
GOLDEN CITY
SHOW GALLERY သင်္ကြန်ပိတ်ရက်
11.04.2015 မှ 19.04.2015 အထိ
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Golden City Myanmar Website: www.glredcl.com Email: goldencity@glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ကြော်ငြာ


YumYum®
Xcite®
အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်မှ
ကံထူးရှင်များပေါ်ထွက်လာပါပြီ...
iPhone 6 ကံထူးရှင်
Honda Wave S ကံထူးရှင်
Samsung Note 3 Neo ကံထူးရှင်
ဒေါ်ခင်ခင်ဦး (မရမ်းကုန်းမြို့နယ်)
မဖြူဖြူမြင့် (မင်္ဂလာဒုံမြို့နယ်)
ဒေါ်ဝေနှင်းပွင့် (ကြည့်မြင်တိုင်မြို့နယ်)
BMW ကားအသစ် ၂ စီး အပြင် အခြားအဖိုးတန်ဆုပဲများကျန်ရှိနေသည့်အတွက် ကံထူးရှင်များအား
စောင့်ကြိုလျက်ရှိကြောင်း နှင့် စားသုံးသူမိဘပြည်သူများ ဆတက်ထမ်းပိုး ကျန်းမာချမ်းသာစေကြောင်း နှစ်သစ်မင်္ဂလာ
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
ကံစမ်းမဲကာလ(01-03-15)မှ(31-05-15)အထိ
YumYum®
YumYum® ခေါက်ဆွဲ၏ အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်အတွက်
YumYum® မှဝယ်ယူပြီးဖြစ်သော BMW ကားသစ်နှစ်စီးအား ပေးအပ်ရန်
Prestige Automobiles မှ YumYum® နှင့်အတူ
စောင့်ကြိုလျက်ရှိကြောင်း နှစ်သစ်မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။
All New BMW2 Series
Active Tourer
၁ စီး
BMW316i
Brand New BMW 316i ၁ စီး
Prestige Automobiles


Royal
Myanmar Teamix
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် မြန်မာ့လက်ဖက်ရည်ရသာစစ်
ရှိုင်ရယ်မြန်မာတီးနှင့်အတူ လုပ်အားဒါန ကူသိုလ်ယူကြရအောင် . . .
မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သော နှစ်သစ်ကူးအခါသမယတွင်
ဘိုးဘွားမိဘများအား ခေါင်းဆေးမင်္ဂလာပြုခြင်း၊
လက်သည်းခြေသည်း ညှပ်ပေးခြင်းတို့အား
လုပ်အားဒါနကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
နေ့ရက် – ၁၇.၄.၂၀၁၅ (နှစ်ဆန်းတစ်ရက်နေ့)
အချိန်နှင့် နေရာများ – (၁) နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်မြို့ ညနေ (၃) နာရီ
(၂) မန္တလေးတောင် ဘိုးဘွားရိပ်သာ၊ မန္တလေးမြို့ နံနက် (၈း၃၀) နာရီ
(၃) ဗုဒ္ဓဘာသာ ပျဉ်းမနား ဘိုးဘွားရိပ်သာ၊ နေပြည်တော်။ နံနက် (၉) နာရီ
(၄) ကေတုမတီ ဘိုးဘွားရိပ်သာ၊ တောင်ငူမြို့ နံနက် (၈) နာရီ
(၅) သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၊ ပြည်မြို့ နံနက် (၁၀) နာရီ
၁၈.၄.၂၀၁၅ (နှစ်ဆန်းနှစ်ရက်နေ့) – တောင်ဝိုင်း ဘိုးဘွားရိပ်သာ၊ မော်လမြိုင်မြို့ မွန်းလွဲ (၁း၃၀) နာရီ
ဆက်သွယ်ရန် ဖုန်းနံပါတ်များ – ၀၉ - ၈၇၇၃၀၈၈၇၂၊ ၀၉ - ၄၂၅၃၀၇၈၀၆၊ ၀၉ - ၄၂၀၀၀၄၅၆၉
(လာရောက်ပါဝင်ကုသိုလ်ယူကြသူများအား ရှိုင်ရယ်မြန်မာတီးမှ
အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပါသည်။)
www.facebook.com/RoyalMyanmarTea


myanmar
national airlines
Fly The New Myanmar
Yangon - Nyaung oo (Fri, Sat, Sun, Mon, Tue)
Yangon - Heho (Mon, Wed, Fri, Sat,Sun)
Yangon - Mandalay ( Mon, Tues, Wed, Thu, Fri, Sat)
Outstanding service
genuine hospitality
myanmar national airlines
(Travel Centre)
Website: www.flymna.com




**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်ယော်[၉/မကန(နိုင်) ၀၇၉၃၈၀]၏ PP No.426445 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၉၄၃၀၀

**ပျောက်ဆုံးကြောင်း**

ဦးဘိုခင်ကျော်(ဘ) ဦးကြည်စိန် [၈/ဂဂန(နိုင်)၀၇၉၀၇၅]၏ BST လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၂၅၆၄၁၃၆၇၅

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဇော်လွင်(ဘ)ဦးဆိုင်းမွန်[၁၂/စခန(နိုင်)၀၄၈၄၉၈]၏ Passport No.M 856139 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၉၃၃၈၉၄၇

# အထူးကျေးဇူးတင်ရှိခြင်း

၂၆-၃-၂၀၁၅ရက် နံနက် ၇း၃၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားသော ဦးသိန်းဦး (Chief Engineer) အသက်(၅၃)နှစ် နာမကျန်းဖြစ်စဉ် စေတနာထား၍ ဂရုတစိုက်ကုသပေးခဲ့ကြသော ဒေါက်တာဦးဝင်းနိုင်(ပါမောက္ခ ဌာနမှူး-ခုတင်၅၀၀၊ အသည်းရောဂါအထူးကုဌာန)၊ ဒေါက်တာဒေါ်ဝင်းဝင်းဆွေ (ပါမောက္ခဌာနမှူး-အသည်းရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပဆေးရုံ)၊ ပါမောက္ခဒေါက်တာဦးကျော်ဇင်ဝေ(ကလေးအထူးကု၊ ရန်ကင်းကလေးဆေးရုံ)၊ ဒေါက်တာဦးနိုင်နိုင်ထွန်းနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ အိန္ဒိယနိုင်ငံ Medanta ဆေးရုံသို့ သွားရောက်ကုသစဉ် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော ဒေါက်တာဦးဖေသက်ထွန်း၊ ဦးဉာဏ်ဝင်းမိသားစုနှင့်သူငယ်ချင်းများအားလည်းကောင်း၊ Asia Pacific Medical Centre မှ ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ SSC ဆေးရုံမှဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလည်းကောင်း၊ စေတနာသွေးလှူရှင်များအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ ဖုန်းများဖြင့်သော်လည်းကောင်း၊ နှစ်သိမ့်အားပေးကြသော နေအိမ်သို့သက်နှံပရိက္ခရာများ၊ လှူဖွယ်ဝတ္ထုများ လာရောက်ပေးပို့လှူဒါန်းကြသော ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ဖော်ပြကြသော၊ လွမ်းသူ့ပန်းခွေပန်းခြင်းများပေးပို့ကြသော၊ နောက်ဆုံးခရီးသို့လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်ဆွေများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝကို အစမှအဆုံးတိုင် စိတ်ရောကိုယ်ပါကူညီဆောင်ရွက်ပေးကြသော ရင်နှင့်ထပ်တူ မျှဝေခံစား အားပေးနှစ်သိမ့်ကြသော ချစ်စွာသော ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၂၆၃)၊ မြေကွက်တည်နေရာအမှတ်(၂၆၃)၊ မာန်ပြေ(၆)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကျော်အေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်အေး(ဖခင်)နှင့် ဒေါ်အုန်းရှင်(မိခင်)တို့ ကွယ်လွန်နှင့်သားတစ်ဦးဖြစ်သူ ဦးစောအောင်(ဖခင်)နှင့်ဒေါ်မြင့်မြင့်ကြည် (မိခင်)တို့ ကွယ်လွန်ကြသဖြင့် ၎င်းတို့၏သားသမီးနှင့်မြေးတော်စပ်သူများဖြစ်သော (၁)ဦးကျော်ဝင်း[၁၂/သကတ(နိုင်)၀၃၂၁၀၈]၊ (၂)ဒေါ်ခင်နွဲ့[၁၂/သကတ(နိုင်)၀၁၄၇၀၉]၊ (၃)ဦးသန်းဦး[၁၂/သကတ(နိုင်)၀၃၂၄၃၄]၊ (၄)ဦးဝင်းဇော်[၁၂/ကမန(နိုင်)၀၀၃၆၀၉]၊ (၅)ဦးတင့်ဇော်[၁၂/ကမန(နိုင်)၀၀၃၇၈၀]တို့ ရှိသည့်အနက် အမှတ်စဉ်(၁၊၂၊၃၊၄)တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၁၂၉၈၄/၂၀၁၄)နှင့်(၇/၂၀၁၅)ဖြင့် ရရှိသူများဖြစ်သော ဒေါ်ခိုင်မာအောင်[၁၁/မအတ(နိုင်)၀၀၄၄၅၉]နှင့် ဦးတင့်ဇော်[၁၂/ကမန(နိုင်)၀၀၃၇၈၀]တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**(၁)နှစ်ပြည့်အလွမ်း**
**ကိုဝင်းမင်းထိုက်(ငြိမ်း) အသက်(၃၈)နှစ်**
**(Assistant Engineer,Naing Group)**၊ ဆောက်လုပ်ရေးကုမ္ပဏီ

သားချစ်တဲ့ဖေဖေ၊ မေမေနဲ့မိသားစုကို ခွဲခွာသွားတာ ၁၀-၄-၂၀၁၅ရက်မှာ တစ်နှစ်ရှိခဲ့ပြီနော်။ တစ်နေ့တစ်ရက်မှ မေ့လို့မရပါ။ ဖေဖေ၊ မေမေစိတ်ထဲမှာ သားအသက်ရှင်လျက်ရှိနေတယ်လို့ပဲ ထင်မိတယ်။ ပြန်မလာတော့မှန်းလည်းသိပါတယ်။ သားအတွက် ရည်စူးပြီးကောင်းမှုကုသိုလ်များ ပြုလုပ်ပြီး အမျှ ပေးဝေပါတယ်။ သားဖြစ်လေရာဘဝကကြားနိုင်ပါစေ၊ သိနိုင်ပါစေ၊ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ သားလေးရေ အမျှ-အမျှ-အမျှ---။

ဖေဖေ-ဦးသန်းထိုက်(ရွာသစ်ကြီးသန်းထိုက်)
မေမေ-ဒေါ်မြစန်းနှင့်ညီမငယ်များ

**(၁)နှစ်ပြည့်အလွမ်း**
**ကိုဝင်းမင်းထိုက်(ငြိမ်း) အသက်(၃၈)နှစ်**
**(Assistant Engineer,Naing Group)**၊ ဆောက်လုပ်ရေးကုမ္ပဏီ

အစ်ကိုကြီးရေ-

အစ်ကိုကြီးချစ်တဲ့ ဇနီးနဲ့သားသမီးများကို ခွဲခွာသွားတာ ၁၀-၄-၂၀၁၅ရက်မှာ တစ်နှစ်ပြည့်ခဲ့ပြီနော်။ တစ်နေ့တစ်ရက်မှ မေ့လို့မရခဲ့ပါ။ ကျန်ရစ်ခဲ့တဲ့လူမမည်သမီးလေးနှင့် သားငယ်လေးတို့ကလည်း သူတို့ဖေဖေ ယနေ့တိုင် အသက်ရှင်နေဆဲဟု ထင်မှတ်နေတုန်းပါ။ ဒါတွေတွေးမိတိုင်း လွမ်းဆွတ်မျက်ရည်ကျမိပါတယ်။ အစ်ကိုကြီးအတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှုများ အမြဲမပျက် ညီမအမျှပေးဝေပါတယ်။ အစ်ကိုကြီးရောက်လေရာဘဝက ကြားနိုင်ပါစေ၊ မြင်နိုင်ပါစေ၊ သိနိုင်ပါစေ၊သာဓု အနုမောဒနာခေါ်ဆိုနိုင်ပါစေ။ အစ်ကိုကြီးရေ အမျှ-အမျှ-အမျှ-----

ချစ်ဇနီး-နီနီနော်ဇာ၊ သမီးငယ်-ဂျင်နီ(ခ)ယုဇနရွှေရည်၊ သားငယ်-ဆန်နီ(ခ)အာကာမင်းမင်း

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာဦးကြည်ဦး**
အသက်(၇၂)နှစ်

ကွယ်လွန်သူ သူငယ်ချင်း ဒေါ်ဥမ္မာသွင်၏ ခင်ပွန်း ဒေါက်တာဦးကြည်ဦးသည် ၇-၄-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ၎င်း၏မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၄ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်
အတန်းဖော်သူငယ်ချင်းများ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်ဆွေလှ(ခ)ဒေါ်သန်းမြ(စစ်တွေ)**
အသက်(၇၇)နှစ်

သူငယ်ချင်းပါမောက္ခဒေါက်တာအေးအေးကြီး[(ပါမောက္ခ-ဌာနမှူး)၊ သွေးရောဂါအထူးကုဌာန၊ ဆေးတက္ကသိုလ်(၂)၊ မြောက်ဥက္ကလာပဆေးရုံကြီး]၏ မိခင်ကြီးဒေါ်ခင်ဆွေလှ(ခ)ဒေါ်သန်းမြသည် ၃၁-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃-၈၈ခုနှစ် ဆေးတက္ကသိုလ်(၂)မှ ချစ်သူငယ်ချင်းများ

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်သင်းသင်းဆွေ(ခ)ဒေါ်သီဂီဆွေ**
အသက်(၅၉)နှစ်
(ပထဝီဝင်-၁၉၇၈ခုနှစ်၊ မန္တလေးတက္ကသိုလ်)

ဒေါ်သင်းသင်းဆွေ(ခ)ဒေါ်သီဂီဆွေ(ပထဝီဝင်-၁၉၇၈ခုနှစ်၊ မန္တလေးတက္ကသိုလ်)သည် ၆-၄-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ပထဝီဝင်အသင်းမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဦးသိန်းလွင် အသက်(၇၀)
မြို့နယ်သမဦးစီး(ငြိမ်း)

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၁၉)နေ ဒေါ်ခင်စန်း၏ ခင်ပွန်း (ဦးသိန်းလွင်)မြို့နယ်သမဦးစီး(ငြိမ်း)အသက်(၇၀) ထန်းပင်ကုန်းရပ်ကွက်၊ ဝါတွင်းစနေပတ်ဆွမ်းလောင်းဓမ္မာရုံအဖွဲ့ နာယက၊ အောင်သုခပရိယတ္တိစာသင်တိုက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အတွင်းရေးမှူးသည် ၂-၄-၂၀၁၅(ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အောင်သုခပရိယတ္တိစာသင်တိုက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှင့်
ထန်းပင်ကုန်း ဝါတွင်းစနေပတ်ဆွမ်းလောင်းဓမ္မာရုံအဖွဲ့

# ဂျာမနီနှင့် ကစားမည့် Fed Cup ဆီမီးဖိုင်နယ်တွင် ရုရှားအသင်းနှင့် အတူ ရှာရာပိုဗာ ပါဝင်ကစားမည်



ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ယခုလအတွင်း ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် Fed Cup ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရုရှားအသင်းနှင့်အတူ ပါဝင်ကစားမည်ဖြစ်ကြောင်း ရုရှားတင်းနစ်ဖက်ဒရေးရှင်းက အတည်ပြုပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အခြားပြိုင်ပွဲအများအပြားကစားခဲ့ရခြင်းကြောင့် Fed Cup ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှု မရှိသလောက်နည်းပါးခဲ့သော်လည်း ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရုရှားနိုင်ငံ ဆိုချီမြို့၌ ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် Fed Cup ပြိုင်ပွဲတွင်မူ ရုရှားအသင်းနှင့် အတူ ပါဝင်လာမည်ဖြစ်သည်။

ဂျာမနီအသင်းတွင် ပက်ကိုဗစ်၊ ကာဘာ၊ လီဆစ်စကီးနှင့် ဂျူလီယာဂျော့တို့ ပါဝင်လာမည်ဖြစ်ကြောင်း ဂျာမနီတင်းနစ်အဖွဲ့ချုပ်က ပြောကြားခဲ့သည်။ ရုရှားနှင့် ဂျာမနီတို့သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း Fed Cup ပြိုင်ပွဲတွင် နှစ်ကြိမ်သာလျှင် တွေ့ဆုံမှုရှိခဲ့ပြီး အဆိုပါတွေ့ဆုံမှုတွင် ရုရှားက တစ်ကြိမ်၊ ဂျာမနီကတစ်ကြိမ် အသီးသီးအနိုင်ရရှိခဲ့သည်။

Fed Cup ပြိုင်ပွဲ၏ အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချက်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကိုမူ နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း မေ ၂၅ ရက် စတင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားကို မေ ၈ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

မဲခွဲပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အမှာစကားပြောကြားပြီး မြန်မာနေရှင်နယ်လိဂ်တာဝန်ခံ မစ္စတာဂျေဆင်းက ပွဲစဉ်ရေးဆွဲထားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒု-ဥက္ကဋ္ဌ ဦးတင်အောင်နှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ တာဝန်ရှိသူများက မဲနှိုက်ရေးဆွဲပေးကြသည်။ ပြိုင်ပွဲကို မေ ၂၅ ရက်တွင် စတင်မည်ဖြစ်ပြီး ပထမအဆင့်တွင် အသင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်တွင် မြန်မာနေရှင်နယ်လိဂ် အသင်း ၁၀ သင်းနှင့် ပထမအဆင့်မှအနိုင်ရသော အသင်းခြောက်သင်း စုစုပေါင်း ၁၆ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

## ဆိပ်ဖြူမြို့ ဆိပ်ကမ်းသာရေလုပ်သားများ ဝင်ငွေနည်းရာသီရောက်ရှိ

**ဆိပ်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ပိုင် ဆိပ်ကမ်းသာ ရေလုပ်သားများသည် ဧရာဝတီမြစ်နှင့် ယောချောင်းကို အခြေခံ၍ မိသားစုဝင်ငွေ ရရှိရေးအတွက် ရေလုပ်ငန်းကို အဓိကထားပြီး



နှစ်ပတ်လည် လုပ်ကိုင်လျက်ရှိရာ ရေလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၅၀ ခန့်ရှိကြောင်း သိရသည်။

တန်ခူးလမှ ဝါဆိုလကုန်အထိ ရေလုပ်ငန်းလုပ်ကိုင်ရာတွင် ဝင်ငွေရှားပါးရာသီဖြစ်ကြောင်း သိရှိရပြီး ဝါခေါင်လမှ တပေါင်းလထိရေလုပ်ငန်းလုပ်ကိုင်ချိန်တွင် ငါးဖမ်းရာမှ ရရှိငွေ တစ်နေ့လျှင် ဝင်ငွေ ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ခန့်ထိရရှိခဲ့ကြောင်း၊ ဝင်ငွေရှားပါးချိန်ဖြစ်သည့် တန်ခူးလမှ ဝါဆိုလအထိ တစ်နေ့ဝင်ငွေ ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိသာ မိသားစုဝင်ငွေရရှိကြောင်း၊ ဝင်ငွေရှားပါးချိန်တွင် ရေလုပ်သားများသည် ယခင်က စုဆောင်းထားသည့်ငွေများကိုလည်းကောင်း၊ ဧရာဝတီမြစ်ဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် ဘိလပ်မြေသင်္ဘောများမှ ဘိလပ်မြေအိတ်ထမ်းလုပ်ငန်းများနှင့် ကိုင်းစိုက်ပျိုးရေးလုပ်ငန်းများတွင် သူရင်းငှားလုပ်သားအဖြစ် လည်းကောင်း သွားရောက် လုပ်ကိုင်ခဲ့ရကြောင်း၊ ငါးဖမ်းရာတွင်လည်း ညနေ ၆ နာရီမှ နံနက် ၅ နာရီခွဲခန့်ထိ ဧရာဝတီမြစ်အတွင်းတွင် တစ်ညလုံးဖမ်းယူရပြီး ရရှိငါးများကို ပတ္တမြားဈေးအတွင်း သွားရောက် ရောင်းချရကြောင်း၊ နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိ ဖမ်းယူရရှိသောငါးများကို ဆိပ်ဖြူမြို့ ယောဝရပ်ကွက် ညနေဈေးတွင် သွားရောက် ရောင်းချရကြောင်း သိရသည်။

ငါးဖမ်းရာတွင် အစုအဖွဲ့လိုက် ဖမ်းဆီးလေ့ရှိကြရာ တစ်ဖွဲ့လျှင် သုံးဦးမှ ငါးဦးထိ စုပေါင်းလုပ်ကိုင်ပြီး ငါးမျိုးစိတ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ဝါယာရှော့တိုက်ဖမ်းခြင်းလုပ်ငန်းများကို ရှောင်ရှားခဲ့ကြပြီး ရေလုပ်သားအချင်းချင်း ဝါယာရှော့တိုက်ဖမ်းဆီးခြင်း မရှိစေရေးတို့ကိုလည်း အသိပညာပေးလျက်ရှိသည်။ ဝါယာရှော့ တိုက်ဖမ်းဆီးမှုများရှိပါက ရေလုပ်သားများက ပူးပေါင်း၍ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

## ယနေ့မာတိကာ

တူညီသည့် ပန်းတိုင် အတူလျှောက်လှမ်း
စာမျက်နှာ - ၂

အိန္ဒိယတွင် လေယာဉ်မှူးများ၏ စိတ်ကျန်းမာရေး ပိုမိုစစ်ဆေးရန် တောင်းဆို
စာမျက်နှာ - ၁၁

မန်ချက်စတာညချမ်းမှာ အနိုင်ရလဒ်ကို ဘယ်အသင်း ဆောင်ကြဉ်းနိုင်မလဲ
စာမျက်နှာ - ၁၃

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

